
www.burmeseclassic.com




BURMESE CLASSIC
www.burmeseclassic.com

www.burmeseclassic.com

## ဒို့တာဝန်အရေးသုံးပါး

ပြည်ထောင်စုမပြိုကွဲရေး ဒို့အရေး
တိုင်းရင်းသားစည်းလုံးညီညွတ်မှုမပြိုကွဲရေး ဒို့အရေး
အချုပ်အခြာအာဏာတည်တံ့ခိုင်မြဲရေး ဒို့အရေး

## ပြည်သူ့သဘောထား

ပြည်ပအားကိုးပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ
နိုင်ငံတော်တည်ငြိမ်ရေး နိုင်ငံတော်တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ
နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက်နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ
ပြည်တွင်းပြည်ပ အဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ

## နိုင်ငံရေးဦးတည်ချက်(၄)ရပ်

နိုင်ငံတည်ငြိမ်ရေး၊ ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေး
အမျိုးသားပြန်လည်စည်းလုံးညီညွတ်ရေး
ခိုင်မာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ် ပေါ်ထွန်းလာရေး
ဖွဲ့စည်းပုံအခြေခံဥပဒေသစ်နှင့်အညီ ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ်တစ်ရပ် တည်ဆောက်ရေး

## စီးပွားရေးဦးတည်ချက်(၄)ရပ်

- စိုက်ပျိုးရေးကို အခြေခံ၍ အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
- ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာ ဖြစ်ထွန်းလာရေး
- ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့်အရင်းအနှီးများ ဖိတ်ခေါ်၍ စီးပွားရေးဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
- နိုင်ငံတော်စီးပွားရေး တစ်ရပ်လုံးကို ဖန်တီးနိုင်မှုစွမ်းအားသည် နိုင်ငံတော်နှင့် တိုင်းရင်းသားပြည်သူများ၏ လက်ဝယ်တွင်ရှိရေး

## လူမှုရေးဦးတည်ချက်(၄)ရပ်

တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တ မြင့်မားရေး
အမျိုးဂုဏ် ဇာတိဂုဏ်မြင့်မားရေးနှင့် ယဉ်ကျေးမှုအမွေအနှစ်များ အမျိုးသားရေးလက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး
မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေး
တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး


သစ္စာမွန်စာပေတိုက်
၂၁၁၊ ဒုတိယသပ်၊ (၁၂)လမ်းအထက်
ပန်းပဲတန်းမြို့နယ်၊ ရန်ကုန်မြို့
ဖုန်း – ၀၁ – ၅၄၁၄၂


# ရွှေဘဝင်

ဥပေက္ခာဆူး

(အချစ်နှင့် စွန့်စားမှု လုံးချင်းဝတ္ထုသန့်သန့်)

www.burmeseclassic.com

www.burmeseclassic.com

# ပုံနှိပ်မှတ်တမ်း


ထုတ်ဝေခြင်း - ၂၀၁၄-ခုနှစ်၊ ဇူလိုင်လ၊ ပထမအကြိမ်
အုပ်ရေ - ၅၀၀
တန်ဖိုး - (၁၀၀) ကျပ်
ထုတ်ဝေသူ - ဦးသက်လွင် (သစ္စာမွန်စာပေ)
အမှတ် (၃၈)၊ မလွှကုန်းလမ်း၊
တျောက်ပြောင်း၊ တာမွေ။
အတွင်းနှင့် - ဒေါ်အိမွန်သက်လွင် (မြ-၀၀၀၄၂)
မျက်နှာဖုံးပုံနှိပ်သူ - သစ္စာမွန်ပုံနှိပ်တိုက်၊ အမှတ်(၁၀၆)၊
တာမွေလမ်း၊ တာမွေကြီး(က+ခ)ရပ်ကွက်
တာမွေမြို့နယ်၊ ရန်ကုန်မြို့။
မျက်နှာဖုံးပန်းချီ - Lလင်း
ကွန်ပျူတာ - အောင်ကျော်ကျော် (ခရီးသည်)
ဖြန့်ချိရေး - ကျူးကျူး (သစ္စာမွန်)
အပြင်အဆင် - ကိုအောင်ကျော်
စာအုပ်ချုပ် - သစ္စာမွန်

သစ္စာမွန်(T.S.M)Publishing Centreမှတာဝန်ယူစီစဉ်ပါသည်။

၈၉၅.၈၃
ရွှေဘဝင်
ဥပေက္ခာဆူး / ရွှေဘဝင် - ရန်ကုန်
သစ္စာမွန်စာပေ၊ ၂၀၁၄။
၂၁၈-စာ၊ ၁၂×၁၈ စင်တီ။
(၁) ဥပေက္ခာဆူး


BURMESE CLASSIC

"ဟူး. . . တော်ပါသေးရဲ့"

ရည်စူးတွယ်တာ. . ကားထိုးရပ်ပြီး အဝေးဆီမှ ရိုက်ကွင်းကိုလှမ်းကြည့်လိုက်တော့. . ရှုတင်က မစသေးပေ။ ဗီဒီယိုရိုက်ကွင်းနှင့်ပတ်သက်ပြီး ရည်စူးတွယ်တာနဲ့သက်ဆိုင်ခြင်းမရှိပေမယ့်. . သူက ဂျာနယ်သတင်းထောက်တစ်ယောက်မို့ ယနေ့ရိုက်ကွင်းကို စိတ်ဝင်စားစွာနှင့် ရောက်လာခဲ့ခြင်းဖြစ်သည်။

ဒီနေ့ရိုက်ကူးမည့်အခန်းက သာမန်ဇာတ်ဝင်ခန်းတော့မဟုတ်။ အဆက်တစ်ခုနှင့်ရင်းပြီး ရိုက်ကူးရမည့်ဇာတ်ဝင်ခန်းတစ်ခုပင်ဖြစ်သည်။

မင်းသားကိုယ်တိုင် စွန့်စွန့်စားစားရိုက်မှာတော့မဟုတ်. . လူစားထိုးပြီး ရိုက်ကူးရမည့်အခန်းဆိုပေမယ့်. . လွန်စွာအန္တရာယ်ကြီးသော ဇာတ်ဝင်ခန်းပင်ဖြစ်သည်။

စတန့်မင်းသား အာရုံ့ရုံနှင့်ပတ်သက်ပြီး ရည်စူးတွယ်တာကြားဖူးနေတာ ကြာပြီဖြစ်ပေမယ့် လူကိုတော့ တစ်ခါမှမတွေ့



www.burmeseclassic.com

www.burmeseclassic.com



ဘူးခဲ့ပေ. . ဒါကြောင့် ဒီနေ့လက်လွတ်မခံဘဲ ရောက်အောင်လာခဲ့ခြင်းဖြစ်သည်။

ကင်မရာအိတ်ကိုလွယ်ကာ ရိုက်ကွင်းဘက်သို့လျှောက်လာရင်း ရိုက်ကွင်းကို ဝေးကြည့်လိုက်တော့. .

"ဘုရားသခင်. . ."

မြင်နေရတဲ့မြင်ကွင်းက တကယ်ပင် အသည်းတုန်စရာမြင်ကွင်း. . အလယ်ခေါင်တည့်တည့်တွင် ပြုတ်ကျနေသော တံတားကြီးကို ဆိုင်ကယ်နှင့်ကျော်ဖြတ်ပြီး တစ်ဖက်တွင်ရှိသော မီးပုံကြီးကို ဖြတ်ပြီးကျော်ရဦးမှာဖြစ်သည်။

"ဒီလူကိုယ့်ကိုယ်ကိုများ သေကြောင်းကြံနေတာလား. ."

စိတ်ထဲတွင်ပြောလိုက်ပြီး ထိုမြင်ကွင်းများကို ဓါတ်ပုံရိုက်ရန် ပြင်လိုက်စဉ်. . .

"မင်းဘာလုပ်တာလဲ"

"အယ်"

ရည်စူးတွယ်တာ နောက်မှ အသံရှင်ကိုကြည့်လိုက်တော့ ခပ်ပိန်ပိန်အသားမည်းမည်း လူကြမ်းရုပ်နဲ့လူကိုတွေ့လိုက်ရသည်။

"ဓါတ်ပုံရိုက်မလို့လေ. . ."

"မင်းကို ဘယ်သူကခွင့်ပြုလို့လဲ. . ."

"ဘယ်သူ့မှခွင့်ပြုစရာမလိုဘူး"

"ဘာကွ. ."





"ကျွန်မက သတင်းထောက်. . လွတ်လပ်စွာသတင်းဓါတ်ပုံရိုက်ခွင့်ရှိတယ်. . ရှင်စာတတ်ရင် လည်ပင်းမှာဆွဲထားတဲ့ကတ်ကိုကြည့်. . ဟွန်း"

ငနဲရှေ့ကို သတင်းထောက်ကတ်လေးကို ရင်ကော့ပြီး ပြလိုက်သည်။

"မင်းဘာသာမင်း သတင်းထောက်ဖြစ်ဖြစ် ဘာဖြစ်ဖြစ် ဒီမှာဓါတ်ပုံရိုက်ခွင့်မရှိဘူးကွ. . ."

"ရှင် သတင်းထောက်တစ်ယောက်ရဲ့လုပ်ပိုင်ခွင့်ဥပဒေကို နားမလည်ဘူးနဲ့တူတယ်. . နားလည်မယ့်ရုပ်လည်းမဟုတ်ပါဘူး"

"မင်း ဘာစကားပြောတာလဲ. ."

"မြန်မာစကားလေ. . ."

"တောက်. . ."

"ဘာလဲ. . ရှင်က ဒေါသနဲ့ခြိမ်းခြောက်တာလား. . . ရည်စူးတွယ်တာကို ဒါမျိုးလာပြီးလုပ်လို့မရဘူး. . အဲ့ရတ်စစ်ပွဲတောင်သတင်းသွားယူမလို့ ဗီဇာမရလို့. . ဒီလိုဘာမဟုတ်တဲ့ ဗီဒီယိုရိုက်ကွင်းလောက်တော့ စာမဖွဲ့ဘူး. . ."

"မင်း ရှေ့ဆက်ပြီးမသွားနဲ့"

"ရှင်တို့ဗီဒီယိုရိုက်နေတာလား. . ဒုစရိုက်လုပ်ငန်းတစ်ခု လုပ်နေတာလား. . မရိုးသားရင်တော့ သတ်ဆိုင်ရာကို အကြောင်းကြားလိုက်မယ်. . ."



www.burmeseclassic.com

www.burmeseclassic.com



"ငပိန်. . ဘာဖြစ်နေတာလဲ"

"ဟာ. . ဒီမှာ"

"တော်. . တော်. . ငါအားလုံးကြားတယ်. . မင်းသွားတော့. ."

အသက်(၅၀)ဝန်းကျင်လောက်. . အရပ်ထောင်ထောင် မောင်းမောင်းလူကြီးတစ်ယောက်. . ရည်စူးတွယ်တာနားကို ရောက်လာပြီး. . .

"အန်ကယ် တောင်းပန်ပါတယ် မိန်းကလေး. . မင်းလွတ်လွတ်လပ်လပ်သတင်းယူနိုင်ပါတယ်. . ."

"ကျေးဇူးတင်ပါတယ် အန်ကယ်. . မြန်မာလူမျိုးတွေပဲရှင် ပြေပြေလည်လည်စကားပြောရင် အဆင်ပြေနိုင်ပါတယ်. . လူမိုက်လိုလိုတော့လာမလုပ်နဲ့. . ဟွန်း"

"မိန်းကလေးက ဒေါသကြီးတတ်တာပဲကိုး. . ."

"ဒေါသထွက်အောင်လုပ်တဲ့သူရှိလို့ပါ၊ ကျွန်မတို့ ဂျာနယ်သတင်းထောက်တွေထဲမှာ ရည်စူးတွယ်တာဆိုတာ သဘောလည်းကောင်း ရုပ်လည်းအချောဆုံး. . မယုံရင်မေးကြည့်"

"မေးမကြည့်တော့ပါဘူးဗျာ. . ယုံပါတယ်. . မင်း နာမည်က ရည်စူးတွယ်တာနော်. . ."

"ဟုတ်ကဲ့. . ဒီမှာ သက်သေခံကတ်ပြား"

ရည်စူးတွယ်တာ စကားကို ထိုလူကြီးပြုံးစစ်နှင့်ကြည့်ပြီး





ကျွန်ရစ်ခဲ့လေသည်၊ ထိုလူကြီးဆိုသူမှာ မင်းအာရှ ရုပ်ရှင်ဗီဒီယိုထုတ်လုပ်ရေး ကုမ္ပဏီပိုင်ရှင်တစ်ယောက်. . ချမ်းသာကြွယ်ဝမှုက မြန်မာနိုင်ငံတွင် ထိပ်တန်းသူဌေးတစ်ဦးဖြစ်သလို. . ယခုလုပ်ကိုင်နေသော ရုပ်ရှင် ဗီဒီယိုလုပ်ငန်းသည် ဝါသနာကြောင့်ပင်ဖြစ်သည်။

ရှုတင်က စတော့မှာဖြစ်တာကြောင့် ရည်စူးတွယ်တာက ကင်မရာကိုအသင့်နေရာတွင်ပြင်ထားပြီး. . အာရှံဖုံဆိုသူကို ရှာဖွေမိသည်။

ခုထိတော့အရိပ်အယောင်ပင်မတွေ့ရသေးပေ. . .

"အယ်"

ရိုက်ကွင်းနေရာဆီသို့ ကားတစ်စီးမောင်းဝင်လာတာကို တွေ့လိုက်ရတာကြောင့် မြင်ကွင်းကို စိုက်ကြည့်နေစဉ် ကားပေါ်မှ ကြွေရုပ်ကလေးလားမှတ်ရတဲ့ အမျိုးသမီးငယ်တစ်ယောက်ဆင်းလာသည်. . မင်းသမီးတော့မဟုတ်. .

"ဝူး"

"ဟာင်"

လည်သာအနက်ဝတ်စုံနှင့် ဆိုင်ကယ်သမားကို တွေ့မှ ရည်စူးတွယ်တာရှာဖွေနေသော စတန့်မင်းသား အာရှံဖုံဆိုသူကို တွေ့လိုက်သဖြင့် ကင်မရာနှင့်ဓာတ်ပုံရိုက်ယူလိုက်သည်။ တကယ်လို့များ အခုရိုက်ကွင်းတွင် အာရှံဖုံတစ်ခုခုသာဖြစ်ခဲ့ရင်. . .

www.burmeseclassic.com



ရည်စူးတွယ်တာအတွက် သတင်းဓါတ်ပုံကောင်းတစ်ခုကို ရလိုက်သူဖြစ်မှာသေချာသည်။

လွန်စွာအဖိုးတန်လှသော အားကြီးပေါ်မှ တွေ့ရုပ်မလေးက အာရုံဖုံနားကို ကပ်သွားပြီး ဘာတွေပြောနေသလဲမသိ. . . ရည်စူးတွယ်တာကတော့ ဓါတ်ပုံဖြင့် မှတ်တမ်းတင်ထား သည်။

"ဖုံ. . ."

"ပြောပါ ဦးနန္ဒစည်"

"လက်မှတ်ထိုးမှာလား"

"ကျုပ်ဘက်တကတိပြုထားပြီးရင် နောက်မဆုတ်တတ်ဘူး"

"ဒါမျိုးမှ ငါကကြိုက်တာ. . ကဲ မိုးအောင်. . သဲတမ်းစာချုပ်ယူခဲ့. . ."

"ဟုတ်ကဲ့"

"ကိုဖုံ"

"သမီး. . ဒယ်ဒီလုပ်နေတဲ့အလုပ်ကိစ္စမှာ ဝင်ပါတာမကြိုက်ဘူးနော်. . ."

မင်းအာရုံကုမ္ပဏီကြီးပိုင်ရှင် ဦးနန္ဒစည်၏ တစ်ဦးတည်းသောသမီး မေဝတီဆူးတစ်ယောက် အာရုံဖုံကို စိုးရိမ်သောမျက်လုံးစုံဖြင့်ကြည့်ပြီး ဘာမှမပြောနိုင်ချေ။

အာရုံဖုံက ရှေ့တွင်လာပြီးချပေးသော သဲတမ်းစာချုပ်တွင် လက်မှတ်ရေးထိုးပြီး မေဝတီဆူးဘက်ကို လှည့်ကာ. . .





"ဆူး. . ဘာမှမစိုးရိမ်နဲ့. . ဖုံ့အတွက် သွေးပူလေ့ကျင့်ခန်းလေးတစ်ခုလောက်ပါပဲ. . ကဲ. . ဦးနန္ဒစည်စကြရအောင်"

"OK ဟော့ကောင် မိုးအောင်. . ဒါရိုက်တာကိုပြောလိုက်စမယ်. . ."

"ဟုတ်"

ရိုက်ကွင်းအတွက် ကင်မရာများကို ပြင်ဆင်နေချိန်တွင် မေဝတီဆူးတစ်ယောက် ထိုမြင်ကွင်းကို လုံးဝမကြည့်ရဲတာကြောင့် ကားဘက်သို့ပြန်ကာ မျက်လုံးစုံမှိတ်ပြီးနေလေသည်။

ရည်စူးတွယ်တာကတော့ အသက်ဖင်မရှုနိုင်ဘဲ ကင်မရာကို အသင့်ပြင်ထားလိုက်သည်။

"ကပ်"

"အက်ရှင်. . ."

အာရုံဖုံနောက်မှကားနှစ်စီးထိုးလိုက်လာသည်။

ဇာတ်လမ်းသဘောအရ လူဆိုးနှစ်တွေက မင်းသားနောက်ကို လိုက်လာခြင်းဖြစ်သည်။ မင်းသားအစားဝင်ပြီး သရုပ်ဆောင်သော အာရုံဖုံမှာ ဆိုင်ကယ်ကို ကျွမ်းကျင်စွာစီးလာပြီး တံတားဖျက်ကိုစပြီးကျော်လိုက်ခြင်းဖြစ်သည်။

"ဘုရားသခင် ကယ်မတော်မူပါ. . ."

ရည်စူးတွယ်တာ ကင်မရာထဲမှမြင်ကွင်းကိုကြည့်ပြီး မယုံကြည်နိုင်လောက်အောင်ဖြစ်သွားလေသည်။



www.burmeseclassic.com

www.burmeseclassic.com



"ဝုန်း"

ဆိုင်ကယ်မှာ ရှေ့တွင်ရှိထားသော မီးပုံကြီးကိုပါ ဖြတ်ကျော်ချိန်တွင်. . .

"ဟင်"

အာရုံဖုံး၏ ခြေထောက်တွင် မီးစများကပ်ပြီးပါသွားတာကို ဝါ တွေ့မြင်လိုက်ရသည်။

"ကပ်"

ဒါရိုက်တာမှ ကတ်ကိုချလိုက်တာကြောင့်. . .

"ဘာဖြစ်လို့လဲ"

ဦးနန္ဒစည်မှ ဒါရိုက်တာကို လှမ်းပြီးမေးလိုက်သည်။

"ရိုက်ကွင်းကပ်က ပြီးသွားပြီလေ. . ."

"ဩော်"

ဦးနန္ဒစည်စကားဆက်ပြီးမပြောပေမယ့် သူ့မျက်နှာတွင် သိပ်ပြီး ကျေနပ်ဟန်တော့မပြပေ. . .

အာရုံဖုံခြေထောက်တွင် ကပ်ပါလာသော မီးစတွေကို ငြိမ်းသတ်ပြီး ပြန်ထွက်လာသည်နှင့်. . .

"ဖုံ"

"ဆူး"

"ဘာဖြစ်သေးလဲဟင်"

"ဘာမှမဖြစ်ပါဘူး. . ခြေထောက်ကို မီးနည်းနည်းစွဲသွား





တာပါ. . ဘောင်းဘီပဲမီးထိတာပါ. . အသားကတော့ဘာမှ မဖြစ်လောက်ပါဘူး. . ."

"ဖုံရယ်. . ."

မေဝတီဆူး ရင်မောသော မျက်လုံးစုံဖြင့် ကြည့်နေမိလေသည်။

"ရော့. . ငွေ"

ဦးနန္ဒစည်မှ ငွေထုပ်ကို အာရုံဖုံထံကို လှမ်းပေးပြီး. . .

"ရေကြည့်ဦးလေ. . ."

"ရေစရာမလိုပါဘူး. . ဦးနန္ဒစည်ရဲ့ဂုဏ်သိက္ခာကို ယုံပြီးသားပါ. . ."

"ဒါဆိုလည်း ပြီးတာပဲ. . သမီးသွားမယ်"

"ဖုံ. . သွားမယ်နော်. . ."

"ကောင်းပါပြီ ဆူး. . နောက်မှဆုံကြတာပေါ့"

အာရုံဖုံငွေထုပ်ကို ပိုက်ကာ ဆိုင်ကယ်ကို ပြန်ပြီးစစ်ဆေးနေစဉ်. . .

"ဒီ. . ဒီမှာ"

"ဘာလဲ အမိ"

"ကျွန်မက သတင်းထောက်ပါ"

"မင်းမပြောလည်း မင်းလည်ပင်းမှာဆွဲထားတဲ့ ကတ်ပြားကြည့်တာနဲ့သိပါတယ်. . ."



www.burmeseclassic.com

www.burmeseclassic.com



"ဒါဆို . . ရှင်နဲ့ ခဏလောက်အင်တာဗျူးလို့ရမလား"

"ကျုပ် အင်တာဗျူးတာဝါသနာမပါဘူး . . ."

"ကျွန်မ အင်တာဗျူးတာ ရှင့်နာမည်အတွက်ပါ"

"ပိုပြီးတောင်စိတ်မဝင်စားဘူး . . ."

"ဟင်"

"ကျုပ်က နာမည်ကျော်ကြားချင်တဲ့လူမဟုတ်ဘူး . . စတန့်အလုပ်ကို ဝါသနာပါလို့လုပ်နေတာ . . ."

"ဒါဆိုလည်း နည်းနည်းလောက်တော့ ဗျူးချင်တယ် . . ."

"မင်းဈေးဆစ်လှချည်လား . . ဒါ အရောင်းအဝယ်လုပ်နေတာမဟုတ်ဘူး . . ."

"ဟုတ်ပါတယ် . . ရှင့်ဆီက စကားလေးအနည်းငယ်လောက်သိရရင်ရပါပြီ . ."

"ခု . . မင်းနဲ့ပြောနေတာ စကားတွေပဲလေ . . ."

"ဒီစကားတွေမဟုတ်ဘူး"

"ကျုပ် မြန်မာစကားကလွဲပြီး တခြားစကားတွေမတတ်ဘူး"

ရည်စူးတွယ်တာ သတင်းထောက်သက်တမ်းစာစ်လျှောက်မှာလူများတွေ့ပေါ်မှာ စကားနှင့်အနိုင်ကျင့်ခဲ့သလောက် အာရုံနှင့်တွေ့မှ ဆွံ့အသလိုဖြစ်သွားရသည်။

"ပြေပြေလည်လည် လုပ်စမ်းပါရှင် . . ."



"မင်းတော့ခက်နေပြီ"

"မခက်ပါဘူး . . ရှင့်ဘက်က ဘဝင်လေးလျှော့လိုက်ရင် ဖြစ်ပါတယ် . ."

"မင်းက ကျုပ်ကို ဘဝင်မြင့်တယ်လို့ ဆိုလိုတာလား"

"ဟုတ်တယ်လေ . . ရှင်ဘဝမြင့်လို့ ခုလိုပြောနေတာပေါ့"

"ကျုပ် ဘဝင်မြင့်တာမဟုတ်ဘူး . . သတင်းဂျာနယ်တွေနဲ့ မပတ်သက်ချင်တာ . . ဒါပဲ . . ."

"ရှင်နဲ့သတင်းထောက်တွေနဲ့ ရန်ဖြစ်ဖူးလို့လား"

"မင်းစကားတယ်ပြီး ကပ်ပါလား . . ကဲ . . မင်းဘာသိချင်လဲ မေး . . ."

"ဒီလိုလုပ်စမ်းပါ . . ရှင် ဒီစတန့်အလုပ်ကိုလုပ်တာ ကြာပြီလား . . ."

"ကျုပ်ဒီစတန့်အလုပ်ကို အမေ့ဗိုက်ထဲမှာကတည်းကလုပ်လာတာ . . ."

"ရှင်"

"မင်း . . ဒါသိချင်တာမဟုတ်လား . . သွားပြီ"

ရည်စူးဝွယ်တာ ဘာပြောရမှန်းမသိဖြစ်နေချိန်တွင် အာရုံရုံ ဆိုင်ကယ်ကို စက်နှိုးပြီး ထွက်သွားလေပြီဖြစ်သည်။



www.burmeseclassic.com

www.burmeseclassic.com

“ဒီတစ်ခါတော့ တွယ်တာ. . နင်ခံလိုက်ရပြီပေါ့. . ”

“ဒီလူကို ငါမကျေနပ်ဘူး”

“တွယ်တာ. . နင်တာမကျေနပ်လို့ ဘာသွားပြီးလုပ်မှာလဲ”

ရည်စူးတွယ်တာနှင့်လုပ်ဖော်ကိုင်ဖက် မေမြတ်နိုးက မျက်လုံးလေးပြူးပြီးမေးတာကြောင့်. . .

“တစ်ခုခုတော့လုပ်ရမှာပေါ့. . . ”

“ဟယ်. . တွယ်တာရယ်. . မဟုတ်တာတွေတော့ မလုပ်ပါနဲ့ဟာ. . သူ့ဘက်က သတင်းဂျာနယ်တွေနဲ့ကင်းကင်း ရှင်းရှင်း နေချင်တာပဲဟာ တော်ကြာ. . ကျော်မကောင်းကြား မကောင်းတာငေ့ ဖြစ်နေမှဖြင့်. . . ”

“ကျော်မကောင်းကြားမကောင်းတာတွေ ဖြစ်ရအောင် ငါကဘာသွားလုပ်မှာမို့လို့ နင်တာပြောနေတာလဲ”

“မသိဘူးလေ နင့်ပုံက နပန်းမဲဖက်ပြီးချမယ့်ပုံပေါက်လို့”

“နိုး. . နိုး. . ငါက ဒီလိုမျိုးလုပ်ပါ့မလားဟ”

“နင်လုပ်မှာက ဘာလဲ”





“ခုတော့မပြောတတ်သေးဘူး. . စဉ်းစားရဦးမယ်”

“ငါတော့ရင်လေးတယ်. . ဒါနဲ့ အာရုံဇုံက ချောလား”

“သိဘူး”

“ကောင်မရယ်. . လူကိုယ်တိုင်တွေ့ပြီးထားတောင် ချောတယ်. . မချောဘူးဆိုတာကိုမပြောတတ်ဘူးလား”

“ဟုတ်တယ်. . မပြောတတ်ဘူး”

“ဒါတော့မဖြစ်နိုင်ဘူး. . နင်လျှို့တာပဲဖြစ်မယ်”

“အံမာ. . လျှို့ရအောင် သူနဲ့ငါက ဘာမို့လို့လဲ”

“မသိဘူးလေ. . နင်က ပြောမှမပြောတာကို”

“မပြောတာက မပြောချင်လို့”

“မပြောချင်တဲ့အကြောင်းကရော. . . ”

“အမြင်ကပ်လို့”

“အဲဒါ. . ဇာတ်လမ်းအစပဲ”

“ဘာ ဇာတ်လမ်းအစလဲ. . ကောင်မစုတ်”

“နင့်ရင်ထဲမှာ အမြင်ကပ်ခြင်းဟာ ရင်ခုန်ခြင်းတစ်မျိုးလို့ ဘာသာပြန်လို့ရတယ်”

“နင့်သေတဲ့အထိမှတ်ထား. . တွယ်တာဆိုတဲ့ငါ့ရဲ့ နှလုံးသားမှာ ယောက်ျားတွေကို ရင်ခုန်တာမရှိဘူး”

“တွယ်တာနင့်စကားတွေကို ပြန်ပြီး ရုပ်သိမ်းလိုက်ဦးနော်”

“မသိမ်းနိုင်ဘူး. . ”



www.burmeseclassic.com

www.burmeseclassic.com



"တော်ကြာကျမှ . . အာရုံခံရဲ့နှလုံးသားခြေရင်းမှာ ဝပ်နေရမယ်"

"သေတောင်မဝပ်ဘူး . . တကယ့်ကို မုန်းဖို့ကောင်းတဲ့လူ"

"ချစ်ခြင်းအစ အမုန်းကတဲ့ . . ."

"သေလိုက်"

"ဟား ဟား ဟား . . ."

မမြတ်နိုးတစ်ယောက် အားပါးတရရယ်နေလေသည်။

"ဒါနဲ့ နင်သတင်းမှတ်တမ်းဖလင်ကူးပြီးပြီလား"

"မကူးရသေးဘူး . . ဖလင်ဆေးခန်းမှာ တခြားသတင်းဓါတ်ပုံတွေမပြတ်သေးလို့ . . ငါ့သတင်းက ဒီတစ်ခါတော့ ရှယ်ပဲ"

"တွယ်တာ"

"ဘာလဲဟ"

"အာရုံခံ့ ဓါတ်ပုံလေးကို ငါ့ကိုပြဦးနော် . . ."

"ဂျာနယ်မှာပါတော့ကြည့်"

"နင်ကလည်း ကပ်စေးနည်းလိုက်တာ . . ပြပါဟာ"

"မပြနိုင်ဘူး"

"ညနေကော်ဖီတိုက်မယ်"

"အင်း . . ဒါဆိုရင်တော့ စဉ်းစားမယ်"

"တကထဲ . . သူ့ကိုယ်ပိုင်အာရုံခံကျနေတာပဲ၊ ကဲလွန်းတယ်"





"ကဲကဲပဲဟော့ . . ."

ကင်မရာလေးကို လွယ်ပြီး အခန်းထဲမှထွက်မည်အပြု . . .

"တွယ်တာရေ"

"ရှင် . . ကိုအောင်ဇော်"

"မန်နေဂျာက သူ့အခန်းကိုခဏလာခဲ့ပါတဲ့"

"ကိုအောင်ဇော် . . ဘာဖြစ်လို့လဲ"

"ငါလည်းမသိဘူး . . သူက နင့်ကိုပဲခေါ်ခိုင်းလိုက်တာ သွားလိုက်ဦး"

"အင်း"

ကိုအောင်ဇော်ထွက်သွားသည်နှင့် အပေါ်ထပ်ရှိ မန်နေဂျာ ဦးလွင်အောင်အခန်းသို့ တက်ခဲ့လေသည်။

မန်နေဂျာဦးလွင်အောင် အခန်းထဲရောက်တော့ . . .

"တွယ်တာ . . ထိုင်ဦး"

"ဟုတ်ကဲ့ . . ဘာကိစ္စများရှိလို့လဲ ဆရာ . . ."

"တခြားကိစ္စတော့မဟုတ်ပါဘူး . . မနေ့က မင်းဗီဒီယို ရိုက်ကွင်းတစ်ခုက သတင်းမှတ်တမ်းယူလာတဲ့ ဓါတ်ပုံတွေ ကူးပြီးပြီလား . . ."

"မကူးရသေးဘူး . . ဖလင်ခန်းထဲမှာ ရှိနေပါတယ် . . ."

"အေး . . ဒါဆိုမကူးနဲ့တော့"

"ရှင် . . ."

www.burmeseclassic.com



"ဒီဖလင်ကို ဆရာ့ကိုလာပြီးပေး. . ."

"ဟင်. . ဘာဖြစ်လို့လဲဆရာ"

"ဘာကြောင့်လဲဆိုတာတော့ ဆရာရှင်းပြလို့မရဘူး၊ မန်နေဂျာချုပ်က ဒီဖလင်ကိုလုံးဝမကူးဘဲ သူ့ဆီကို လာပို့ခိုင်းလို့"

"ဆရာ. . ."

"တွယ်တာ. . ဆရာ့ကို ဘာမှအတွန့်တက်မနေနဲ့. . ဖလင်လိပ်ကိုသွားယူပြီး ဆရာ့ဆီကိုလာပြီးပို့. . ."

ရည်စူးတွယ်တာ ဘာကိုမှနားမလည်နိုင်အောင်ဖြစ်သွားသည်။ မန်နေဂျာဦးလွင်အောင်စကားကို အတွန့်မတက်ချင်တာနဲ့ ဖလင်ခန်းထဲသို့ဝင်လာခဲ့ပြီး ဖလင်လိပ်ကိုယူ၍ ထွက်ခဲ့စဉ်. . .

"တွယ်တာ. . ဘာဖြစ်တာလဲ"

"တကယ် စိတ်ပျက်ဖို့ကောင်းတယ်. . ."

မေမြတ်နိုး သူ့ဘေးကိုကပ်ပြီး နားမလည်စွာနှင့် မေးနေလေသည်။

"ဘာတွေဖြစ်ပြန်ပြီလဲ တွယ်တာရယ်. . ."

"ဘာတွေဖြစ်သလဲဆိုတာ ငါလည်းမပြောတတ်ဘူး၊ မနေ့က ငါရိုက်ခဲ့တဲ့ အာရုံဖုံရဲ့သတင်းဓါတ်ပုံဖလင်လိပ်ကိုယူခဲ့ပါတဲ့"

"ဟယ်. . ရှော့များရှိလို့လား. . ."

"ငါထင်တယ်. . ဒီ ဓါတ်ပုံဖလင်လိပ်ဟာ. . ရှော့တစ်ခုခုပဲ မန်နေဂျာချုပ်ကိုယ်တိုင်တော့င်းတာ. . ."





"တွယ်တာ. . ငါတစ်ခုတော့ထင်တယ်. . ."

"နင်က ဘာကိုထင်တာလဲ"

"ဟို. . ဟို. . မင်းအာရုံဗီဒီယိုထုတ်လုပ်ရေး ဦးနန္ဒစည်နဲ့များ ပတ်သက်နေမလား. . ."

"ဖျောက်"

ရည်စူးတွယ်တာ လက်ဖျောက်တစ်ချက်တီးလိုက်ပြီး. . .

"သေချာလောက်တယ်. . ."

"ဒါနဲ့. . သူကကြည်ကြည်ဖြူဖြူခွင့်ပြုစာယ်ဆို"

"သူခွင့်ပြုတာက ရိုက်ကွင်းမှာ. . ငါကြမ်းမှာကြောက်ပြီး ခွင့်ပြုတာလေ. . မန်နေဂျာချုပ်ဆီကို အကြောင်းကြားပြီး ဖလင်တို ပြန်ပြီး သိမ်းခိုင်းတာနေမှာပေါ့. . ."

"ရိုက်ကွင်းမှာ ဘာတွေလျှို့ဝှက်စရာရှိလို့လဲ"

"တကယ်ဆို လျှို့ဝှက်စရာမလိုဘူး. . မင်းအာရုံဗီဒီယိုထုတ်လုပ်ရေးက ရိုက်ကူးတဲ့ဗီဒီယိုဇာတ်ကားတွေက နိုင်ငံတကာတန်းဝင်အောင်ရိုက်တယ်လို့ပြောထားပြီး ဘာလို့လူသိမခံနိုင်ရတာလဲ. . ဒါဟာ စဉ်းစားစရာအချက်ပဲကွ. . ."

"လူသိမခံချင်တဲ့ အကြောင်းရှိနေလို့များလား"

"ဘာကို လူသိမခံချင်တာလဲ. . ."

ရည်စူးတွယ်တာ စဉ်းစားပေမယ့် အဖြေမထွက်ပေ. . .



www.burmeseclassic.com

www.burmeseclassic.com

"ဖုံ . . ဘာတွေစဉ်းစားနေတာလဲ . . ."

အင်းယားရေပြင်မှ တိုက်ခတ်လာသော လေနုအေးလေးကို အာရုံစိုက်ကြည့်ပြီး အတွေးလွန်နေချိန်တွင် မေဝတီဆူး၏ ခေါ်သံကြောင့် အတွေးစကို ဖြတ်လိုက်သည်။

"ညီမလေးသီရိအတွက် စဉ်းစားနေတာပါ . . ."

"ဖုံရယ် . . သီရိအားမှာ ဖုံတစ်ယောက်လုံးရှိနေတာပဲဟာ"

"ငါ . . သီရိမျက်လုံးကို ခွဲစိတ်ပေးချင်ပြီလေ"

"ဆရာဝန်ကြီးတွေက ပြောထားသားပဲ . . အချိန်ကလေးတော့ စောင့်ပါဦးလို့ . . ."

"ဟုတ်ပါတယ် . . ငါက ဆန္ဒတွေစောနေကာပါ . . ."

"ဖုံကို ပြောရဦးမယ် . . ."

"ဆူး . . ဘာပြောချင်လို့လဲ . . ပြောလေ"

"နှောက် . . ဒယ်ဒီခိုင်းတဲ့ စတာနံ့အခန်းတွေမှာဝင်ပြီး





မလုပ်ပါနဲ့တော့ . . ဆူး မြင်ရကြားရတာ ရင်မောတယ် ဖုံ . . ."

"ဆူးရယ် . . ငါက ဒီအလုပ်နဲ့ထမင်းစားနေရတဲ့လူလေ ပြီးတော့ . . ညီမလေးသီရိအတွက် ငွေကလိုတယ် . . ."

"ဖုံက မာနကြီးလွန်းတယ် . . ."

"ဩော် . . ဆူးရယ် . . ဆူးဆီက ငါအကူအညီမယူချင်တာ ဆူးဒယ်ဒီကြောင့်ပါ . . ဆူးဒယ်ဒီနဲ့ငါက ရန်သူတော်လိုဖြစ်နေတာလေ . . ."

"ဒယ်ဒီနဲ့ဖုံကြားမှာ ဆူးတော့ကြာရင် အသက်တိုလိမ့်မယ်သိလား . . ."

"ဆူးရယ် . . မတူညီတဲ့ ဘဝခြားနားမှုတွေအောက်က ချစ်သူတွေဘဝမှာ ခုလိုအခက်အခဲတွေရှိနေမှာပါ . . ဘာလဲ . . ဆူးက စိတ်ဓါတ်ကျနေပြီလား . . ."

"ဆူး . . ဘယ်တော့မှဖုံနဲ့ပတ်သက်ပြီး စိတ်ဓါတ်ကျတာမရှိဘူးဆိုတာ ယုံလှည့်ပါ . . ဖုံနဲ့ပတ်သက်ပြီး ဆူး သစ္စာတရားကို နည်းနည်းလေးမှအပွန်းအပဲ့မခံနိုင်ဘူး . . ."

"ငါယုံပါတယ် ဆူးရယ် . . တို့တစ်တွေက ခုမှတွေ့ကြတဲ့ ချစ်သူတွေမှမဟုတ်တာ . . ငယ်ငယ်လေးကတည်းက ခိုင်မာတဲ့ သံယောဇဉ်ကြိုးတွေနဲ့ ချည်နှောင်ပြီးမှ ချစ်သူတွေဖြစ်ခဲ့ကြတာလေ . . ."

"ဖုံရယ် . . တစ်ခါတစ်ခါငယ်ဘဝလေးကို အလွမ်းလွမ်း

www.burmeseclassic.com



တာပဲ. . ဘာလို့ ဒီဘဝလေးတွေ ပျက်စီးသွားရတာလဲ"

"ကံကြမ္မာကြောင့်ပေါ့. . ဆူးရယ်"

ချစ်သူမေဝတီဆူး လက်မောင်းလေးကိုဆုပ်ကိုင်ပြီး ရင်ခွင်ထဲသို့ ထွေးဖက်ကာ အတိတ်ကာလလေးတစ်ခုဆီကို နှစ်ဦးသား ရောက်ရှိခဲ့ကြလေတော့သည်။

အာရုံဖုံနှင့် ညီမလေးသီရိသော်တာတို့ဘဝကလေးသည် ငယ်စဉ်က တကယ်ပင် သာယာလှပသော ဘဝကလေးတစ်ခုပင်ဖြစ်သည်။

ဒယ်ဒီ ဦးနေမင်းသော်နဲ့ မာမီဒေါ်နှင်းသာမြိုင်ဆိုတာ ယနေ့ စီးပွားရေးလောကတွင် ထွန်းတောက်နေကြသလို. . မြိုင်ဘက် ကင်းသော သူများဖြစ်ကြသည်။

မေဝတီဆူး ဖခင်ဦးနန္ဒစည်နှင့်ဒယ်ဒီဦးနေမင်းသော်တို့က အရမ်းခင်ကြတဲ့သူငယ်ချင်းတွေဖြစ်သလို စီးပွားရေးလောကထဲကို ဒယ်ဒီကတွဲခေါ်ခဲ့လို့ ထိုအချိန်ကဦးနန္ဒစည်ဟာ စီးပွားရေး လောကတွင် ရပ်တည်နိုင်ခဲ့သည်။

မေဝတီဆူးနှင့်အာရုံဖုံက သက်တူရွယ်တူတွေမို့ ကျောင်းသွားဖော်သူငယ်ချင်းများဖြစ်ခဲ့ကြသည်။ ညီမလေးသီရိသော်တာကတော့ အာရုံဖုံတို့ထက်(၅)နှစ်လောက်ငယ်တာမို့ သူငယ်ချင်း မဖြစ်ခဲ့ပေမယ့် မေဝတီဆူးနှင့်အာရုံဖုံတို့ ကစားတဲ့အခါ ညီမလေး သီရိသော်တာကတော့ ပါစမြဲ။





အိမ်နှစ်အိမ်ဟာ တစ်အိမ်တည်းလို နေထိုင်ခဲ့ကြပြီး. . အာရုံဖုံ(၁၀)တန်းသို့ရောက်ချိန်တွင် ဒယ်ဒီကမ္ဘာ့ကိစ္စနှင့်ခရီး သွားရာမှအပြန် ကားမှောက်ပြီးဆုံးခဲ့တယ်။

ဒယ်ဒီဆုံးပါးခြင်းသည် အာရုံဖုံတို့မိသားစုအတွက်. . တံ တြမ္မာရိုင်း တစ်ခုဝင်ရောက်လာခြင်းနှင့် အတူတူဖြစ်သည်။ ဒါပေမယ့်. . မာမီနှင်းသာမြိုင်သည် ဒယ်ဒီလက်ထက်ကျန်ခဲ့သည့် ဥစ္စာပစ္စည်းတွေကို ဆက်လက်ပြီးထိန်းသိမ်းရင်း ဒယ်ဒီနေရာ တွင်တာဝန်ဆက်ပြီး ယူခဲ့တယ်. . ဒီလိုတာဝန်ဆက်ပြီးယူမှုတာ မေဝတီဆူး ဒယ်ဒီဦးနန္ဒစည်နှင့်ရန်သူတော်ဖြစ်ဖို့ စတင်တဲ့ ခြေ လှမ်းပင်ဖြစ်သည်။

မေဝတီဆူးနှင့် အာရုံဖုံ(၁၀)တန်းစာမေးပွဲ နောက်ဆုံးနေ့ ဖြေဆိုပြီး အပြန်မှာတော့. . .

"ဖုံ. . ."

"ဘာလဲဆူး"

"ဖုံ. . ဘာတွေသိထားလဲ"

"ဘာကိုသိထားရမှာလဲ ဆူးရဲ့"

"ဒယ်ဒီနဲ့ ဖုံ့မာမီကိစ္စလေ. ."

"ဟင့်အင်း. . ဘာမှမသိဘူး"

"ဖုံ့ မာမီက မပြောပြဘူးလား"

"မပြောပြဘူး. . ဘာတွေဖြစ်နေလို့လဲ. . ."



www.burmeseclassic.com

www.burmeseclassic.com



"ဆုးလည်းပထမတော့မသိပါဘူး . . ဟိုတစ်နေ့ကမှ ဒက်ဒီနဲ့ကုမ္ပဏီကလူကြီးတွေ စကားပြောတာကို ကြားလိုက်ရမှ သိတာ . . ."

"ကုမ္ပဏီကလူကြီးတွေဆိုတာ ဘယ်သူတွေလဲ . . ."

"ဇုံ မာမီနဲ့ ဆုးဒယ်ဒီတို့ကုမ္ပဏီကအစုရှယ်ယာဝင်တွေ လေ . . ."

"အင်း . . ပြောပါဦး . . ."

"သူတို့ပြောနေကြတာက ဇုံမာမီကိုလက်ရှိဥက္ကဋ္ဌရာထူး ကဖြုတ်ချပြီး ဒယ်ဒီကိုတင်မြှောက်မယ်တဲ့ . . ."

"ဟင်"

"ခုလာမယ့် ဥက္ကဋ္ဌရွေးပွဲမှာ ဒယ်ဒီရွေးခံနိုင်အောင် သူတို့ ကဝိုင်းပြီးမြှောက်ပေးနေကြတယ် . . ."

"ဒါကတော့ ဆုးရယ် . . အများနဲ့ရွေးချယ်တာပဲ . . မဲသာ တဲ့သူအရွေးခံရမှာပေါ့ . . ပြဿနာမှမဟုတ်တာ"

"ပြဿနာရှိတယ် ဇုံ . ."

"ဘာပြဿနာလဲ . . ."

"ဇုံမာမီနဲ့ဒယ်ဒီတို့ အစည်းအဝေးတစ်ခုမှာ စကားများခဲ့ ကြတယ် . . ဒယ်ဒီက သူလုပ်ချင်တဲ့စီမံချက်တစ်ခုကို တင်သွင်း တာ . . ဇုံမာမီက ပယ်ချခဲ့တယ်တဲ့ . . နောက်ဆုံးမဲခွဲတာဒယ်ဒီ ကရှုံးခဲ့တယ် . . ဒါနဲ့ပဲ ဒယ်ဒီနဲ့ဇုံမာမီတို့ စကားမပြောကြတော့





ဘူး . . ."

"ဒီလောက်ထိပဲလား ဆုး"

"ဟုတ်တယ် . . ခုကုမ္ပဏီမှာဆို တကယ့်ရန်သူတော်ကြီး တွေတောင်ဖြစ်နေကြပြီ . . ."

"လူကြီးတွေဖြစ်နေကြတဲ့ကိစ္စပဲလေ"

"လူကြီးတွေဖြစ်နေတဲ့ကိစ္စက ဆုးနဲ့ဇုံဆီကိုကူးစက်လာ နေပြီ . . ."

"ဟင်"

"ဒယ်ဒီက ဆုးကိုဇုံနဲ့မပေါင်းသင်းရဘူးတဲ့ . . ."

"ဟာ"

"ဆုးက ဒယ်ဒီဘယ်လိုပဲတားတား . . ဇုံကိုပေါင်းမှာပဲ"

"ဆုးရယ်"

"ဇုံ . ."

"ပြောလေ ဆုး . . ."

"ဆုးကိုမခေါ်ဘဲ နေမှာလားဟင် . . ."

"ဆုးနဲ့ ဒီကြားမှာ လမ်းခွဲရမယ့် ကိစ္စမှမရှိတာပဲ . . ."

"တကယ်နော်"

"တကယ်ပါ ဆုးရယ် . . ."

"မယုံဘူး"

"ယုံအောင် ဘယ်လိုသက်သေပြရမလဲပြော . ."



www.burmeseclassic.com

www.burmeseclassic.com



"သစ္စာဆိုရမယ်"

"ဆိုပါ့မယ်. . ဘယ်လိုဆိုရမှာလဲ. . ပြောလေ"

"အာရုံဖုံဆိုတဲ့လူဟာ တခြားကောင်မလေးတစ်ယောက်နဲ့ချစ်သူဖြစ်သွားလည်း ဆူးဆိုတဲ့ကောင်မလေးကို မမေ့ရဘူး. . တကယ်လို့မေ့ခဲ့ရင်. . သစ္စာဆူးပါစေလို့ပြော. . ."

"ဆူးရယ်. . ငါဘယ်တော့မှရည်းစားမထားဘူး"

"ပြောစာပဲ"

"တကယ်လို့ထားခဲ့ရင်လည်း ယောဒီ မေဝတီဆူးလေးကိုပဲ ထားမယ်. ."

"အယ်"

အာရုံဖုံ့စကားကြောင့် မေဝတီဆူး ရှက်သွေးလေးဖြာကာ ခေါင်းလေးငုံ့သွားလေသည်။

"ဆူး. . စိတ်ဆိုးသွားလား"

ဆူးထံမှ စကားသံမကြားရသဖြင့်. . .

"ငါ တောင်းပန်ပါတယ်ဟာ. . ငါ့ကိုနင်ကြိုက်သလိုလုပ်ပါ. . နင်အပြစ်မပေးရင် ငါ့ကိုယ်ငါအပြစ်ပေးမယ်"

"ဟုံ့ မလုပ်နဲ့နော်"

အာရုံဖုံသူ့လက်မောင်းကို သူ့ ဘောပင်နှင့်ထိုးမည်အပြု ဆူးက လှမ်းပြီးလက်ကိုဆွဲထားလိုက်လေသည်။

"ဒါဆို နင်အပြစ်ပေးလေ"





"ဘာလို့ပေးရမှာလဲ. . ."

"နင် စိတ်မဆိုးဘူးလား"

"မဆိုးပါဘူး. . ငါစဉ်းစားနေတာ"

"ဘာစဉ်းစားနေတာလဲ ဟင်. . ."

"ငါတို့က ငယ်ငယ်လေးပဲရှိသေးတာလေ. . ခုမှ (၁၀) တန်း ဖြေထားတုန်းဆိုတော့ တက္ကသိုလ်ရောက်မှချစ်သူဖြစ်ကြမယ်. . မကောင်းဘူးလား"

"တက္ကသိုလ်ကိုငါမတက်နိုင်ရင်ရော. . ."

"ဘာလို့မတက်နိုင်ရမှာလဲ. . ငါတို့နှစ်ယောက်အတူတူအောင်မယ်ဆိုတာကို ငါယုံပြီးသားပဲ. . ဖုံ စောင့်ပေးပါနော်"

"အင်း"

နှစ်ယောက်အတူတူ ပြိုင်တူပြုံးပြီး ကျောင်းထဲမှထွက်လာစဉ်. . .

"သမီး"

"ဟင်. . ဒယ်ဒီ"

ကျောင်းရှေ့တွင်ကားရပ်ပြီး စောင့်နေသော ဦးနန္ဒစည်ကို တွေ့လိုက်ရသည်။

"ကားပေါ်တက်စမ်း. . သမီးကို ဒယ်ဒီဘယ်နှစ်ခါပြောရမလဲ. . ဒီကောင်နဲ့မဆက်ဆံပါနဲ့ဆိုတာ. . ."

"ဒယ်ဒီ. . သမီးတို့က ငယ်ငယ်လေးကတည်းက သူငယ်



www.burmeseclassic.com

www.burmeseclassic.com



ချင်းတွေပါ. . ခုမှမပေါင်းသင်းရဘူးဆိုတာတော့မရဘူး"

"သမီး. . ပါးစပ်ပိတ်စမ်း. . ဘာမှထပ်ပြီးမပြောနဲ့. . ဟော့ကောင် ဖုံ"

"ပြောပါ အန်ကယ်"

"မင်းကို ငါနောက်ဆုံးပြောလိုက်မယ်. . နောက်ကို ငါ့သမီးနဲ့ဘယ်တော့မှ အဆက်အဆံမလုပ်ပါနဲ့. . ကြားလား"

အာရုံဖုံ ဘာတစ်ခွန်းမှမပြောဘဲ. . ဦးနန္ဒစည်ကို စိုက်ကြည့်နေလေသည်။ မေဝတီဆူးကို ကားပေါ်သို့ လက်ဆွဲခေါ်ကာ ကားမောင်းထွက်သွားလေသည်။

ဦးနန္ဒစည်၏အတ္တကြီးမှုကို အာရုံဖုံတက်တွေ့တွေ့လိုက်ရတာကြောင့်. . ဒယ်ဒီရှိနေစဉ်က သူ့ကိုဆက်ဆံခဲ့သော ပုံစံနှင့်ယခုပုံစံတို့မှာ လုံးလုံးခြားကွဲပြားနေလေပြီ. . .

တဖြည်းဖြည်းဝေးသွားသော မေဝတီဆူး ကားလေးကို မျက်စိတဆုံးကြည့်ပြီး ကျောခိုင်းလိုက်တော့သည်။ အာရုံဖုံနှင့် မေဝတီဆူးတို့ကြားတွင် တံတိုင်းတစ်ခုတော့စတင်ပြီး ကာဆီးစပြုနေလေပြီဖြစ်သည်။



အာရုံဖုံ၏ သူငယ်ချင်းရဲကျော်သူအိမ်တွင် တင်းနစ်ကစားပြီး အိမ်ကိုပြန်ချိန်တွင် အိမ်ဝတွင်ကား(၃)စီးရပ်ထားတာကို တွေ့လိုက်ရသည်။ တစ်စီးမှာ မာမီ့ကားဖြစ်ပြီး. . ကျန်နှစ်စီးမှာ ညီ့သည်ကားများဖြစ်နေလေသည်။ စက်ဘီးလေးကို အိမ်ရှေ့တွင် ထိုးရပ်ပြီး အိမ်ထဲသို့လှမ်းအဝင်. . .

"ဒေါ်နုံ့သာမြိုင်. . ဘယ်လိုလုပ်မယ်လို့ စဉ်းစားထားလဲ"

"ဖြစ်လာမှတော့ ရင်ဆိုင်ရမှာပေါ့ရှင်"

"စိုက်လျော်ရမယ့်ငွေက မနည်းဘူးနော်. . ."

"ကျွန်မစဉ်းစားပြီးပါပြီ. . ကျွန်မခင်ပွန်းရဲ့ ဂုဏ်သိက္ခာနဲ့ ကျွန်မဂုဏ်သိက္ခာအတွက် ကျွန်မလုပ်သင့်တာကိုလုပ်မှာပါ. . ကျွန်မပိုင်ဆိုင်တဲ့ ဘဏ်ကငွေတွေ ဒီတိုက်ကြီးနဲ့ကားတွေကို ရောင်းမယ်ဆိုရင် မီနိုင်ပါတယ်. . ."

"ဒေါ်နုံ့သာမြိုင်အတွက် တကယ်စိတ်မကောင်းပါဘူး"

"ဘယ်တတ်နိုင်မလဲရှင်. . ကံကြမ္မာက ပြုလုပ်နေတာကို



www.burmeseclassic.com

www.burmeseclassic.com



ကျွန်မတို့ငြင်းလို့မှမရတာဘဲ. . ."

"မြုပ်သွားတဲ့သင်္ဘောသတင်းကို ဘာထပ်ပြီးကြားလဲ"

"လူတချို့တော့ သေတယ်. . ကျွန်မ မှာထားတဲ့ပစ္စည်းတွေကတော့ ဘာမှပြန်ရစရာမရှိပါဘူး"

"သင်္ဘောကုမ္ပဏီကရော ပြန်ပြီးလျော်ဖို့မရှိဘူးလား"

"သင်္ဘောကုမ္ပဏီလည်း ဒေဝါလီခံရတဲ့အဆင့်ကိုရောက်ပြီဆိုတော့ မျှော်လင့်ချက်တော့ သိပ်ပြီးမရှိတော့ပါဘူး"

"ဦးနန္ဒစည်အတွက်တော့ အကွက်ကျသွားတာပေါ့"

"အင်းလေ. . သူ့အတွက် ကံကောင်းဖို့ ကျွန်မကံဆိုးခဲ့ရတာပေါ့. . ကဲ. . ရှေ့နေအတျိုးဆောင်ကြီး. . လျော်ရမယ့်ငွေကြေးကိစ္စတွေအတွက် မနက်ကစပြီးစီစဉ်ပါ. . ဒီခြံနဲ့ကားတွေကို အမြန်ဆုံးရောင်းနိုင်ဖို့ ကျွန်မစီစဉ်ပါ့မယ်"

"ကောင်းပါပြီ. . ဒါဆိုကျွန်တော်တို့ကိုသွားခွင့်ပြုပါဦး"

"ဟုတ်ကဲ့. . ဪ. . ရှယ်ယာဝင်တွေကိုပြောလိုက်ပါ. . ဘာမှစိတ်မပူပါနဲ့လို့. . နံ့သာမြိုင်ဆိုတဲ့အမျိုးသမီးဟာ ငွေထက်ဂုဏ်သိက္ခာကိုပိုပြီး တန်ဖိုးထားပါတယ်လို့. . ."

ဧည့်သည်များ အိမ်ထဲမှပြန်ပြီးထွက်လာချိန်တွင် အာရုံဖုံခြံဝန်းလေးထဲရှိ ရေကူးကန်ပေါင်ပေါ်တွင် ထိုင်ချလိုက်လေသည်။

သူ့စိတ်ထဲတွင် သိနေတာတစ်ခုကတော့ မကြာခင် သူ





ယခင်က နေထိုင်ခဲ့သောအိမ်ကြီးကို ကျောခိုင်းထွက်ခွာရတော့မည်ဆိုတာပင်. . .

"သား. . . ဖုံ"

"ဗျာ. . မေမေ"

"သား. . ဒီမှာဘာလုပ်နေတာလဲ"

"ဘာမှမလုပ်ပါဘူး. . ရေကူးမလားလို့"

"မကူးနဲ့ဦးသား. . မာမီနဲ့အိမ်ထဲကိုလိုက်ခဲ့. . မာမီ ပြောစရာရှိတယ်"

"ဟုတ်ကဲ့"

မာမီဘာပြောချင်တယ်ဆိုတာကို အာရုံဖုံသိပြီးသားဖြစ်နေလေပြီ. . ဒါပေမယ့် မာမီပြောမည့်စကားကိုသာ အာရုံဖုံနားထောင်ရင်း ခေါင်းညိတ်ဖို့ပဲရှိလေသည်။

အိမ်ထဲသို့ရောက်သည်နှင့်. . .

"လူလေး. . မာမီဘာဖြစ်နေလဲလို့ သားမမေးတော့ဘူးလား"

မာမီဟာ သူတစ်ခုခုကိုခံစားရပြီဆိုရင် ထိုစကားမျိုးကိုမေးနေကျမို့. . .

"မာမီ ဘာဖြစ်နေတာလဲ"

မာမို့မျက်ဝန်းတွင် မျက်ရည်ဥများ ဝေသီနေလေပြီ. . .

"လူလေးရေ. . မာမီတို့ဘဝတွေ အနိမ့်ဆုံးကိုရောက်ပါ



www.burmeseclassic.com

www.burmeseclassic.com



ပြီ. . ."

"မာမီရယ်"

"မာမီ့ကုမ္ပဏီအတွက် နိုင်ငံခြားကနေ ပစ္စည်းတွေမှာခဲ့တဲ့ သင်္ဘော ပင်လယ်ထဲမှာမြုပ်ခဲ့ပြီ. . ဒီအတွက်မာမီပြန်ပြီး စိုက်လျော်ပေးရတော့မယ်"

"မာမီရယ်. . ဘာတတ်နိုင်မှာလဲ. . သားသိပြီးပါပြီ"

"ဟင်. . သား. . ဘယ်တုန်းကသိတာလဲ"

"ခုနကတင်ပါ. . အိမ်ကြီးနဲ့ကားတွေကို မာမီရောင်းမယ် ဆိုတာလည်း သားသိပါတယ်. . ."

"မာမီ သိပ်ပြီးမိုက်တယ်ကွယ်"

"မာမီ. . ဘာမှ စိတ်မကောင်းမဖြစ်နဲ့. . မာမီရှိနေသရွေ့ သားတို့မိသားစုဘဝကို ဘယ်လိုဘဝကနေနေပြန်ပြီးစရပါတယ် သားဘယ်တော့မှ စိတ်ဓါတ်မကျပါဘူး. . ."

"လူလေးဆီက ဒီစကားကြားရတာ မာမီဝမ်းသာတယ်. . မာမီ့ရင်ထဲမှာမကောင်းတာ သမီးလေးသီရိအတွက်ပါ. . ."

သီရိက ခုမှ အထက်တန်းကျောင်းသူဘဝကိုစပြီး တက်တဲ့အရွယ်ဖြစ်သလို. . သူများတွေလှချင်သလို လှချင်တဲ့အရွယ်ကိုရောက်မှ. . သူတို့မိသားစုဘဝက အနိမ့်ဆုံးအခြေအနေကို ရောက်ခဲ့လေပြီ. . .

"မာမီနဲ့ကိုကို. . ."





"သမီး. . "

"ညီမလေး"

အပြင်မှပြန်ရောက်လာသော ညီမလေးသီရိသော်တာကို မာမီနှင့်အတူကြည့်ပြီး ဘယ်လိုစကားစရမည်ကို မသိဖြစ်နေကြသည်။

"မာမီငိုထားလားဟင်. . "

"မ. . မငိုပါဘူး သမီးရယ်. . "

"မာမီမညာပါနဲ့. . မာမီငိုထားပါတယ်. . ဟုတ်တယ်မဟုတ်လားကိုကို. . . "

"မဟုတ်ရပါဘူး ညီမလေးရယ်"

"မာမီ"

"ဘာလဲ သမီး"

"ဒီနေ့ သမီးသူငယ်ချင်း ရိုစီကပြောတယ်. . "

"သမီးကို ဘာပြောလိုက်လို့လဲ"

"ဟို. . မာမီတာဝန်ခံပြီးမှာထားတဲ့ နိုင်ငံခြားတပစ္စည်းတွေ တင်တဲ့သင်္ဘောနစ်မြုပ်သွားတယ်ဆို. . . "

"ဟင်"

"ဟာ. . "

ရိုစီက မာမီတို့ကုမ္ပဏီဒါရိုက်တာအဖွဲ့ဝင်တစ်ဦးရဲ့သမီးတစ်ယောက်မို့ ထိုသတင်းကို သိခဲ့ခြင်းဖြစ်မည်။



www.burmeseclassic.com

www.burmeseclassic.com



"ဟုတ်လား မာမီ"

"ဟုတ်တယ် သမီးလေး. . ."

"မာမီလျှော်ပေးရမယ်လို့လည်း ပြောတယ်. . ."

"မာမီတာဝန်ယူထားတဲ့ကိစ္စဆိုတော့ လျှော်ပေးရမှာပေါ့ကွယ်. . ."

"မာမီ"

"သမီးလေး"

"ငွေတွေက အများကြီးတဲ့. . သမီးတို့အိမ်တွေ ခြံတွေရောင်းပြီးလျှော်တာတောင်မပြည့်ဘူးတဲ့. . ."

"ညီမလေးရယ်. . ဒါတွေထပ်ပြီး ပြောမနေပါနဲ့တော့. . မာမီစိတ်ထိခိုက်နေမယ်. . လာ. . လာ. . အိမ်ပေါ်သွားကြရအောင်"

"မာမီ"

"သမီးလေး ပြောချင်တာ ပြောပါစေ သားရယ်. . ."

"မာမီ. . လျှော်လိုက်နော်. . အဖမ်းခံရတာမျိုးတော့ အဖြစ်မခံနဲ့. . သမီးတို့မောင်နှမနှစ်ယောက် ဆင်းရဲတာကို မကြောက်ဘူး. . သိလား. . သမီးကျောင်းဆက်ပြီးမတက်ဘဲ ဈေးရောင်းကျွေးမယ်. . ."

"သမီးလေးရယ်"

မာမီ. . သိရှိသော်တာစကားကြောင့် ထိန်းထားသော



မျက်ရည်ဥများပါးပြင်ဆီသို့ကျခဲ့လေပြီ. . .

မိသားစု(၃)ယောက်ပြိုင်တူမျက်ရည်ကျခဲ့ရသောနေ့ကလေးတစ်နေ့ပင်မဟုတ်လား. . .

ဘယ်လိုအခြေအနေပင်ဖြစ်ဖြစ် ဒီမိသားစုရဲ့အနာဝတ်ကို ရဲရဲရင့်ရင့်ရင်ဆိုင်ဖို့ အာရုံငုံသတ္တိတွေကို ရင်မှာမွေးဖွားလိုက်လေတော့သည်။

www.burmeseclassic.com

www.burmeseclassic.com

ကုမ္ပဏီတွင် ဦးနန္ဒစည်တစ်ယောက်ဥက္ကဋ္ဌရာထူးကို ရယူခဲ့သလို အာရုံ့တို့မိသားစုကတော့ အိမ်ရယ်၊ မြေရယ်၊ ကားတွေကို ရောင်းပြီး ကုမ္ပဏီကိစ္စကိုဖြေရှင်းပြီးတာနဲ့ ပိုတဲ့ငွေကလေးနှင့် ဆင်ခြေဖုံးရပ်ကွက်လေးတစ်ခုတွင် အိမ်ကလေးတစ်လုံးဝယ်ကာ ဘဝကို ခြေရာဖျောက်ခဲ့လေသည်။

ဒယ်ဒီ့ဆွေမျိုးသားချင်းတွေ၊ မာမီ့ဆွေမျိုးသားချင်းတွေဆီက တစ်ပြားတစ်ချပ်မှအကူအညီတောင်းခံခြင်းမရှိဘဲ မိသားစု (၃)ယောက်ဘဝကို သတ္တိရှိရှိရင်ဆိုင်ဖြတ်သန်းခဲ့ကြလေသည်။

မာမီက ရှိတဲ့ငွေလေးနှင့်ကုန်စုံဆိုင်လေးဖွင့်ခဲ့သလို အာရုံ့ကတော့ သူငယ်ချင်းရဲကျော်သူရဲ့အကူအညီဖြင့် ဆိုင်ကယ်ပြင်ဆိုင်တွင် အလုပ်ဝင်လုပ်ခဲ့သည်။

"လူလေး. . ."

"မာမီ"

"သား. . သား. . စာမေးပွဲအောင်တယ်ဆို. . ."





"မှတ်တယ် မာမီ"

"ဝမ်းသာလိုက်တာ သားရယ်. . သားလေးတက္ကသိုလ်ဆက်ပြီးတက်ရမယ်နော်. . ."

"မာမီ"

"သား. . ဘာမှမပြောနဲ့. . တက္ကသိုလ်ဆက်ပြီးတက်ကိုတက်ရမယ်. . ."

"သား မာမီတို့မြင်ချင်တဲ့ဘွဲ့တစ်ခုကိုရအောင်ယူမှာပါ. . ဒါပေမယ့်. . သားအဝေးသင်ပဲတက်ပြီးယူမယ် မာမီ နေ့တက်ဖို့ဆိုတာ အချိန်လည်းပေးရတယ်. . ကုန်ကျစရိတ်လည်း များတယ်လေ"

"လူလေး"

"မာမီရယ်. . သားတို့ကဘဝကို ခုမှစတင်ပြီးဖြတ်သန်းနေရတာလေ. . သားအဖြစ်ချင်ဆုံးဆန္ဒက ညီမလေး သီရိသော်တာကို အမြင့်ဆုံးရောက်အောင်ပို့ပေးချင်တဲ့ဆန္ဒပါ. . ဒီအတွက် သားကိုမာမီနားလည်ပေးပါနော်. . ."

"အင်းလေ. . လူလေးဆန္ဒကို မာမီဘာမှထပ်ပြီးမပြောလိုတော့ပါဘူး. . ."

"တီ. . တီ"

'ဟင်' အိမ်ရှေ့မှကားဟွန်းသံကြောင့် လှမ်းကြည့်လိုက်တော့ (---)အမျိုးအစားကားတစ်စီးရပ်နေတာကို တွေ့လိုက်ရ



www.burmeseclassic.com

www.burmeseclassic.com



သည်။

ကားပေါ်မှ ညီမလေးသီရိသော်တာ ဆင်းလာပြီး. . .

"ကိုကို"

"ဘာလဲ ညီမလေး. . ."

"ကားပေါ်မှာ အထူးဧည့်သည်ပါလာတယ်. . ဘယ်သူလဲဆိုတာကြည့်လိုက်. . ."

"ဟင်. . ဆူး"

အာရုံဖုံတို့အိမ်ပြောင်းပြီးကတည်းက ဆူးနဲ့လုံးလုံးအဆက်အသွယ်ပြတ်ခဲ့တာ. . အောင်စာရင်းထွက်တဲ့နေ့မှပဲ ပြန်တွေ့ရခြင်းဖြစ်သည်။ ဆူးက အာရုံဖုံကို ဝမ်းနည်းသောမျက်လုံးတစ်စုံနှင့်ကြည့်ပြီး အိမ်ထဲသို့ဝင်လာခဲ့လေသည်။

"အန်တီမြိုင်. . နေကောင်းတယ်နော်"

"ကောင်းပါတယ် သမီးလေးရယ်. . သမီးလေးရော အောင်လား. . ."

"ဟုတ်ကဲ့. . အောင်ပါတယ်"

"အေးကွယ်. . အန်တီမြိုင် ကြားရတာဝမ်းသာပါတယ်၊ ကဲ. . ကဲ. . စကားပြောကြဦး. . အရင်လိုဘဝမဟုတ်တော့ သမီးလေးကို ကောင်းကောင်းမွန်မွန်ဧည့်မခံရတာ စိတ်မကောင်းဘူးကွယ်"

"အန်တီမြိုင်ရယ်. . ဆူးအတွက်ဒါတွေမလိုပါဘူး"





မာမီနှင့်ညီမလေး သီရိသော်တာကုန်စုံဆိုင်ဘက်သို့ ထွက်သွားသည်နှင့်. . .

"ဖုံ"

"ဆူး"

"ဘာလို့ ဆူးကိုရှောင်နေတာလဲ"

"ရှောင်နေတာမဟုတ်ရပါဘူး ဆူးရယ်. . အခြေအနေတွေက ဝေးကွာသွားခဲ့လို့ ဝေးသွားတာပါ. . ."

"အခြေအနေဆိုတာ ဘာလဲ ဖုံ"

"ဖုံက အရင်လိုဘဝမျိုးမဟုတ်တော့ဘူးလေ"

"ဒါ. . ဖုံကဆူးရဲ့သံယောဇဉ်ကို စော်ကားတာပဲ. . ဆူးသံယောဇဉ်ဟာ ဘယ်လိုအခြေအနေမျိုးပဲရှိရှိ အရောင်မပြောင်းလဲဘူးဆိုတာ ဖုံမယုံဘူးလား. . ."

"ငါယုံပါတယ်ဆူးရယ်. . ဒါပေမယ့်ဟာ. . ."

"ဒါပေမယ့်တွေ ဘာတွေမပြောနဲ့တော့. . ခုအားလား"

"အားပါတယ်"

"ဒါဆို လိုက်ခဲ့"

"ဘယ်ကိုလိုက်ခဲ့ရမှာလဲ. . ."

"ဘယ်ပဲဖြစ်ဖြစ်. . ."

"ဒါဆို အဝတ်အစားလဲဦးမယ်"

"မလဲနဲ့. . ဒီအတိုင်းလိုက်ခဲ့. . ."



www.burmeseclassic.com

www.burmeseclassic.com



"ဆူး သိကျွာကျမှာပေါ့. . ."

"ဝုံနော်. . ဆူးစိတ်ဆိုးအောင်မလုပ်နဲ့နော်. . ."

မေဝတီဆူး နှုတ်ခမ်းကလေးစူကာ စိတ်ဆိုးတော့မယ့်ဟန်ပြင်နေတာမို့. . .

"ကဲပါ. . ငါနောက်တာပါ. . နင်မကြိုက်ရင် မပြောတော့ပါဘူး. . သွားကြမယ်"

"တကယ်နော်"

"တကယ်ပါ ဆူးရယ်. . ."

နှစ်ဖယောက်သား အပြင်သို့ထွက်လာပြီး. . .

"အန်တီမြိုင်. . သမီး ဝုံကိုခဏခေါ်သွားမယ်နော်"

"အေးပါကွယ်"

ကားနားကိုရောက်တော့. . .

"ကဲ. . ရော့. . ကားသော့"

ဆူးလက်မှကားသော့ကို လှမ်းယူပြီး ကားမောင်းထွက်လာခဲ့တော့သည်။

"ဘယ်ကိုမောင်းရမှာလဲ. . ."

"ပထမဆုံး ယုဇနပလာဇာကိုမောင်း. . ."

"ဈေးဝယ်မလို့လား"

"ဟုတ်တယ်"

"ဝုံ"





"ဆူး. . ဘာပြောမလို့လဲ"

"ဆူးကို ဘာလို့ပစ်ထားခဲ့တာလဲဟင်"

"ဆူးရယ်. . ငါပစ်ထားခဲ့တာ မဟုတ်ပါဘူး. . မလွှဲသာတဲ့အဝမို့ပါ. . ."

"ဆူးသာလာမတွေ့ဘူးဆိုရင် ဝုံ ဆူးတို့အဆက်အသွယ်လုပ်မှာမဟုတ်ဘူးမဟုတ်လား. . ."

"လူကသာ ဆူးဆီကိုမရောက်ပေမယ့် စိတ်ကအမြဲတမ်းရောက်နေပါတယ် ဆူးရယ်. . ."

"သွားပါ. . လူကိုတွေ့မှချွဲပြမနေပါနဲ့"

"ဆူးကမယုံဘူးလား"

"မယုံဘူး"

"ဘာနဲ့သက်သေပြရမလဲပြော. . ."

"သွေးဖောက်ပြီးပြ"

"ကောင်းပြီ"

ဝုံ ကားကိုထိုးရပ်လိုက်ပြီး. . .

"ဝုံ ဘာလုပ်မလို့လဲ"

"လက်မောင်းသွေးကိုဖောက်ပြီးပြမလို့. . ."

"ဝုံ မလုပ်နဲ့. . ."

မေဝတီဆူးသည် အာရုံဝုံလက်ကို အတင်းလှမ်းဆွဲပြီး.

"ယုံပါတယ် ဝုံရယ်. . မလုပ်နဲ့နော်"



www.burmeseclassic.com

www.burmeseclassic.com



"တကယ်ယုံရဲ့လား. . ."

"တကယ်ပေါင်းများစွာနဲ့ယုံလိုက်တာပါ"

ယုဇနမလာဇာအပေါ်ထပ်သို့ တက်ခဲ့ပြီး ချယ်ရီဦးနာရီအရောင်းဆိုင်ထဲသို့ ဝင်ခဲ့လေသည်။ နာရီဆိုင်ထဲတွင် မေဝတီဆူး စိတ်ကြိုက်နာရီလေးတစ်လုံးကိုဝယ်လေသည်။ ဝယ်တဲ့နာရီက ယောကျ်ားပတ်မို့ ဆူးဒယ်ဒီအတွက် ဝယ်တာလို့ ထင်လိုက်လေသည်။

အပြင်ကို ပြန်ထွက်လာပြီး. . .

"တစ်ခုခုသောက်ရအောင်"

"ဆူးသဘောလေ. . ."

"ဖုံနဲ့ဆူး ကော်ဖီအတူတူမသောက်ရတာကြာပြီနော်. . ."

မေဝတီဆူးမှ စကားလေးစလိုက်တာကြောင့်. . .

"ခုအတူတူသောက်မှာပေါ့. . ."

"အရင်လိုခဏခဏကော်ဖီမသောက်ရတော့ ဆူးလေကော်ဖီမသောက်တာ ဖုံနဲ့ဝေးကတည်းက သိလား. . ."

"ဆူးရယ်. . ."

"ဖုံရော သောက်ဖြစ်လား. . ."

"မသောက်ဖြစ်ပါဘူး ဆူးရယ်. . ဆူးနဲ့မှအတူတူမသောက်ရတာပဲဟာ. . ."

အာရုံ့ဖုံ စကားကို မေဝတီဆူးကျေနပ်သွားပြီး ပြုံးနေလေ





သည်။ ကားလေးကို ဆူးနဲ့အတူသောက်နေကျ ကော်ဖီဆိုင်ရှေ့တွင် ထိုးရပ်ပြီး ဆိုင်ထဲသို့ဝင်ခဲ့ကြလေသည်။

နှစ်ယောက်သား ကော်ဖီသောက်ရင်း. . .

"ဖုံ"

"ဆူး"

"ဖုံ့လက်ထဲကနာရီကိုပေး. . ."

"မင်းဘာလုပ်မလို့လဲ"

"ပေးဆိုပေး. . ."

မေဝတီဆူး စကားအတိုင်း လက်ထဲမှနာရီကိုဖြုတ်ပြီးပေးလိုက်သည်။

"လက်ပေးဦး"

"ဘယ်လက်လဲ"

"နာရီပတ်တဲ့လက်. . ."

မေဝတီဆူးပြုမူမှုများကို အာရုံ့ဖုံ နားမလည်စွာနှင့် ကြည့်ပြီး လက်ကလေးဆန့်ပြီးပေးလိုက်သည်။

ချယ်ရီဦးဆိုင်မှဝယ်လာသော နာရီလေးကို အာရုံ့ဖုံလက်တွင် ပတ်ပေးလိုက်သည်။

"ဒါ. . ဆူးရဲ့အမှတ်တရ"

"ဆူးရယ်"

"ဘာလဲ ငြင်းချင်လို့လား. . ."



www.burmeseclassic.com

www.burmeseclassic.com



"မငြင်းရက်ပါဘူး . . ငါ့ဘဝမှာ ခုလိုလက်ဆောင်ပေးတာကို ဆူးတစ်ယောက်ကလွဲပြီး တခြားဘယ်သူ့ဆီကမှလက်ခံမှာ မဟုတ်ဘူး ဆူး . . ."

"ဆူး ယုံပါတယ် . . ဒါနဲ့ ဇုံ တက္ကသိုလ်တက်ရတော့မယ်နော် . . ဇုံ မပျော်ဘူးလား"

"တက္ကသိုလ်တက်ရမယ့်တိစ္ဆဟာ ပျော်စရာတစ်ခုပါ . . ဒါပေမယ့် ငါ ဆူးနဲ့အတူတက်ခွင့်မရှိတော့ဘူးလေ"

"ဟင် ဘာဖြစ်လို့လဲ"

"ဆူးရယ် . . ငါတို့ဘဝက ရုန်းကန်ရတော့မယ့်ဘဝလေ။ ပြီးတော့ ညီမလေးအတွက် ငါကြိုးစားချင်သေးတယ် . . ."

"ဇုံက ကျောင်းဆက်ပြီးမတက်တော့ဘူးပေါ့"

"ဆူးတို့လို ဒေးတော့မတက်ဘူးလေ . . အဝေးသင်ပဲ တက်မှာပါ . . ."

"ဇုံ . . ."

"ဆူး ပြောချင်တဲ့စကားကိုပြောခဲ့ပါ"

"ဆူးတို့နှစ်ယောက် ပြောခဲ့တဲ့စကားလေးကို လက်တွေ့အကောင်အထည်မဖော်နိုင်ကြတော့ဘူးနော်"

"လက်တွေ့အကောင်အထည်ဖော်ခွင့်မရှိပေမယ့် ငါ့စိတ်ထဲမှာ ဒီစိတ်ကူးလေးဟာ အမြဲရှင်သန်နေမှာပါ . . တစ်ခုတော့ ရှိတယ် ဆူး . . ."





"ဘာလဲဟင်"

"အရင်လိုတော့ မျှော်လင့်ချက်တွေက အားမကောင်းတော့ဘူး"

"ဇုံက ဆူးကိုထပ်ပြီးစော်ကားတာပေါ့ . . ."

"စော်ကားတာမဟုတ်ပါဘူး ဆူးရယ် . . ကိုယ့်ဘဝကိုယ့်အခြေအနေကို သိနေလို့ပါ . . ."

"ဒီမှာ ဇုံ . . ဇုံနဲ့ဆူးကြားမှာ ပကာသနဆိုတာ မြူတစ်မှုန်တောင်မရှိဘူးမှတ် . . ဇုံ ဘယ်လိုဘဝရောက်ရောက် ဆူးကတော့ချစ်မှာပဲ . . အယ် . . ."

မေဝတီဆူး သူ့စကားနဲ့သူ ပြောထွက်သွားတာကြောင့် . .

"ဆူး . . ဇုံကို ချစ်တယ်ပေါ့ . . ."

"ဟို . . ဟို . . အဲ . . အဲ . . ."

"ဆူးက ပြန်ပြီးရုပ်သိမ်းချင်လို့လား . . ."

"ဇုံနော် . . ."

"ဒါဖြင့်ပြောလေ . . ."

"တစ်သက်လုံးမရုပ်သိမ်းဘူး ရှင်ရေ"

အာရုံဇုံနှင့် မေဝတီဆူးတို့ ချစ်သက်သေကို ကော်ဖီခွက်လေးတွေက သက်သေထားခဲ့ကြလေသည်။

"ဇုံ . . ခဏနော် . . ."

ဆူးကသူ့ကိုထားပြီး ကောင်တာဘက်ကိုထွက်သွားပြီး



www.burmeseclassic.com

www.burmeseclassic.com



ခဏကြာတော့ ပြန်လာသည်။ လက်ထဲမှာလည်း ကြွပ်ကြွပ်အိတ် အနက်ကလေးကို ကိုင်လို့. .

"ဘာလုပ်မလို့လဲ ဆူး"

"ဘာလုပ်ရမလဲ. . ဇုံနဲ့ဆူး ချစ်သူဖြစ်တာကို သက်သေရှိတဲ့ ဒီကော်ဖီခွက်လေးတွေကို ယူသွားမလို့. . ဆိုင်ရှင်ကို တောင်ပိုက်ဆံပေးပြီးပြီ. . ."

"ဆူးရယ်. . စိတ်ကူးယဉ်တတ်ပါပေတယ်"

"ဘာလဲ. . ဇုံက သဘောမတူဘူးလား"

"တူပါတယ် ဆူးရယ်. . ပေး. . ."

ကော်ဖီခွက်လေးနှစ်ခွက်ကို ရေဆေးလိုက်ပြီး ကြွပ်ကြွပ်အိတ်အနက်လေးထဲကိုထည့်ကာ ဆွဲခဲ့လေသည်။

"အိမ်ရောက်မှ သေသေချာချာသိမ်းထားရမယ်. . ဇုံကို သတိရတိုင်း ဒီကော်ဖီခွက်လေးတွေကို အဖော်ပြုရမှာ. . သိလား. . ."

"ငါလွမ်းရင်ရော. . ."

"ဆူ့ ဆီကို ဖုန်းဆက်လိုက်. . ရော့. . ဆူးဟန်းဖုန်းနံပါတ်"

ဆူးရဲ့ ဟန်းဖုန်းနံပါတ်လေးကို ရေးမှတ်လိုက်ပြီး. . .

"ဇုံ"

"ပြော. . ."



"နေ့တိုင်းဆက်ရမယ်နော်"

"စိတ်ချ. . တစ်နေ့ကိုအခါတစ်ရာလောက်ဆက်မယ်"

"သွား. . ကိုကိုပို"

ဆိုင်အပြင်ဘက်သို့ရောက်ပြီး ကားပေါ်သို့တက်မည်အပြု. . .

"ဆူး"

"ဟင်. . နေဇော်"

အာရုံဇုံနှင့်ရွယ်တူအမျိုးသားတစ်ယောက်က အာရုံဇုံနှင့် မေဝတီဆူးအားတွင်ဝင်ပြီး ရပ်ကာ. . .

"ဒီကောင်က ဘယ်ကလဲ"

စကားသံက မာကြောကြောနှင့်မို့ အာရုံဇုံ ဒေါသထွက်သွားသည်။

"ဘယ်သူပဲဖြစ်ဖြစ်. . နင့်ကိစ္စမဟုတ်ဘူး"

"နင်ဒီလိုမပြောနဲ့ ဆူး. . ငါ့ကိုအန်ကယ်က မှာထားတာ နင်နဲ့ပတ်သက်ပြီး ငါ့မှာတာဝန်ရှိတယ်"

"အံမာ. . နင်နဲ့ငါက ဘာမို့လို့တာဝန်ရှိရတာလဲ"

"အန်ကယ်ပေးထားတဲ့တာဝန်"

"ကဲ. . ဒီလောက်တောင် တာဝန်ကျေချင်နေတာ. . မှတ်ထား. . ဒါငါ့ရဲ့ ချစ်သူအာရုံဇုံတဲ့. . ဒယ်ဒီ့ကိုပြန်ပြီးပြောလိုက်. . လာ. . သွားမယ် ဇုံ"

www.burmeseclassic.com

www.burmeseclassic.com



အာရုံဖုံ့လက်မောင်းကို မေဝတီဆူးဆွဲကာ ကားပေါ်သို့ တက်ခဲ့လေသည်။

"ဒီကောင့်ကို မမြင်ဘူးပါလား"

"ဖုံ့တို့ပြောင်းသွားပြီးမှ မန္တလေးကရောက်လာတဲ့ ကောင်လေ. . ဒယ်ဒီက မျက်နှာသာပေးထားလို့ ရောင့်တက်နေတာ နည်းနည်းလေးမှကြည့်မရဘူး. . ."

"ဆူး"

"ဘာလဲဖုံ့. . ."

"ဆူး ဒယ်ဒီသိသွားပြီ၊ ဆူးကိုပြဿနာလုပ်နေဦးမယ်"

"လုပ် လုပ်. . ဆူးကဂရုမစိုက်ဘူး. . ဒယ်ဒီကို ဘွားဘွားနဲ့ဘိုးဘိုးက ပြောပြီးသား. . ဆူးအိမ်ထောင်ရေးနဲ့ပတ်သက်ပြီး ဆူးစိတ်တိုင်းကျရွေးချယ်ခွင့်ရှိတယ်တဲ့. . ဒယ်ဒီက သဘောမတူတာတွေ. . ဟန့်တားတာတွေလုပ်ခဲ့ရင် ဘိုးဘိုး ဘွားဘွားတို့ဆီကို ဆင်းလာခဲ့တဲ့. . ဒယ်ဒီမဆူရဲပါဘူး. . စိတ်ချ"

မေဝတီဆူးတစ်ယောက် အာရုံဖုံ့နှင့်ပတ်သက်ပြီး ဘာကိုမှ ဂရုမစိုက်ဘဲ ချစ်သူဘဝကိုလက်တွဲမည်ကိုသိနေပေမယ့်. . အာရုံဖုံ့ရဲ့ အားနည်းလှသော ဘဝအတွက် မေဝတီဆူးကို အားနာနေသလိုပင်. . .

"ဖုံ့ကိုလည်း ပြောထားရဦးမယ်"

"ပြောပါ ဆူးရယ်. . ."





"ဘယ်တော့မှ အားငယ်တဲ့စကားတွေမပြောရဘူး. . ပြီးတော့. . ဆူးနဲ့ပတ်သက်ပြီး ဒယ်ဒီဘက်က ဘယ်လိုပဲပြောပြော နောက်မဆုတ်ရဘူး. . ဖုံ့ဘက်မှာ ဆူးအမြဲရပ်နေမယ်"

"ဘာကြောင့်လဲဟင်. . ."

"မသိဘူးလား"

"တကယ်မသိလို့ပါ"

"မသိရင်သေသေချာချာမှတ်ထားတော်ရေ. . ရှင့်ကို သိပ်ပြီးချစ်လို့တဲ့ရှင့်. . ."

ကားမောင်းနေတဲ့ အာရုံဖုံ့ပခုံးလေးပေါ်သို့ မေဝတီဆူး ခေါင်းကလေးရောက်ရှိသွားလေတော့သည်။

www.burmeseclassic.com

www.burmeseclassic.com

အာရုံဖုံအလုပ်မှ အိမ်ကိုရောက်စဉ်. . .

"ဟင်"

အိမ်ရှေ့တွင် ကားတစ်စီးရပ်ထားတာကိုတွေ့လိုက်ရသည်။ ထိုကားသည် ဦးနန္ဒစည်ကားပင်ဖြစ်တာကြောင့် စိတ်ထဲတွင် စိုးထိတ်သွားလေသည်။

"ကဲ. . မင်းရောက်လာပြီဆိုတော့ အတော်ပဲ"

အာရုံဖုံ မာမီ့ဘေးတွင် ဝင်ပြီးထိုင်လိုက်လေသည်။

"ကဲ. . ခင်ဗျားသားရောက်လာပြီဆိုတော့ ကျုပ်ဘက်က ပြောစရာရှိတာပြောရတော့မှာပေါ့. . ."

"ရှင်ဘာပြောချင်လဲ. . ပြောပါ"

"ခင်ဗျားသားနဲ့ကျုပ်သမီးကိစ္စကို ခင်ဗျားရှင်းပေးပါ"

"ရှင်တော်တော်ရယ်စရာပြောတတ်တာပဲ ဦးနန္ဒစည်. . ဒါကလေးတွေကိစ္စလေ. . သူတို့ချင်းပဲဆုံးဖြတ်ပိုင်ခွင့်ရှိတယ်"

"ဘာဗျ. . ခင်ဗျားက သူဌေးပြန်ဖြစ်ဖို့အတွက် သားကို





မြှောက်ပေးနေတာလား. . ."

"ဒီမှာ အန်ကယ်. . ကျွန်တော်နဲ့ဆုးတို့ရဲ့ သံယောဇဉ်ဟာ အန်ကယ်တို့ချမ်းသာတာတွေ ဘာတွေကိုဘာမှမမက်ဘူး"

"ဒါကတော့ မင်းတို့အပြောပေါ့လေ"

"ဒီမှာ ဦးနန္ဒစည်. . ရှင့်လိုကျေးဇူးမသိတတ်တဲ့လူတစ်ယောက်အတွက်တော့ ဒီဥစ္စာပစ္စည်းတွေဟာ သိပ်ကိုဟုတ်နေမယ်. . ကျွန်မတို့အတွက်တော့ ဘာမှမက်မောစရာမရှိဘူး. . ဒါကြောင့်လည်း ခုလိုဘဝမျိုးကိုဆင်းပြီးနေခဲ့တာ ရှင်သဘောပေါက်. . ဂုဏ်သိက္ခာနဲ့ရှင်သန်နေတဲ့လူရှင့်. . လူငယ်တွေရဲ့ကိစ္စကို မဟန့်တားဘူးဆိုတာလည်း သူတို့နှစ်ယောက်ဟာ ခုမှတွေ့ခဲ့ကြတဲ့သူတွေမဟုတ်ဘူးလေ. . ရှင်သာ ငွေကြေးဥစ္စာနဲ့အတွင်းဖုံးပြီး မိတ်ဆွေတောင်မပီသခဲ့တာ. . ."

"တော်ပြီဗျာ. . ဒါတွေလာပြီးပြောမနေနဲ့. . ကျုပ်က အေးအေးဆေးဆေးလာပြီး ပြောနေတာကိုဂရုမစိုက်ဘူးဆိုရင်တော့ ကျုပ်မဆိုးမဆိုနဲ့. . ဒါပဲ"

"ရှင်ငွေကြေးတွေနဲ့ကလေးတွေရဲ့ သံယောဇဉ်ကို ရအောင်အနိုင်ယူပါလေ. . ."

"ရအောင်အနိုင်ယူပြမယ်. . ."

"ကျွန်မစောင့်ကြည့်နေပါ့မယ်"

ဦးနန္ဒစည် ဒေါသတကြီးနှင့် အိမ်ပေါ်ကဆင်းသွားလေ

www.burmeseclassic.com



သည်။

"လူလေး"

"မာမီ"

"မင်း နောက်ဆုတ်မှာလား. . ."

"ဆူး သားအပေါ်မှာ သံယောဇဉ်မကုန်သရွေ့နောက်မဆုတ်ဘူး မာမီ"

"သားတို့နှစ်ယောက် သံယောဇဉ်ကို မာမီဘာမှမပြောလိုပါဘူးကွယ်. . ဒါပေမယ့် ဦးနန္ဒစည်ရဲ့ကောက်ကျစ်မှုကိုတော့ သတိထားပါ"

"စိတ်ချပါ မာမီ. . ကဲ ထမင်းစားရအောင်. . ညီမလေးရော"

"ကျူရှင်သွားတယ်. . ပြန်မရောက်သေးဘူး သားစားနှင့်လေ"

"ဟင်း. . မိသားစုဆုံမှပဲစားတော့မယ်"

"ဖိုး. . ဖိုး. . ."

"ဗျာ"

အာရုံဖုံတို့ရုပ်ကွက်ထဲမှ ဦးသာကျော်ရောက်လာပြီး ခေါ်တာကြောင့် ဆိုင်ကယ်တစ်စီးကို ပြင်နေရင်းမှ ရပ်လိုက်ပြီး. . .

"ဘာဖြစ်လို့လဲ ဦးသာကျော်. . ."

"ဟို. . မင်း အမေနဲ့မင်းညီမလေး. . ကားကားချင်းတိုက်လို့. . ဆေးရုံကိုရောက်နေတယ်"

"ခင်ဗျာ"

"သူတို့စီးသွားတဲ့လိုင်းကားနဲ့ တခြားကားတစ်စီးနဲ့တိုက်တာကွ"

အာရုံဖုံမျက်လုံးများ ပြာဝေမတတ်ဖြစ်သွားလေသည်။

"ဖုံ ညီလေး. . လိုက်သွားဦး. . အစ်ကိုတို့အလုပ်သိမ်းပြီးတာနဲ့ လိုက်ခဲ့မယ်"

"ဟုတ်ကဲ့. . ."

အဝတ်အစားပင်မလဲတော့ဘဲ ဆေးရုံသို့ အာရုံဖုံမျက်ချင်း



www.burmeseclassic.com

www.burmeseclassic.com



ထွက်ခဲ့လေတော့သည်။ ဆေးရုံသို့ရောက်တော့ အရေးပေါ်ဌာနတွင်. .

"ဒီက လူနာရှင်လား. . ."

"ဟုတ်ကဲ့. . ဒေါက်တာ. . ကျွန်တော့် အမေနဲ့ညီမလေးပါ"

"စိတ်မကောင်းဘူးဗျာ"

"ဟင်"

ဒေါက်တာ့ထံမှ နောက်ဆက်တွဲဆက်ပြီး ထွက်လာမယ့် စကားကို အာရုံဇုံနားစွင့်နေချိန်မှာပဲ. . .

"ခင်ဗျားအမေကတော့ ဒဏ်ရာပြင်းထန်ပြီး ဆုံးသွားပြီ"

"ဗျာ"

"ခင်ဗျားညီမလေးကတော့ မျက်စိထဲကို မှန်စတွေဝင်တဲ့ ဒဏ်ရာကြောင့် မျက်စိဆေးရုံကိုပို့ထားပါတယ်"

အာရုံဇုံ၏ အနာဂတ်ထစ်ခုလုံး မီးလောင်တိုက်သွင်းခြင်းကို ခံခဲ့ရလေပြီမဟုတ်လား. . .

"ဇုံ. . ဇုံ"

အာရုံဇုံ့လက်မောင်းလေးကို ဆုပ်ကိုင်ပြီး ခေါ်နေသော ချစ်သူ မေဝတီဆူးသံကိုကြားရပေမယ့်. . အာရုံဇုံ့မျက်လုံးအိမ်တွင် မျက်ရည်များပြည့်နှက်နေတာကြောင့် ဘာမှမမြင်ရပေ. .

"ဆူးလည်း ကြားကြားချင်းလိုက်လာခဲ့တာ"





"ဆူး. . ငါ. . ငါ. . ."

အာရုံဇုံနှုတ်ဖျားတွင် စကားလုံးများထွက်ဖို့အင်အားပင် မရှိတော့ချေ။

"ဇုံရယ်. . ."

မေဝတီဆူး၏ကြင်နာယုယသော လက်သွယ်ကလေးများဖြင့် ပါးပြင်မှမျက်ရည်တွေကို သုတ်ပေးနေလေသည်။

"ဇုံ. . ."

"ဆူး"

"ဘာတွေအတွေးလွန်နေပြန်ပြီလဲ. . ပြောစမ်း"

"မာမီ့ကို သတိရမိလို့ပါ"

"မီဘဆိုတာ မမေ့ကောင်းပါဘူးဆိုတာ ဆူးသိပါတယ်. . ဒါပေမယ့် ကြေကွဲစရာတွေကိုတော့ သတိရမနေပါနဲ့နော်. . ဇုံ့ကို ပြောရဦးမယ်. . ."

"ဘာများလဲ"

"ဘိုးဘိုးနဲ့ဘွားဘွားက ဇုံ့ကို တွေ့ချင်လို့တဲ့"

"ဟင် ဘာဖြစ်လို့လဲ ဆူး"

"ဘာဖြစ်ရမှာလဲ. . သူတို့ မြေးသမက်ကိုမြင်ချင်လို့ပါဆို၊ ဘာလဲမလိုက်ချင်ဘူးလား ဇုံ"

"ခေါ်မှတော့လိုက်ရမှာပေါ့ဗျာ. . ဆူး ဘိုးဘိုးနဲ့ဘွားဘွားဟာ အရမ်းချမ်းသာရက်နဲ့ဘာလို့ အညတရရွာကိုသဘောတူရ



www.burmeseclassic.com

www.burmeseclassic.com



တာလဲ”

“ဒါကတော့ရှင်းပါတယ်. . ပထမအချက်က ဆူတို့သံယောဇဉ်ကိုယုံလို့. . ဒုတိယအချက်ကတော့ ဘိုးဘိုးနဲ့ဘွားဘွားက ဟိုးအရင်က အရမ်းဆင်းရဲတဲ့ဘဝကနေလာခဲ့ကြတာလေ. . သူတို့နှစ်ယောက်ကို မိဘတွေက စွန့်ပစ်ခဲ့တဲ့ကြားကနေ ဘဝအခက်အခဲတွေကို ရင်ဆိုင်ပြီး ရပ်တည်ခဲ့ကြတာ. . ဖေဖေ့ဒယ်ဒီကို မွေးတဲ့အချိန်ရောက်တော့မှ ချမ်းသာတဲ့စာရင်းဝင်တွေဖြစ်ခဲ့ကြတာလေ. . ဒယ်ဒီကသာ ဘဝကိုမေ့ချင်တာ. . ဘိုးဘိုးနဲ့ဘွားဘွားက ဘယ်တော့မှဘဝကိုမမေ့ဘူး. . အဲ. . ဘိုးဘိုးကပြောဖူးတယ်”

“ဘာများလဲ”

“သူတို့နှစ်ယောက်ဘဝကို ခုလိုအမြင့်ဆုံးထိရောက်အောင်ကြိုးစားခဲ့တဲ့အဓိကအင်အားဟာ ဘာလဲသိလားတဲ့. .”

“ဘာလဲ ဆူး”

“ချစ်ခြင်းတရားတဲ့. . ဘိုးဘိုးနဲ့ဘွားဘွားတို့ရဲ့ ချစ်ခြင်းတရားလေ. . ဒါကြောင့် ဆူးတို့နှစ်ယောက်ရဲ့ချစ်ခြင်းတရားတွေခိုင်မြဲဖို့ပဲလိုအပ်တာ. . .”

“ထာဝရခိုင်မြဲမှာပါ ဆူးရယ်. . ငါ့ဘဝမှာက ညီမလေးအတွက်ဇလွဲပြီး ဆူးနဲ့ဘဝကလေးတစ်ခုတည်ဆောက်ဖို့ ကြိုးစားနေပါတယ်. . .”





“ဆူးကတော့ ဖုံရဲ့ ခုလုပ်နေတဲ့အလုပ်ကိုစွန့်လွှတ်စေချင်ပြီ”

“စိတ်ချပါ. . ညီမလေးအတွက် ငွေပြည့်ပြီဆိုရင် ငါစွန့်လွှတ်မှာပါ”

“ချစ်သူရဲ့ရင်ထဲကိုလည်း ဝင်ကြည့်ပါဦး ရှင်ရယ်. . ဒီမှာငြိမ်းချမ်းရလို့ သေနော့မယ်”

“ငါကတိပေးပါတယ်. . ဆူးတစ်ယောက်စိုးရိမ်ရတဲ့ ဒီအလုပ်ကို ငါမကြာခင်စွန့်လွှတ်မှာပါ. . ဒါနဲ့ဘိုးဘိုးဘွားဘွားဆီဘယ်တော့သွားမှာလဲ. . .”

“ရှေ့အပတ်ထဲမှာ ဆူးစီစဉ်လိုက်ဦးမယ်. .”

“ဖုံဘက်က. . ဘာတွေစီစဉ်ရမှာလဲ ပြော”

“စီစဉ်ရမှာမဟုတ်ဘူး. . ပြောရမှာ”

“ဘာပြောရမှာလဲ”

“ဘိုးဘိုးနဲ့ဘွားဘွားရှေ့မှာ ပြောရမှာက ကျွန်တော် ဘိုးဘိုးနဲ့ဘွားဘွားတို့မြေးလေးကို တစ်သက်လုံးချစ်ပါ့မယ်လို့”

“တစ်သက်တင်မကပါဘူး. . ဘဝအဆက်ဆက်ချစ်မှာသို့တောင်ပြောခဲ့မှာပါ. . .”

“ကိုကိုပိုရေ. . ဒါတော့ပိုလွန်းပြီတော်ရေ”



www.burmeseclassic.com

www.burmeseclassic.com

ဂျာနယ်တိုက်မှအိမ်ကိုပြန်ဖို့ ထွက်လာစဉ်. . .

"တွယ်တာ. . ဟေ့ တွယ်တာ. . ."

တွယ်တာနှင့်အတူ ဂျာနယ်တိုက်တွင် သတင်းထောက်အလုပ်ကို လုပ်ကိုင်နေတဲ့ ကိုချစ်ကို ခေါ်သံကြောင့်. . .

"ဘာ ဒုက္ခပေးဦးမလို့လဲ"

"ဒုက္ခပေးမှာ မဟုတ်ဘူးဟာ. . အကူအညီတောင်းမလို့"

"ကိုချစ်ကို ပိုက်ဆံချေးဖို့ဆိုရင်တော့ မဆာရီးနော်"

"နင်ကလည်း ငါ့ကိုအထင်သေးလှချည်လား. . ပိုက်ဆံမချေးပါဘူးဟာ. . ."

"ဘာလဲ. . အပျိုကြီးချိန္တယ်ကို စာပေးခိုင်းမလို့လား"

"တွယ်တာ. . နင်ကတော့လုပ်ပြီ. . နင်ပြောတာ တစ်ခုမှ မဟုတ်ဘူး. . ငါပြောတာကိုဆုံးအောင်နားထောင်စမ်းပါဟာ"





"ကဲ. . ပြော"

"ဒီနေ့ မင်းအာရုံ ရုပ်ရှင်ဗီဒီယိုထုတ်လုပ်ရေးကုမ္ပဏီက နှမ်ပတ်လည်ဖိတ်ထားတယ်လေ. . ."

"သိသားပဲ"

"အဲဒီမှာ ငါကသတင်းသွားယူဖို့တာဝန်ကျနေတာ"

"တာဝန်ကျနေရင် သွားလိုက်ပေါ့ ကိုချစ်ကိုရယ်. ."

"သွားမှတော့ နင့်ကိုအောက်ကျို့ခံပြီး အကူအညီမတောင်းဘူး. . ခုဟာက ငါမသွားနိုင်လို့"

"ကိုချစ်ကိုက မသွားနိုင်အောင်ဘာဖြစ်နေလို့လဲ"

"ငါ့မှာ မန္တလေးကဧည့်သည်တွေရောက်နေလို့ ညနေကျရင် ရွှေတိဂုံဘုရားကိုလိုက်ပို့ပေးဖို့ ပြောထားလို့ပါဟာ"

"ဧည့်သည်နဲ့တာဝန်. . ဘယ်ဟာကအရေးကြီးလဲ"

"တွယ်တာ. . ငါ့ကိုစကားလုံးကြီးတွေနဲ့ ပြောမနေနဲ့ဟာ. . ခုဧည့်သည်က တော်တော့်ကိုအရေးပါနေလို့ပါ. . ."

"ရွှေဧည့်သည်ပေါ့"

"ရွှေထက်တန်ဖိုးကြီးတဲ့. . ဘဝကြင်ဖော်ဧည့်သည်"

"အလဲ့. . တယ်ဟုတ်နေပါလား"

"ဒါကြောင့်. . နင်ငါ့ကိုယ်စားသွားပေးပါလား"

မင်းအာရုံ ကုမ္ပဏီနဲ့ပတ်သက်ပြီး ရည်စူးတွယ်တာစိတ်ဝင်စားမှုရှိနေတာတော့အမှန်ပင်။ ကိုချစ်ကိုတောင်းဆိုမှုကို



www.burmeseclassic.com

www.burmeseclassic.com



ချက်ချင်းလက်ခံလိုက်လျှင် ဈေးလျှော့သွားမှာကို မဖြစ်လိုတ
ကြောင့်. . .

"ဒီအတွက်. . ."

"လခထုတ်ရင် နင်စားချင်တာကျွေးမယ်"

"ယောက်ျားကတိနော်. . ."

"ယောက်ျားကတိပါ တွယ်တာရယ်"

"ဒါဖြင့် ဖိတ်စာပေး"

"ရော့"

ကိုချစ်ကိုလက်ထဲက ဖိတ်စာလေးကို အိတ်ဆောင်လွယ်အိတ်ထဲကို ထည့်ကာထွက်လာခဲ့လေသည်။

ကျာနယ်တိုက်ပိုင်ကားကို မန်နေဂျာက အရေးပေါ်ယူသွားတာကြောင့် အငှားကားဖြင့်သာလစ်ရမည်ဖြစ်သည်။ ခရီးကုန်ကျစရိတ်ကိုတော့ ကိုချစ်ကိုဆီက သူ မတောင်းခဲ့. . မနက်ဖြန်ကျမှ သတင်းခါတ်ပုံတွေကိုပေးရင်း တောင်းဖို့ပဲရှိတော့သည်။

ရည်စူးတွယ်တာ ငှားစီးလာသောကားလေး မင်းအာရုံခြံကြီးရှေ့သို့ရောက်သည်နှင့်. . .

"ကားဆရာ. . ရပြီ. . ဒီမှာပဲရပ်တော့"

ကားခကိုရှင်းပြီး ခြံထဲသို့ဝင်မည်အပြု. . .

"ဘယ်သွားမလို့လဲ"

ခြံဝတွင် ဒုတိယအကြိမ်လူဆိုးရုပ်နှင့်လူကို တွေ့လိုက်ရ





လေသည်။

"ဘယ်ကိုလာနေတာ ရှင်မြင်သလဲ"

"ဒီနေ့ပွဲကိုဖိတ်ကြားထားသူကလွဲပြီး တခြားသူအဝင်မခံဘူး. . ."

"ရုပ်ကိုကြည့်ထား. . အလှူအိမ်တွေ့တိုင်း ဝင်ပြီးစားတတ်တဲ့ရုပ်မျိုးမဟုတ်ဘူး. . ရော့ ဒီမှာဖိတ်စာ. . ဟွန်း"

လူဆိုးရုပ်နှင့်လူက ဖိတ်စာကိုကြည့်ပြီးဘာမှမပြောတော့သောကြောင့် ခြံထဲကိုဝင်လာခဲ့လေသည်။ ရည်စူးတွယ်တာ ခြံထဲသို့ရောက်တော့ လူတော်တော်များများပင်ရောက်နေကြပြီဖြစ်သည်။ ပါလာသော ကင်မရာကိုအသင့်ပြင်ထားပြီး ရှိမ်ရှင်ငင်းသား၊ မင်းသမီးနှင့်ဒါရိုက်တာတွေဆီကို လျှောက်လာစဉ်. .

"ဟင်"

စားပွဲအလွတ်တစ်ခုတွင် တစ်ယောက်တည်းထိုင်နေသော အာရုံဝုံကို လှမ်းပြီးတွေ့လိုက်ရလေသည်။

အာရုံဝုံက ဘယ်သူ့ကိုမှဂရုစိုက်ခြင်းမရှိဘဲ အအေးပုလင်းကိုသာ မော့သောက်နေလေသည်။ ရည်စူးတွယ်တာ ထိုအခွင့်အရေးကို လက်လွတ်မခံနိုင်ပေ. . ပထမအကြိမ်လက်လွတ်သွားသော အာရုံဝုံနှင့်ပတ်သက်သော အကြောင်းအရာကို ဒုတိအကြိမ်တွေ့ဆုံချိန်တွင် အသုံးပြုန်ချရမည်ဖြစ်သည်။

"ထိုင်မယ်နော်"



www.burmeseclassic.com

www.burmeseclassic.com



"ထိုင်လေ. . ဒီစားပွဲကကျုပ်အပိုင်စားပွဲမှမဟုတ်တာ"

"ရှင့်အတွက် အနှောင့်အယှက်များဖြစ်သွားမလားလို့ပါ"

"မင်းမနှောင့်ယှက်ရင်ဖြစ်စရာမရှိပါဘူး. . ."

"အဲ"

ရည်စူးတွယ်တာ သူ့စကားနှင့်သူပိတ်မိနေလေပြီ. . ဘယ်လိုပဲဖြစ်ဖြစ် စားပွဲဝိုင်းတွင် ဝင်ပြီးထိုင်လိုက်သည်။

"ရှင်စတန့်မင်းသားဘဝကို ဝါသနာပါလို့လုပ်နေတာလားဟင်. . ."

"မင်းကကျုပ်ကို ဝါသနာကြောင့်လုပ်တဲ့လူလို့ထင်ထားလို့လား. . ငွေရလို့လုပ်နေတာပေါ့. . မင်းတကယ်စပ်စုတာပဲ"

"စပ်စုတာမဟုတ်ပါဘူး. . သတင်းယူနေတာပါ"

"ကျုပ်ဂျာနယ်စာမျက်နှာမှာ ကျုပ်သတင်းပါတာကို မမြင်ချင်ဘူး. . ."

"ဒါဆိုလည်း ပုဂ္ဂိုလ်ရေးအရသိချင်တယ်လေ"

"မင်းနဲ့ကျုပ်က ခုမှတွေ့တာနှစ်ခါပဲရှိသေးတယ်. . ပုဂ္ဂိုလ်ရေးအရပြောပြဖို့အကြောင်းက သိပ်ပြီးမခိုင်လုံဘူး"

"နှစ်ကြိမ်နှစ်ခါကို နှစ်နဲ့စားကြည့်လိုက်ရင် သိပ်ခင်ဖို့ကောင်းတဲ့အကြောင်းတွေရှိလာနိုင်ပါတယ်. . ခင်ကြည့်ပါလား"

ရည်စူးတွယ်တာစကားကို အာရုံဖုံပြုံးလေသည်။ ပြီးမှ. .

"မင်းစကားကိုကြားရတာ တကယ်ခင်ချင်စိတ်ပေါက်ပါ





တယ်. . ."

"ဒါဆိုပြောပြပါလား"

"မင်းဘာသိချင်တာလဲ. . အကြောင်းအရာတစ်ခုကိုပဲမေး"

"မေးမယ်နော်. . ရှင်စတန့်လောကကိုရောက်ခဲ့ရတဲ့အကြောင်းလေးပြောပြပါ. ."

"ကျုပ်အရင်က ဆိုင်ကယ်ပြင်သမားတစ်ယောက်ပါ. . ဆိုင်ကယ်တွေဇက်စမ်းဖို့မောင်းရင်းနဲ့ဆိုင်ကယ်လောကမှာကျုပ်နာမည်လေးတစ်ခုရလာခဲ့တယ်. . ဆိုင်ကယ်ကို ကျွမ်းကျင်စွာ မောင်းနိုင်လို့ပါ. . ဒီနောက်တော့ ဗီဒီယိုထုတ်လုပ်သူတွေက အစားထိုးဖို့ခေါ်ပြီးသုံးရင်းနဲ့ စတန့်မင်းသားဘဝကို ရောက်ခဲ့တာပါ. . သိပ်ပြီးထူးထူးခြားခြားတော့မရှိပါဘူး. . ."

"ဩော်. . ရှင့်မှာအိမ်ထောင်ရှိလား. . ."

"ကဲ. . အမိ ကျုပ်တစ်ခုပဲမေးခွင့်ပေးထားတယ်. . နောက်ထပ်မေးခွန်းကိုတော့မဖြေနိုင်ဘူး"

"ဒါလေးဖြေရတာ အပန်းကြီးတာမှတ်လို့"

"အပန်းမကြီးပါဘူး. . ဒါပေမယ့် တစ်ခုဆိုတစ်ခုပဲဖြေချင်တာ. . ."

"အင်း. . မဖြေချင်လည်းနေပေါ့. . နောက်တစ်ခါတွေ့တော့မေးရတာပေါ့. . ."



www.burmeseclassic.com

www.burmeseclassic.com



ရည်စူးတွယ်တာအတွက် ဘာမှမရတာထက်စာရင် အကြောင်းတစ်ခုလောက်ကို သိခွင့်ရတာကြောင့် ကျေနပ်ရမယ်။

"မင်းသတင်းလာယူတာမဟုတ်ဘူးလား. . ."

"ဟုတ်တယ်"

"သတင်းမယူဘဲ ငါနဲ့လာပြီးထိုင်နေရတယ်လို့"

"ရှင့်သတင်းလောက် စိတ်ဝင်စားစရာမရှိပါဘူး. . ဘယ်မင်းသား ဘယ်မင်းသမီးလာတယ်ဆိုတာပဲရှိတာပါ. . စိတ်ဝင်စားဖို့မကောင်းဘူး. . ဒါသတင်းမှမဟုတ်တာ. . သူတို့အတွက် ကြော်ငြာလုပ်ပေးရသလိုဖြစ်နေတာလေ"

"မင်းကဘယ်လိုသတင်းမျိုးကို လိုချင်တာလဲ. . ."

"အင်း. . ပြောရရင် သိပ်ပြီးကြီးကျယ်ရာကျမယ်. . ကမ္ဘာစစ်ပွဲတွေဆီကိုသွားပြီးသတင်းယူချင်တာ. . ပြီးတော့ သည်းထိတ်ရင်ဖိုဖြစ်စေတဲ့သတင်းတွေပဲ နှစ်သက်တာလေ. . ."

"ကျွန်ုပ်နဲ့ပတ်သက်တဲ့သတင်းကို ဘာလို့စိတ်ဝင်စားရတာလဲ. . ."

"ရှင်က သေမင်းပါးစပ်ထဲကနေ ခုန်ထွက်နေလို့. . ."

ရည်စူးတွယ်တာစကားကို အာရုံဖုံဘာမှမပြောတော့ဘဲ နေစဉ်. . .

"ဗိုး"

"ဆူး"





"ရောက်နေတာကြာပြီလား. . ."

"နည်းနည်းကြာသွားပြီ"

"ဆောရီးနော်. . ဒယ်ဒီက သူ့မိတ်ဆွေတွေနဲ့မိတ်ဆက်ပေးနေလို့"

အာရုံဖုံဘေးတွင် ဝင်ပြီးထိုင်နေပြီဖြစ်တာကြောင့် ရည်စူးတွယ်တာ ဆက်ပြီး ထိုင်နေဖို့မသင့်တော့ပေ. . .

"ကိုအာရုံဖုံ သွားခွင့်ပြုပါဦး"

"ကောင်းပါပြီ. . ဩော်. . ခုလာမယ့်စနေနေ့မှာ စတန့်တစ်ခုကိုရိုက်ဖို့ရက်ချိန်းပေးထားတယ်. . လာခဲ့ဦး"

"စိတ်ချ. . ဆက်ဆက်လာခဲ့မယ် ဘိုင်"

ရည်စူးတွယ်တာ လက်ကလေးပြပြီး ထွက်သွားပြီးနောက်. . .

"ဗို"

နှုတ်ခမ်းလေးစူပြီး ခေါ်လိုက်တဲ့ မေဝတီဆူးခေါ်သံကို အာရုံဖုံ သဘောပေါက်လိုက်ပြီး. . .

"ကောင်မလေး သဝန်တိုနေပြန်ပြီ"

"တိုတယ်. . ဘယ်တုန်းကစသိတာလဲ. . ပြောစမ်း"

"ဘယ်တုန်းကမှမသိခဲ့ပါဘူးဗျာ. . သူက ဗိုနဲ့ပတ်သက်ပြီး သတင်းယူချင်လို့ အင်တာဗျူးနေတာပါ"

"သေချာတယ်နော်"



www.burmeseclassic.com

www.burmeseclassic.com



"ချစ်သူလေးကို မညာရက်ပါဘူး"

"ရှေ့မှာတော့ ဒီလိုပဲပြောတာပဲ. . နောက်ကွယ်ကျတော့ လုပ်ချင်တာလုပ်နေတာ. . ကဲ ထားပါလေ ဒယ်ဒီနဲ့ခုလာမယ့် စနေနေ့မှာ ဇာတ်ဝင်ခန်းတစ်ခန်း ရိုက်ဖို့ကတိပြုပြီးပြီဆို"

"ဟုတ်တယ်လေ"

"ဇုံရယ်. . ဘာလို့ဒီလောက်အန္တရာယ်ကြီးတာကို လက်ခံ ရတာလဲ. . ."

"ဘယ်လောက်များ အန္တရာယ်ကြီးလို့လဲ ဆူးရယ်"

"ဇုံ စဉ်းစားကြည့်လေ. . ခုရိုက်မယ့်ရိုက်ကွင်းက ချောက် ထဲကို ဆိုင်ကယ်နဲ့မောင်းပြီးဆင်းရမှာ. . ဘာမှမဖြစ်ဘူးလို့ ပြော နိုင်မလား. . မလုပ်ပါနဲ့လား"

"ဇုံ ကတိပေးပြီးသွားပြီ ဆူး"

"ကတိပေးတာပဲ နောက်ဆုတ်မယ်ဆို နောက်ဆုတ်လို့ ရတယ်. . ."

"ဆူး. . ကိုယ်ကတိတစ်လုံးကိုမဖျက်ချင်ဘူး. . အထူး သဖြင့် ဆူးဒယ်ဒီကိုပေးထားတဲ့ကတိဖြစ်နေလို့ပိုပြီးမဖျက်ချင် တာ. . ."

"ဇုံရယ်. . ဆူးရင်တွေမောအောင်လုပ်ပြန်ပြီ"

"ခဏလေးပါ ဆူးရယ်. . ညီမလေးအတွက်ငွေကသိပ် မလိုတော့ပါဘူး"





"ဆူးရယ်. . ကိုယ်ဖြင့်ရှာလိုက်ရတာ. . ."

"ဟင်"

အာရုံဇုံနှင့်မေဝတီဆူးတို့စားပွဲတွင် နေဇော်ဝင်ပြီးထိုင် တာ ပြောလိုက်သော စကားကို. . .

"နင်ကဘာလို့ရှာရတာလဲ"

"အန်ကယ်က ရှာခိုင်းလို့"

"နင်အပိုစကားမပြောနဲ့. . ငါဒယ်ဒီ့ကို ပြောပြီးထွက်လာ ခဲ့တာ. ."

"နင်က ငါ့စကားကိုမယုံဘူးလား"

"ယုံစရာအကြောင်းမရှိဘူး"

"ဆူး နင့်စကားတွေကိုဆင်ခြင်နော်"

"မဆင်ခြင်တော့နင်ကဘာပြောချင်လဲ ပြောလေ"

"နင်နဲ့ငါက မကြာခင်လူကြီးချင်းသဘောတူတော့မယ့် သူတွေလေ. . ."

"လူကြီးချင်းသဘောတူတာ ငါတူတာမဟုတ်ဘူး. . သိပ် ပြီးတော့ဖြစ်မနေနဲ့. . နင့်ကိုဘယ်တော့မှမယူဘူး"

"နင်က ဘာမဟုတ်တဲ့လူရဲ့မှိုင်းကိုမိနေတာကိုး. . ."

"နေဇော်. .နင့်ပါးစပ်ကိုပိတ်ပြီးငါ့ရှေ့ကခုထွက်သွားနော်"

"နင်မလိုက်ဘူးဆိုရင်မသွားဘူး"

"တောက်. . တော်တော်အောက်တန်းကျတဲ့ကောင်"



www.burmeseclassic.com

www.burmeseclassic.com



"ဆူး"

"ဗုံ"

"လိုက်သွားလိုက်ပါ"

"မလိုက်ဘူး. . ."

"မင်းစကားကိုတော်တော်နားဆောင်မယ့်ပုံပဲ. . ဟား ဟား ဟား. . ."

"မင်း ဦးနန္ဒစည်နဲ့ ဘယ်လိုပတ်သက်တယ်ဆိုတာ ငါမသိဘူး. . မင်းကိုသည်းခံနေတာကြောက်တယ်လို့တော့မထင်နဲ့. . ငါကြောင့်အနှောင့်အယှက်ပေးသလိုဖြစ်သွားမှာစိုးလို့. . ."

"ဟား ဟား ဟား. . နေဇော်ဆိုတဲ့ကောင် ဘာကောင်လဲဆိုတာ မင်းစုံစမ်းလိုက်ဦး"

"စုံစမ်းစရာမလိုပါဘူး၊ သိအောင်လုပ်ရုံပဲရှိတယ်. . ကဲ"

"ဖြောင်း. . ."

"အင့်"

အာရုံဖုံစားပွဲမှထပြီး လက်ပြန်ရိုက်ချလိုက်တာကြောင့် နေဇော်ဘေးသို့ယိမ်းကျသွားပြီး. . ပြန်ယတာ အာရုံဖုံကိုတိုက်ခိုက်လေသည်။ ဒါပေမယ့် လက်ရည်က သိပ်ပြီးကွာနေတာကြောင့်. . အာရုံဖုံလက်သီးကြားတွင် နေဇော် စကားပေးမရဘဲ မှောက်သွားလေသည်။

ဧည့်ခံပွဲကိုလာရောက်ကြသောလူများ အာရုံဖုံတို့ရန်ဖြစ်ကြောင့် ရုတ်ရုတ်သဲသဲဖြစ်သွားချိန်တွင် ရည်စူးတွယ်တာ ကင်မရာတစ်လုံးဖြင့် လျှင်မြန်စွာ ရိုက်ယူလိုက်လေသည်။

"အာရုံဖုံ . . မင်းဘာလုပ်တာလဲ"

ဦးနန္ဒစည် ဒေါသတကြီးနှင့်ရောက်လာပြီးမေးလေသည်။

"ဖုံ လွန်တာမဟုတ်ဘူး. . ဒီကောင်လွန်တာ အသားလွတ်ကြီး ရန်လာစတာ. . ."

"သမီး. . ."

"စိတ်မကောင်းပါဘူး ဦးနန္ဒစည်. . တတ်နိုင်သလောက်တော့သည်းခံပါတယ်. . ဒါပေမယ့်အတိုင်းထက်လွန်လာလို့ ခုလိုတုံ့ပြန်လိုက်ရတာပါ. . တောင်းပန်ပါတယ်၊ ဆူး. . သွားခွင့်ပြုဦး"

"ဗုံ. . ."

အာရုံဖုံ. . ဆူးကိုတစ်ချက်လှည့်ကြည့်ပြီး ကျောခိုင်းထွက်သွားလေသည်။ ရည်စူးတွယ်တာ ကင်မရာလေးကိုသိမ်းကာ အပြင်သို့ခပ်သွက်သွက်ကလေးထွက်ခဲ့လေသည်။

ခြံအပြင်ကိုရောက်တော့ အာရုံဖုံ အရိပ်အယောင်ကိုတွေ့ရတော့ပေ. . ရည်စူးတွယ်တာ တာဝန်ပြီးသွားပြီဖြစ်တာကြောင့် အိမ်ပြန်ဖို့သာ ရှိတော့သည်။ ကားလမ်းမထက်ကိုထွက်ပြီး အငှားကားစောင့်စဉ်. . .

"တွယ်တာ"

"ဟာ. . ဦးချစ်မင်း"







www.burmeseclassic.com

www.burmeseclassic.com



"ပြန်တော့မလို့လား. . ."

"ဟုတ်ကဲ့"

"ဒါဆို ငါလည်း ကားသိမ်းတော့မှာ ကားပေါ်တက်"

ရည်စူးတွယ်တာနှင့်တစ်ရပ်ကွက်တည်းနေထိုင်သူ အငှားကားဆရာ ဦးချစ်မင်းကားပေါ်သို့တက်လိုက်ပြီး မောင်းထွက်လာစဉ်. . လူနှစ်ယောက်အငှားကားကို လှမ်းပြီးတားနေသည်။

"ဘယ်သွားကြမလို့လဲ"

"တာမွေ"

"ဒါဆိုလမ်းကြုံတယ်. . တက်လေ. . ."

အငှားကားနောက်ခန်းမှ တက်လာကြသောလူနှစ်ယောက်သည် မင်းအာရုံညှော်ခံပွဲမှပြန်လာကြသော လူကြမ်းတွေလား လူဆိုးတွေလားတော့မသိ။ ဥပမိရုပ်တွေက တကယ့်လူဆိုးရုပ်များပင်. . .

"ချက်ဖောင်း"

"ဘာလဲ ဟန်ဒြေး"

"စနေနေ့အစီအစဉ်ဘယ်လိုလဲ. . ."

"ဒီတစ်ခါတော့ ကိစ္စပြတ်ရှင်းဖို့မှာလိုက်တာပဲကွ"

"ဘယ်လိုရှင်းမလဲ. . ဒီကောင်က ဆေးစွမ်းကောင်းများရှိနေသလားမသိဘူး. . စွမ်းတာတော့စွမ်းတယ်"

"ဒီတစ်ခါဘယ်လောက်စွမ်းလဲဆိုတာ စောင့်ကြည့်ရတာ





ပေါ့. . မင်း လူရှာပြီးပြီလား. . ."

"ငွေပေးရင် လူကပေါပါတယ်"

"လူပေါတာအရေးမကြီးဘူး. . လက်ယဉ်ဖို့နဲ့နှုတ်လုံဖို့တော့လိုတယ်နော် ချက်ဖောင်း"

"စိတ်ချစမ်းပါကွာ. . ချက်ဖောင်းဆိုတဲ့ကောင်က မပိုင်ရင် ဘာမှမလုပ်ဘူး. . စောင့်သာကြည့်နေ"

ကားနောက်ခန်းမှ မထင်မှတ်ဘဲကြားလိုက်ရသော စကားသံတွေကြောင့် ရည်စူးတွယ်တာ အံ့ဩထိတ်လန့်သွားသည်။ လူနှစ်ယောက်ပြောနေသော စကားများသည် အာရုံဖုံကို အပြတ်ရှင်းရန်ပြောနေသောစကားများပင်ဖြစ်သည်။ ဒီနေ့သောကြာနေ့ဖြစ်တာကြောင့် မနက်ဖြန်စနေနေ့တွင် အာရုံဖုံအတွက်အသက်အန္တရာယ်က မလွှဲမသွေရောက်တော့မည်ဖြစ်သည်။

ရည်စူးတွယ်တာ ဘာလုပ်ရမည်ကို စဉ်းစားပေမယ့် အဖြေမထွက်။ အာရုံဖုံရဲ့လိပ်စာကို မသိတာကြောင့် အသိပေးအကြောင်းကြားဖို့ အတွက်ခက်နေလေပြီ. . ဒါကြောင့် ရည်စူးတွယ်တာလုပ်နိုင်တာတစ်ခုပဲရှိတော့သည်။ မနက်ဖြန် တွင် အာရုံဖုံကိုအချိန်မီသတိပေးနိုင်ရေးပင်ဖြစ်တော့သည်။



www.burmeseclassic.com

“ဟူး”

ရည်စူးတွယ်တာ. . လက်ကနာရီကိုကြည့်လိုက်တော့ အချိန်က တဖြည်းဖြည်းနောက်ကျနေလေပြီ. . လမ်းမပေါ်တွင် ရောက်နေတာနာရီဝက်ကျော်နေလေပြီ. . ခုထိကားငှားလို့မရနိုင်အောင်ဖြစ်နေလေသည်။

ရည်စူးတွယ်တာ မျက်နှာပေါ်တွင် ချွေးကလေးတွေ တောင့်စို့နေလေသည်။ တကယ်ဆို သူနှင့်အာရုံက ဘာမှ ပတ်သက်ခဲ့သူမဟုတ်ဘဲနှင့်သူစိုးရိမ်မှုကြီးထွားနေတာကို အံ့သြစရာပင်. . .

“ကွို”

အငှားကားတစ်စီး ထိုးရပ်လိုက်သည်နှင့်. . .

“မှော်ဘီဘက်ကိုသွားချင်လို့”

“ရတယ်လေ. . ဈေးတော့ကြီးတယ်”

“ရတယ်. . ရှင်သာအမြန်ဆုံးမောင်းပေးပါ. . သိပ်အရေးကြီးနေလို့. . .”





“စိတ်ချ. . အငှားကားလောကမှာဂျက်ဆိုတာကျူပ်ပဲ”

အငှားကားလေးစတင်ပြီးထွက်မှ စိုးရိမ်မှုကပိုပြီး ကြီးထွားလာနေသလိုပင်. . .

“မီပါ့မလား. . . ကားဆရာ”

“ပြော”

“ရှင့်ကားကို ဒီ့ထက်မြန်အောင် မောင်းလို့မရဘူးလား”

“မမလေးရယ်. . ဒီ့ထက်မြန်ရင် ကျွန်တော်တို့နှစ်ယောက်သုံး ဆေးရုံနဲ့သုသာန်တစ်ခုခုကိုရောက်သွားလိမ့်မယ်”

“ရှင်ပြောတာ ဂျက်ဆို”

“ကျွန်တော့်ကား ဒီထက်ပိုပြီးမောင်းလို့မရတော့လို့ပါ”

အငှားကားဆရာမှာ မောင်းတော့မောင်းနေသော်လည်း ရည်စူးတွယ်တာ စိတ်စောနေလို့သာ ကားကိုနှေးတယ်လို့ ထင်နေခြင်းဖြစ်သည်။

“ဖောင်း”

“ဟာ. . သွားပြီ”

“ဟင်”

ကားမှာ လမ်းဘေးသို့ထိုးရပ်သွားလေတော့သည်။ ရည်စူးတွယ်တာကြားလိုက်ရသော အသံက တာဘီးပေါက်သံ။

“မမလေးရေ. . ခဏလေးနော်”

“တောက်”

www.burmeseclassic.com



ရည်စူးတွယ်တာ ကားအောက်ကိုဆင်းပြီး နောက်ထပ် ကားတစ်စီးကိုစောင့်ပေမယ့် ဘာအရိပ်အယောင်မှပင် မတွေ့ရပေ။ အချိန်က လုံးလုံးနောက်ကျနေလေပြီဖြစ်သည်။ အငှားကားဆရာကတော့ ကားဘီးကိုချက်ချင်းဖြုတ်ပြီးလဲပေမယ့် ကား ဘီးတပ်ပြီးလို့ ရိုက်ကွင်းကိုရောက်ရင်လည်း အာရုံဖုံကို သူသတိ ပေးဖို့အချိန်မရတော့ပေ. . .

"ဘုရားသခင်ရယ်. . စောင့်ရှောက်ပေးတော်မူပါ"

ရည်စူးတွယ်တာ ရင်ဘတ်ပေါ်မှဆွဲပြားလေးကို နှုတ်ခမ်းနှင့်ကပ်ကာ အာရုံဖုံ့အတွက် ဘုရားသခင်ထံတွင် ဆုတောင်းပေးနေမိတော့သည်။

"ရှင့်အတွက် ကျွန်မတာဝန်မကျေတာကို ခွင့်လွှတ်ပေးပါ အာရုံဖုံ"

* * *

"အက်ရှင်. . ."

"ဦး"

ဆိုင်ကယ်ကိုစက်နှိုးပြီး ချောက်သဖွယ်ဖြစ်နေသော တောလမ်းထဲကိုစတင်ပြီး မောင်းခဲ့လေတော့သည်။

ထိုမြင်ကွင်းကို ကြည့်နေသူနှစ်ဦးကတော့ ဦးနန္ဒစည်နှင့် မေဝတီဆူး. .

ဦးနန္ဒစည်ကတော့ အောင်မြင်သောအပြုံးနှင့်ကြည့်နေခြင်းဖြစ်ပေမယ့်. . မေဝတီဆူးကတော့ ချစ်သူအတွက်ပူပန်သောကများနှင့် မျက်လုံးကိုစုံမှိတ်ပြီးနေလေသည်။

အာရုံဖုံမောင်းလာသော ဆိုင်ကယ်မှာ ကင်မရာနှင့်သိပ်မဝေးပေမယ့် ဆိုင်ကယ်စက်ကို သတိကြီးစွာနှင့်မောင်းနေရသည်။

"ဟင်"

အမှတ်မထင်လှမ်းတွေ့လိုက်သော ကြိုးစကြောင့် အာရုံသူတို့ တစ်ယောက်ယောက်က ထောင်ချောက်ဆင်ထားပြီဆိုတာကို သိလိုက်ပေမယ့်. . .



www.burmeseclassic.com

www.burmeseclassic.com



"ဝုန်း"

မမျှော်လင့်ဘဲ သစ်ပင်ကြီးတစ်ပင် ဆိုင်ကယ်ရှေ့တည့်တည့်တွင် လဲကျလာသဖြင့်. . ဆိုင်ကယ်အရှိန်နှင့် ဝင်ပြီးတိုက်ကာ လွင့်စဉ်သွားလေတော့သည်။

ဆိုင်ကယ်နှင့်လူတစ်နေရာစီဖြစ်သွားပြီး အာရုံဖုံးခေါင်းနှင့်သစ်ပင်တိုက်မိကာ သတိလစ်သလိုဖြစ်သွားသည်။ ဒါပေမယ့်မျက်လုံးထဲတွင် ဆိုင်ကယ်မီးလောင်နေတာကို တွေ့လိုက်ရတာကြောင့် ပေါက်ကွဲမှုဖြစ်လျှင် အာရုံဖုံးလွတ်လမ်းမမြင်ပေ. . .

အားတိုတင်းပြီး အေးမှချောက်ထဲကို လိမ့်ချလိုက်လေတော့သည်။

"ဝုန်း"

ပေါက်ကွဲသံကြီးကို အာရုံဖုံးကြားလိုက်ရပြီး မီးတောက်မီးလျှံများကို ဝေဝါးနေသော မျက်လုံးအိမ်ထဲတွင်မြင်လိုက်ရပြီးဘာမှမမြင်ရတော့ပေ. . .

"ဖုံ. . ."

"သမီး. . မသွားနဲ့"

"ကယ်ကြပါဦး. . ဖုံသေပြီ. . ."

မေဝတီဆူး ဦးနန္ဒစည် ဆွဲထားသည့်ကြားမှ ရုန်းကန်ပြီး ဆိုင်ကယ်ပေါက်ကွဲသောနေရာဆီကို ပြေးသွားလေသည်။

"ဟောကောင်တွေ. . ဆွဲထားစမ်း"





မေဝတီဆူးကို ဝိုင်းပြီးဆွဲထားတာကြောင့် ရုန်းထွက်လို့မရနိုင်အောင်ဖြစ်သွားလေတော့သည်။

"ဖုံ. . ဖုံ. . ."

မေဝတီဆူးနှုတ်ဖျားမှ အော်ရုံသာတတ်နိုင်တော့သည်။ မေဝတီဆူးကို ကားထဲသို့ခေါ်သွားပြီး ဦးနန္ဒစည် ရုပ်ရှင်အဖွဲ့သားများကို. . .

"ဘယ်လိုလဲ ဒါရိုက်တာ. . ."

"လူကတော့ ရှာမတွေ့ဘူး. ."

"ဘာ. . ရှာမတွေ့ဘူးဆိုတော့. . သေသွားပြီလား"

"အင်း. . ဒီပုံစံအတိုင်းဆို သေဖို့ကများတယ် ဦးနန္ဒစည်"

"ဟာကွာ. . ."

ဦးနန္ဒစည် စိတ်မကောင်းသောမျက်နှာအသွင်အပြင်ကိုပြသည်။

"ကဲ. . သက်ဆိုင်ရာလာရင် ရှင်းပြလိုက်တော့. . လျော်ကြေးတာကို ငါရှင်းပေးမယ်. . ငါပြန်မယ်"

"ဟုတ်ကဲ့"

ဦးနန္ဒစည် ကားပေါ်တက်ပြီး မောင်းထွက်စဉ်. . .

"ဒယ်ဒီ မတရားဘူး"

"သမီးရယ်. . ဒက်ဒီက ဘာလုပ်မိလို့လဲ"

"ဒါ. . ဒက်ဒီ ဖုံ့ကို တမင်သေအောင်လုပ်တာပဲ"



www.burmeseclassic.com

www.burmeseclassic.com



"သမီး. . ပေါက်ကရမပြောနဲ့. . ဒါဇာတ်လမ်းသဘော အရ လုပ်ကိုင်ကြတာလေ. . ဒက်ဒီနဲ့မဆိုင်ဘူး. . အာရုံရုံက ငွေ ကိုမက်ပြီး ဝင်လုပ်တာကို. . ."

"ဒက်ဒီ ဒီဇာတ်လမ်းကို စာရေးဆရာဆီမှာ ငွေပုံပေးပြီး ရေးခိုင်းတာမဟုတ်လား. . ."

"သမီး. . နင့်ပါးစပ်ပိတ်ထားစမ်း၊ ထင်ရာတွေ လျှောက် ပြီးပြောမနေနဲ့. . ဗီဒီယိုရုပ်ရှင်ကိစ္စမှာ ဒက်ဒီကငွေ ကြေးအကုန် အကျခံတာပဲရှိတာယ်၊ တခြားကိစ္စတွေကို ဒါရိုက်တာကစီစဉ်တာပဲ"

မေဝတီဆူး ဘာမှစကားမဆက်တော့ဘဲ ငိုချလိုက်လေ တော့သည်။

"ဒက်ဒီလည်း စိတ်မကောင်းပါဘူး. . ."

"ဒက်ဒီ"

"သမီး. . ဘာပြောချင်လဲ. . ပြောလေ"

"ဇို သေသွားပြီလား"

"ဒါရိုက်တာနဲ့ရုပ်ရှင်အဖွဲ့သားတွေကတော့ လူကို ရှာ မတွေ့ဘူးဆိုမှတော့. . ပေါက်ကွဲမှုထဲပါသွားပြီလို့ဆင်တာပဲ"

"ဇို မသေဘူး. . ဇိုမသေရဘူး. . ."

"သမီးလေးရယ်. . ."

မေဝတီဆူး မျက်ရည်များနှင့် အော်ဟစ်နေမိတော့သည်။ ရည်စူးတွယ်တာ အငှားကားလေး ရုပ်ရှင်ရိုက်ကွင်းကိုရောက်





တော့. . ရုတ်ရုတ်သဲသဲဖြစ်နေတာကို တွေ့မြင်လိုက်ရပြီး. . .

"ဘာဖြစ်တာလဲဟင်"

"ဟို. . စတန့်မင်းသားဆိုင်ကယ် သစ်ပင်နဲ့တိုက်မိပြီး ပေါက်ကွဲသွားတယ်. . ."

"ရှင်. . ဘုရားသခင်. . လူကရော. . ."

"သေပြီထင်တာပဲ. . ခုထိအလောင်းတောင်ရှာမတွေ့ သေးဘူး"

ရည်စူးတွယ်တာ တစ်ယောက် သက်မဲ့လူတစ်ယောက်လို ဖြစ်သွားလေသည်။ သူအချိန်မီမရောက်ခဲ့ခြင်းကြောင့်ဆိုသော အတွေးက ရည်စူးတွယ်တာရင်ထဲကိုရောက်ခဲ့ပြီး. . ကြေကွဲစေခဲ့ လေသည်။ လေးလံသော ခြေလှမ်းတို့ဖြင့် ဆိုင်ကယ်မီးလောင်တဲ့ နေရာဆီကို လျှောက်လာခဲ့မိလေသည်။

"ကျွန်မတောင်းပန်ပါတယ် အာရုံရုံရယ်. . ."

မီးခိုးငွေ့များ တလွင့်လွင့်တက်နေသော ဆိုင်ကယ်ကို ကြည့်ပြီး ရည်စူးတွယ်တာ စိတ်ထဲမှအကြိမ်ကြိမ်တောင်းပန်နေမိ လေတော့သည်။ တဖြည်းဖြည်းနှင့် ရိုက်ကွင်းတွင်လူက မရှိသ လောက်ဖြစ်သွားပြီဖြစ်တာကြောင့်. . ရည်စူးတွယ်တာ ခြေလှမ်း ကို နောက်သို့ပြန်ပြီးလှမ်းရန်ပြင်ချိန်တွင်. . ရည်စူးတွယ်တာ မျက်လုံးစုံသည် တစ်ဖက်ချောက်ထဲသို့အကြည့်ရောက်သွားပြီး ဆိုင်ကယ်စီးလက်အိတ်ကလေးတစ်ခုကို သစ်ပင်တစ်ပင်ပေါ်

www.burmeseclassic.com



တွင် တင်နေတာကိုတွေ့လိုက်ရသဖြင့်. . .

"ဒါ. . အာရုံဖုံ့လက်အိတ်ပဲဖြစ်ရမယ်. . ."

ချောက်ထဲသို့ သတိနှင့်ဆင်းကာ လက်အိတ်ဆီသို့ ရောက်အောင်သွားခဲ့လေသည်။ သစ်ပင်တွင်တင်နေသော လက်အိတ်ကို လှမ်းယူပြီးအောက်သို့ဆင်းပြီးကြည့်တော့. . .

"ဟယ်"

ချောက် အောက်ဘက်တွင် ခြေထောက်တစ်ဖက်ကို ထပ်ပြီး တွေ့လိုက်ရသည်။ ရည်စူးတွယ်တာ အပေါ်မှလူတွေကို လှမ်းခေါ်ဖို့ကြည့်ပေမယ့် တစ်ယောက်မှမရှိတော့ပေ. . .

ချောက်အောက်ဆုံးကိုဆင်းသွားဖို့ကလည်း လွယ်တဲ့ကိစ္စမဟုတ်. . ခြေချော်လက်ချော်ကျရင်တောင် ကျိုးပဲ့သွားနိုင်လေသည်။ ဒါပေမယ့် ရည်စူးတွယ်တာ အာရုံဖုံ့ကို ဒီအတိုင်းထားရစ်ပြီး မပြန်နိုင်ပေ. . ချောက်ထဲကို ဆင်းတဲ့လမ်းမှ သစ်ပင်အခက်များကိုကုတ်ဖွဲ့ပြီး ချောက်အောက်ကိုရအောင်ဆင်းခဲ့လေသည်။

"အား. . နာလိုက်တာ. . ."

အောက်ကိုရောက်တော့ ရည်စူးတွယ်တာ လက်ဖဝါးများတွင် ပွန်းရှပြီး သွေးများပင်ထွက်နေလေသည်။

"ဖုံ. . အာရုံဖုံ့"

သတိမေ့သလား. . သေနေသလားမသိတဲ့ အာရုံဖုံ့ကို





လှုပ်ပြီး ခေါ်မိသည်။

"အီး. . ."

"ဟင်. . ."

အာရုံဖုံ့မှ တစ်ချက်ညည်းညူပြီး သတိပြန်လစ်သွားလေသည်။ ရည်စူးတွယ်တာ အာရုံဖုံ့ကို ပွေ့မပြီး ခေါ်ဖို့ဆိုတာ ဘယ်လိုမှမဖြစ်နိုင်တာကြောင့် အေးပတ်ဝန်းကျင်ကို အကူအညီတောင်းရန်တလည်း တောထဲမှာဆိုတော့ လမ်းစမတွေ့နိုင်ပေ။

အာရုံဖုံ့ကို ထားရစ်ပြီး သွားပြန်ရင်လည်း တခြားသားတောင်များနှင့်တွေ့ပြီး ဆွဲမှာကိုလည်း တွေးပြီးစိုးရိမ်ပြန်သည်။ အာရုံဖုံ့အေးတွင် ထိုင်ချကာ ဘာလုပ်ရမှန်းမသိအောင်ဖြစ်နေလေသည်။

"ရေ. . ရေပေးပါ"

"ဟင်. . ရှင်သတိရပြီလား. . ."

"အား. . ခေါင်းထဲကမူးလိုက်တာ. . ကျုပ် ဘယ်ရောက်နေတာလဲ. . ."

"ရှင် တောထဲရောက်နေတာ. . နောက်မှစကားပြောခေါင်းကဒဏ်ရာကိုအရင်အဝတ်စည်းထားလိုက်ဦးမယ်. . ."

"ဗြဲ"

ရည်စူးတွယ်တာ လက်မောင်းမှအကျႌစကို ဆွဲဖြဲလိုက်ပြီး အာရုံဖုံ့ခေါင်းတွင် စည်းပေးထားလိုက်သည်။



www.burmeseclassic.com

www.burmeseclassic.com



"မင်း. . မင်း. . သတင်းထောက်"

"ဟုတ်တယ်"

"ဘယ်လိုလုပ်ပြီး ရောက်လာတာလဲ. . ."

"ရှင့်ကိုလူတွေက ရှာမတွေ့တော့ဘူးဆိုပြီး သွားကြ
လေ. . ကျွန်မက ဘုရားသခင်စေညွှန်ပေးလို့ရောက်လာတာ

"ကျေးဇူးတင်ပါတယ်ကွာ"

"ကျေးဇူးစကားတွေနောက်မှပြော. . အပေါ်ကို ဘယ်
ပြန်တက်မလဲ. . ."

"အ"

အာရုံဝိုံ ထဖို့ပြင်ပေမယ့် ခြေထောက်ကလုံးဝထောက်
မရ။

"ရှင် အရမ်းမထနဲ့လေ. . ရှင့်ခြေထောက်က ဘာဖြ
သလဲမသိတာ. . ."

"တောက်"

အာရုံဝိုံ ခံပြင်းစွာနှင့် တောက်ခေါက်လေသည်။

"ဒါလုပ်ကြံတာပဲ. . ."

"သိပ်သေချာတာပေါ့. . ကဲဖါ. . ဒီကိစ္စကိုနောက်မှ ရှ
ကြမယ်. . ဒီနေရာက ထွက်သွားနိုင်အောင်အရင်လမ်းစရှာ
ရအောင်. . ."

"ငါမှမထနိုင်တာ. . ."





"ကျွန်မပခုံးကိုဖက်ပြီးထ. . ."

အာရုံဝိုံ အားနာစွာနှင့်ကြည့်နေလေသည်။

"ဘာမှအားမနာနဲ့. . ပေး လက်. ."

အာရုံဝိုံလက်ကို ယူပြီး ရည်စုးတွယ်တာပခုံးပေါ်တွင် တင်
ထား ဖေးမ၍ထလေသည်။

"ဘယ်လိုလဲ. . မှေးပြီးလျှောက်လို့ရလား. . ."

"လျှောက်လို့တော့ရပါတယ်. . အပေါ်ကိုတက်လို့ရမှာ
ဟုတ်ဘူး. . ."

"အပေါ်ကိုမတက်နဲ့. . ဟိုမှာလမ်းလေးတစ်ခုကိုတွေ့
ယ်. . လျှောက်သွားကြည့်ရင်တော့ တစ်ခုခုတွေ့နိုင်တယ်"

နှစ်ယောက်သား ဖြည်းဖြည်းချင်းလျှောက်လာစဉ်. . .

"ဟင်"

လှည်းတစ်စီးရဲ့အသံကိုကြားလိုက်ရပြီး. . .

"ရှင် ဒီမှာနေဦး. . ကျွန်မပြေးကြည့်လိုက်ဦးမယ်"

"အင်း"

အာရုံဝိုံကို ထားရစ်ခဲ့ပြီး ရည်စုးတွယ်တာ လမ်းကလေး
ထိုင်းပြေးကြည့်သော. . နွားလှည်းလေးတစ်စီးမောင်းလာတာ
တွေ့လိုက်ရသဖြင့်. . .

"ဟေး. ရပ်ပေးပါဦး. . ."

ရည်စုးတွယ်တာ ခေါ်သံကြောင့် နွားလှည်းကလေးရပ်



www.burmeseclassic.com

www.burmeseclassic.com



ပေးသဖြင့် . . ရည်စူးတွယ်တာအနားသို့သွားကာ . . .

"ကျွန်မတို့ကိုကယ်ပါ . ."

"ဘာဖြစ်လို့လဲ မိန်းကလေး"

"ဟို . . ဒီမှာဗီဒီယိုလာရိုက်ရင်းချောက်ထဲကိုပြုတ်ကျလို့ပါ"

"ဪ . . စောစောက ပေါက်ကွဲသံနဲ့တူတယ်"

"ဟုတ်ပါတယ်"

"လူနာက ဘယ်မှာလဲ . . ."

"ဟိုနားက သစ်ပင်အောက်မှာထားခဲ့ပါတယ်"

နွားလှည်းမောင်းတဲ့လူပါ အောက်ကိုဆင်းလိုက်လာပြီး အာရုံဖုံကို နွားလှည်းပေါ်သို့ တင်ခဲ့လေသည်။

"မြို့ကိုပြန်ပြီးတက်ဖို့တော့ ချက်ချင်းမလွယ်ဘူး . . ရွာကို ရောက်ပြီးမှ ဆေးလေးဘာလေးထည့်ပြီး မြို့တက်တဲ့ကားနဲ့ပြန်ပေါ့"

"ဟုတ်ကဲ့ . . ရွာမှာဆရာဝန်ရှိလား . ."

"ဆရာဝန်တော့ မရှိဘူးကွဲ့ . . ဆေးမှူးတစ်ယောက်ရယ် မြန်မာတိုင်းရင်းဆေးဆရာတစ်ယောက်တော့ရှိတယ် . . ."

အာရုံဖုံတစ်ယောက်ကတော့ ရည်စူးတွယ်တာရင်ခွင်ထဲ တွင် မေ့ပြီးလိုက်လာခဲ့လေတော့သည်။ နွားလှည်းကတော့ လူ သူဝေးလှတဲ့ ရွာလေးဆီကို သွားနေလေပြီဖြစ်သည်။

"ခေါင်းကဒဏ်ရာကတော့ သိပ်ပြီးမစိုးရိမ်ရပါဘူး . . ခြေ ထောက်ကတော့ ကျိုးသွားတယ်လို့ထင်ရတယ် . . ."

"ရှင် . . ."

မြန်မာတိုင်းရင်းဆေးဆရာစကားကြောင့် . . ရည်စူး တွယ်တာ အာရုံဖုံအတွက် စိတ်မကောင်းဖြစ်သွားလေသည်။

"ချက်ချင်းကြီးပြန်ဖို့ကတော့ မလွယ်ဘူး . . ."

"ဘာဖြစ်လို့လဲ ဆရာ . . ."

"ပြန်ရမယ့်လမ်းက အရမ်းကိုကြမ်းတာဆိုတော့ လူနာ နိုင်ရည်ရှိမှာမဟုတ်ဘူး . . ဒဏ်ရာနည်းနည်းသက်သာတော့မှ ပြန်စေချင်တယ် . . ."

"ဟုတ်ကဲ့"

"ဆရာလည်း တောထဲဆေးရှာဖို့သွားဦးမယ် . . ."

"ဟုတ်"

ဆေးဆရာထွက်သွားပြီးနောက် နွားလှည်းနှင့်သူတို့ကို ယ်လာသော ဦးကံမှာ ရည်စူးတွယ်တာအနားတိုရောက်လာ





www.burmeseclassic.com

www.burmeseclassic.com



ပြီး. . .

"မိန်းကလေး. . ဘယ်လိုသဘောရလဲ"

"ဆရာပြောတဲ့အတိုင်းပဲ နေပြီးမှပြန်မယ်လေ"

"ကျုပ်တို့ဆီမှာနေရလို့ အားနာစရာတော့မရှိဘူးနော်. . လွတ်လွတ်လပ်လပ်နေပါ. . မိန်းကလေးအမျိုးသားကိုသာ ဂရုစိုက်. . ."

"ရှင်. . ဟုတ်. . ဟုတ်ကဲ့. . ."

ဦးကံ၏စကားကြောင့် စိတ်ထဲတွင် ရက်သွေးကလေးဖြန်းသွားသည်။ အာရုံဖုံတစ်ယောက်ကတော့ အိပ်မော့နေလို့ ကြားမည်မထင်. . အချိန်က ညနေစောင်းလာပြီဖြစ်သလို. . ဗိုက်ထဲကလည်း ဆာလောင်လာသည်။

ဦးကံက လူပျိုကြီးဖြစ်ပြီး တစ်ကိုယ်ရည်နေထိုင်တာမို့ ချက်ပြုတ်ရေးကိစ္စကို ရည်စူးတွယ်တာ လုပ်ဆောင်ရတော့မည်ဖြစ်သည်။ နောက်ဖေးမီးဖိုချောင်ထဲကို ဝင်လိုက်တော့ ချက်စရာဆန်ကအသင့်ရှိတာမို့ (၃)ယောက်စာကိုမှန်းပြီးထမင်းချက်ရန် ပြင်လိုက်သည်။

ရည်စူးတွယ်တာ ထမင်းချက်ရန်ပြင်ဆင်နေချိန်တွင် ဦးကံ ပြန်ရောက်လာပြီး လက်ထဲတွင်လည်း အမဲသားတွဲကိုင်လာသည်ကို တွေ့လိုက်ရသည်။

"ဩော်. . မိန်းကလေးက ထမင်းတောင်ချက်နေပြီ. . .





ဒီနေ့ရွာထဲမှာ နွားပေါ်တာနဲ့ အမဲသားတစ်တွဲယူခဲ့တယ်. . ."

"ထားခဲ့လေ. . ကျွန်မချက်လိုက်ပါ့မယ်"

ဦးကံ ဟင်းချက်စရာကို ထားခဲ့ပြီးနောက်. . .

"ရွာထဲ နွားလှည်းသွားပြီးသိမ်းရဦးမယ်. . မိန်းကလေး စိတ်ကြိုက်သာ စီမံထားပေတော့ကွယ်. . ."

"ဟုတ်ကဲ့. . ."

ဦးကံထွက်သွားပြီး ရည်စူးတွယ်တာ အမဲသားကို ခုတ်သစ်ပြီး ညနေစာအတွက် ချက်ပြုတ်ရန် စီစဉ်နေလေသည်။ ရည်စူးတွယ်တာလုပ်ကိုင်နေတာကို မျက်တောင်မခတ်အဲ ကြည့်နေသူက အာရုံဖုံ. . .

"ရည်စူးတွယ်တာ"

"ဟင်. . ရှင် နိုးနေပြီလား. . ."

"ကျုပ်နိုးနေတာမဟုတ်ပါဘူး. . အိပ်လို့မှမပျော်သေးဘာ"

"ဩော်"

"မင်းကိုငါအရမ်းကျေးဇူးတင်ပါတယ်ကွာ. ."

"ကိုအာရုံဖုံရယ်. . လူသားအချင်းချင်းသိသည်ဖြစ်စေ၊ မသိသည်ဖြစ်စေ ဒုက္ခရောက်နေတာကို ဖေးမကူညီခြင်းဟာ လူသားဆန်တဲ့ကိစ္စပဲမဟုတ်လား. . ဒီအတွက်ရှင့်စိတ်ထဲမှာ ဘယ်လိုမှသဘောမထားပါနဲ့"



www.burmeseclassic.com

www.burmeseclassic.com



"ဘယ်လိုပဲဖြစ်ဖြစ်ပေါ့ဗျာ . . ကိုယ့်အသက်ကို ကယ်ခဲ့တဲ့ ကျေးဇူးတရားကိုတော့ အသိအမှတ်ပြုထားပါရစေ . . ."

"ရှင့်သဘောပဲ . . ဗိုက်ဆာနေပြီလား . ."

"အမဲသားဟင်းနံ့လေးကို ရှူမိလို့လားတော့မသိဘူး၊ ဗိုက်ဆာသလိုပဲ . . ."

"ဒါဆို ခဏစောင့်"

"ဆေးဆရာက ဘာပြောသွားလဲ ရည်စူးတွယ်တာ . . ."

"ခေါင်းကဒဏ်ရာကတော့ သိပ်မများဘူးတဲ့ . . အင်း . . မြေအောက်ကတော့ ကျိုးသွားသလားဆိုတာကို တိတိကျကျ တော့မပြောခဲ့ဘူး . . ဆေးရုံရောက်မှ ဓါတ်မှန်ရိုက်ကြည့်မှအဖြေ ထွက်မှာ . . ."

"တောက် . . တော်တော်ရက်စက်တဲ့လူပဲ"

"ရှင်ဘယ်သူ့ကိုပြောနေတာလဲ . . ဦးနန္ဒစည်လား"

"ဟုတ်တယ် . ."

"ရှင်ခုလိုဖြစ်ရတာ ကျွန်မဘက်က အချိန်နည်းနည်းလေး နောက်ကျသွားတာလည်းပါတယ် . . ."

"ဟင် . . ဘာဖြစ်လို့လဲ"

ရည်စူးတွယ်တာ အကြောင်းစုံကို ပြောပြလိုက်လေသည်။

"ဒါကတော့ဗျာ . . ကျုပ်ဘက်က ဖြစ်ချိန်တန်လို့လည်း ပါ ပါတယ် . . ."





"ကျွန်မသတင်းယူတာမဟုတ်ဘူးနော် . . သိချင်လို့"

"မင်းမေးတာကို ကျုပ်မထိမ်ချန်ဘဲပြောပါ့မယ် . . မေးလေ"

"ဦးနန္ဒစည် ဘာကြောင့်ရှင့်ကိုခုလိုကြံစည်ရတာလဲ"

"သူ့သမီးကြောင့်ဖြစ်မယ် . . ."

"ဟင် . . သူ့သမီးကြောင့် . . ဟုတ်လား"

"ဟုတ်တယ် ရည်စူးတွယ်တာ . . ဦးနန္ဒစည် သမီး မေဝတီဆူးနဲ့ကျုပ်က ချစ်သူတွေလေ . . ."

"ဪ"

အာရုံဖုံစကားလေးသည် ရည်စူးတွယ်တာရင်ကို ဆို့နင့်စေခဲ့တာတော့အမှန် . . ဒါပေမယ့် ရည်စူးတွယ်တာအတွက် အာရုံဖုံဟာ ချစ်ခြင်းရဲ့ပုံရိပ်တစ်ခုတော့မဟုတ်ပါ . . .

"သဘောမတူတာနဲ့ . . ဒီလောက်ထိရက်စက်ဖို့ မလိုအပ်ပါဘူး . . သူ့သမီးကိုသူထိန်းရင်ရတာပဲ"

"သူ့သမီးကိုသူ မထိန်းနိုင်လို့ ကျုပ်ကိုပစ်မှတ်ထားတာ ပေါ့ဗျာ . ."

"မေဝတီဆူးအချစ်ကိုတော့ လေးစားရမလိုဖြစ်နေပြီ"

"ကျုပ်တို့နှစ်ယောက်က ချစ်သူဆိုပေမယ့် . . ငယ်ငယ် လေးတတည်းက အတူတူတွယ်ခဲ့ကြတဲ့ သံယောဇဉ်ကြီးကပိုပြီး ခိုင်နေတာပါ . . ."

"ငယ်ချစ်ဦးပေါ့"



www.burmeseclassic.com

www.burmeseclassic.com



"အင်း. . ဒီလိုပြောရင်လည်း ရပါတယ်. . ဟင်းအိုးတူးဦးမယ်. .ညကျမှပြောပြမယ် သတင်းစပ်စုမလေး ရှည်စူးတွယ်တာရေ. . ."

"အံမာ. . ဒီက ဒါမျိုးဇာတ်လမ်းတွေဆိုရင် သိပ်ပြီး စိတ်ဝင်စားတာ. ."

ရှည်စူးတွယ်တာဟင်းအိုးကို ချပြီး လုပ်စရာတွေဆက်ပြီး လုပ်နေလေတော့သည်။ တစ်ယောက်နဲ့တစ်ယောက် မမျှော်လင့်ဘဲ ရောက်လာခဲ့သော သံယောဇဉ်လေးဟာ ခိုင်မာသလိုတော့ ရှိလာခဲ့လေသည်။

ညနေ ဦးကံပြန်ရောက်လာပြီး ထမင်းဝိုင်းလေးကို ပြင်ဆင်လေတော့သည်။

"ဟာဗျာ. . ကျွန်ဘဝတစ်လျှောက်မှာ ခုလိုလက်ရာမျိုးကို စားဖူးတာ ပထမဦးဆုံးအကြိမ်ပဲ. . အရင်ကဆိုဟင်းကို ဖြစ်သလိုချက်ပြီးစားနေတာလေ. . ."

"ဦးကံ ဟင်းကောင်းစားချင်လို့လား. . ."

"စားချင်တာပေါ့ဗျာ. ."

"ဒါဆိုလည်း အိမ်ထောင်ပြုလိုက်ပေါ့"

"ပြုချင်တာပေါ့ဗျာ. . ယူမယ့်သူကဈေးကိုင်နေတာနဲ့ ခုချိန်ထိတစ်ယောက်တည်းဖြစ်နေရတာ. . ."

"ဘယ်လိုဈေးကိုင်နေလို့လဲ. . ."





"သူ့အမေကြီးမသေမချင်းမယူပါရစေနဲ့တဲ့လေ. . ."

"သူ့အမေက ကျန်းမာရေးမကောင်းဘူးလား"

"ကောင်းတာမှ ဒေါင်ဒေါင်ကိုမြည်နေတာပဲ. . သေဖို့ဆိုတာ နောက်ထပ်(၁၀)နှစ်တောင် သေမယ့်ပုံမပေါ်ဘူး"

"ခင်ဗျားဘဝကတော့ ဒီပုံစံအတိုင်းဆို. . ဆံပင်ဖြူမှ အိမ်ထောင်ကျရမယ့်ပုံပေါ်နေပြီဗျာ. ."

"ဟုတ်ပါ့ဗျာ. . ."

ညနေခင်းထမင်းဝိုင်းကလေးမှာ မမျှော်လင့်ဘဲ ပျော်ရွှင်ဖွယ်ကောင်းခဲ့သလို. . ထမင်းမြိန်စရာနေ့ကလေးတစ်နေ့လည်း ဖြစ်ခဲ့ကြလေသည်။ အာရုံဇုံ သူ့ကိုယ်တွင် ရထားသောဒဏ်ရာဒဏ်ချက်များကိုပင် မေ့သလိုဖြစ်သွားခဲ့လေသည်။

ညရောက်တော့ အိပ်ရန်ပြင်ကြလေသည်။ ဦးကံအိမ်မှာ တစ်ကိုယ်တည်းနေထိုင်တာမို့ အခန်းဖွဲ့ခြင်းမရှိဘဲ နောက်ဖေးခန်းနှင့်အိမ်ရှေ့ခန်းနှစ်ခုသာရှိသဖြင့် အိမ်ရှေ့တွင်တန်းစီပြီး အိပ်ဖို့သာရှိသည်။

"ခြင်တော့မကိုက်ဖူးနော်. . ."

"ဟုတ်တယ်. . ကျုပ်တို့ရွာက သဲနီမြေနေရာဖြစ်တော့ ခြင်မကိုက်ဘူးလေ. အင်း. . မိုးဦးပေါက်ဆိုရင်တော့ နည်းနည်းရှိတတ်တယ်. . ."

ဦးကံ မီးအိမ်လေးကို မီးညှိနေတာကြောင့်. . .

www.burmeseclassic.com



"ဒါကဘာယ်လဲ ဦးကံ. . ."

"ချစ်ချစ်ဆီသွားပြီး မျက်နှာတော်ပြရဦးမယ်လေ. . ."

"ကျွန်တော်တို့နှစ်ယောက်တည်း ထားခဲ့မှာလား"

"နှစ်ယောက်တည်းဆိုတော့ လွတ်လွတ်လပ်လပ်နေလို့ ရတာပေါ့ဗျာ. . ."

ပြောပြောဆိုဆိုနှင့် ဦးကံ မီးအိမ်ကလေးကိုဆွဲပြီး ဆင်းသွားလေတော့သည်။ အိမ်ပေါ်တွင် နှစ်ယောက်သား ကျန်ရစ်ခဲ့ပြီးနောက်. . .

"ရှင် ဆေးတစ်ခွက်သောက်ရဦးမယ်. . ."

"အင်း. . ."

ရည်စူးတွယ်တာ ဆေးဆရာပေးခဲ့သောဆေးကို အာရုံ့ လက်ပေါ်တွင် ထည့်ပေးလိုက်ပြီးနောက်. . ရေနွေးကလေးကို ငှဲ့ပေးလိုက်သည်။

"မင်းကို တကယ်အားနာလှပါပြီ"

"ကိုအာရုံ. . ရှင်ဘာဖြစ်လို့ ကျေးဇူးတင်တာတွေ၊ အားနာတာတွေကို ပြောနေရတာလဲ. . ."

"ပြောရမှာပေါ့ဗျာ. . ကျုပ်နဲ့မင်းက ဘာမှရင်းရင်းနှီးနှီး မရှိခဲ့ဘဲ ကျုပ်အပေါ်မှာ တကယ်ကောင်းနေခဲ့လို့ပါ. . ."

"ဒါကတော့ တိုက်ဆိုင်မှုတစ်ခုပေါ့ရှင်. . ."

"မင်းဗုဒ္ဓဘာသာတော့မဟုတ်ဘူးထင်တယ်"





"ဟုတ်တယ်. . ကျွန်မ ခရစ်ယာန်ဘာသာဝင်ပါ"

"လူမျိုးကရော. . ."

"ချင်းလူမျိုးလေ"

"မှည့်ထားတဲ့နာမည်ကျတော့ မြန်မာဆန်တယ်"

"ချင်းနာမည်ရှိပါတယ်. . အယ်(လ်)သျှင်တဲ့ ခေါ်ရတာ တစ်မျိုးဖြစ်နေတာရယ်. . ရန်ကုန်မှာအလုပ်လုပ်နေရတာကြောင့် ရည်စူးတွယ်တာဆိုပြီး ပြောင်းထားတာ. . ."

"မိဘတွေ ရှိသေးလား. . ."

"ဟင့်အင်း. . မရှိတော့ဘူး. . တစ်ယောက်တည်း၊ ရှင့် ရော. . ."

"ကျုပ်လည်းမိဘနှစ်ပါးလုံးမရှိတော့ဘူး. . ညီမလေး တစ်ယောက်တော့ရှိသေးတယ်. . သီရိသော်တာတဲ့ မျက်လုံး ကွယ်နေတယ်. . ."

"ဟင်. . ငယ်ငယ်လေးကတည်းကလား"

"မဟုတ်ပါဘူး. . အသက်ကြီးမှဖြစ်ခဲ့တာပါ. . အမေနဲ့ သွားဝယ်ရင်းက ကားကားချင်းတိုက်မိပြီး မျက်စိကိုထိခဲ့တာ နောက်တော့ ဆေးရုံမှာပဲဆုံးခဲ့တာ"

"ဖြစ်မှဖြစ်ရလေရှင်. ."

"ကျုပ်ဘဝအတွက် အဆိုးတွေက အပေါင်းအဖော်နဲ့ လာတတ်ခဲ့တာပဲလေ. ."



www.burmeseclassic.com

www.burmeseclassic.com



အာရုံ့ သူ့ဘဝ အတိတ်ကြောင်းများကို ရည်စူးတွယ်တ
အား ပြောပြလေသည်။ ရည်စူးတွယ်ဟာနားထောင်ရင်း စိတ်
တွင် အာရုံ့အတွက်မကောင်းခဲ့ပေ. . ထို့အပြင် မေဝတီဆူး
အာရုံဖုံတို့ သံယောဇဉ်ခိုင်မာမှုလေးကိုလည်း ထပ်တူထပ်
ခံစားခဲ့မိလေသည်။

"ကျုပ်ဘဝကြောင်းကိုတော့ပြောပြပြီးပြီ ရည်စူးတွယ်
ဘဝကြောင်းကိုပြောပြဦးလေ. . ."

"သူ့ဘဝကိုယ့်ဘဝအကြောင်းကို ပြောတယ်ဆိုတ
အကြောင်းတစ်ခုရှိတယ်. ."

"ဘာအကြောင်းလဲ"

"ကိုယ့်ဘဝအကြောင်းကို ပြောပြခံရတဲ့သူဟာ. . ကို
ယုံကြည်စိတ်ချရတဲ့လူဖြစ်ဖို့လိုတယ်"

"ကျုပ်ကတော့ မင်းကိုယုံကြည်လို့ပြောပြပြီးပြီ. . ."

"ကျွန်မလည်း ယုံကြည်စွာနဲ့ပြောပြမှာပါ. . ကျွန်မ
မိဘတွေက ချင်းပြည်နယ်ဟာရွာလေးတစ်ရွာမှာ မွေးခဲ့တယ်.
ကျွန်မမွေးချိန်မှာ တောတွင်းလက်နက်ကိုင်အဖွဲ့တွေကို အစိုး
ကထိုးစစ်ဆင်နေတဲ့အချိန်ပေါ့. . တောတွင်းလက်နက်ကိုင်အဖွဲ့
က အထိနာပြီး တပ်အင်အားနည်းနေလို့ ရွာမှာရှိတဲ့ယောက်
တွေဆိုရင် အတင်းခေါ်ယူပြီး ဝင်တိုက်ခိုင်းခဲ့တယ်. . ဒီလိုအ
ခေါ်ယူတဲ့အထဲမှာ အဖေဟာ ပါသွားခဲ့ပြီး စစ်ပွဲတစ်ပွဲမှာကျ





ခဲ့တယ်. . ရွာကလူတွေလည်း ရွာတွေမှာမနေရဲကြတော့ဘဲ. .
အိမ်ရာတွေကို ထားခဲ့ပြီး ဘေးလွတ်ရာကို ပြေးခဲ့ကြရတော့
တာပေါ့. . အမေဟာ ကျွန်မကိုခေါ်ပြီးပြေးရင်း လမ်းမှာပိုးထိ
ခဲ့တယ်လေ. . ."

"ဟာဗျာ. . ."

"ဒီပိုးထိတဲ့ဒဏ်ရာနဲ့ပဲ အမေဆုံးခဲ့တယ်. . ဒီနောက်တော့
ကျွန်မကို ရန်ကုန်မှာရှိတဲ့ခရစ်ယာန်သင်းအုပ်ဆရာကြီးတစ်ဦးတ
မွေးစားခဲ့ပြီး ခုချိန်ထိစောင့်ရှောက်ခဲ့တာပါပဲရှင်. . ."

"မင်းရင်ထဲမှာလည်း ဒဏ်ရာတွေနဲ့ပါလား. . ."

"တစ်ခါတစ်ခါကျတော့လည်း ကိုယ့်ဘဝအကြောင်းကို
တွေးပြီးရင်နာစေခဲ့ပေမယ့် ဘုရားသခင်ရဲ့စေညွှန်ရာအောက်မှာ
လူသားအားလုံးအမြစ်ဆိုတာကိုဆေးကြောရတာပဲ. . အပြစ်တွေ
ရှိလို့ခံခဲ့ရတယ်လို့ပဲ ကိုယ့်ကိုယ်ကိုအားတင်းပြီးဘဝရဲ့အနာဝတ်
ကို ဖြတ်သန်းနေခဲ့တာပါ. . ရှင်နဲ့ကျွန်မဟာ ဘဝရဲ့ဒဏ်ရာရပုံ
ချင်းမတူကြပေမယ့် ဘဝရဲ့ခံစားချက်တွေကိုယ်စီနဲ့တော့ ရှိနေ
ကြတဲ့လူတွေပါပဲ. . ."

"ဒီဒဏ်ရာတွေဟာ ကျုပ်ဘဝအတွက်အားအင်တွေပါပဲ
ဗျာ. . ."

"အင်း. . ဒီခံစားချက်ကတော့ ရှင်နဲ့ကျွန်မတူညီတဲ့
အချက်ပဲ. . ဒါနဲ့. . ရှင် ဦးနန္ဒစည်နဲ့ပတ်သက်ပြီး ဘာဆက်လုပ်



www.burmeseclassic.com

www.burmeseclassic.com



မှာလဲ. . ."

"သူနဲ့ကျုပ်ပွဲစဉ်က ရှေ့ဆက်ပြီးအမြင့်ထန်ဆုံးအခြေအနေကို ရောက်မှာပါ. ."

"မေဝတီဆူးကို ရှင်ထည့်ပြီးမစဉ်းစားတော့ဘူးလား"

"ချစ်သူကိုချစ်တဲ့သံယောဇဉ်တစ်ခုနဲ့ ခုလိုယုတ်မာမှုကို အလျှော့ပေးရမယ့်အဖြစ်ကိုတော့ ကျုပ်လက်မခံဘူး"

"ရှင်က တုံ့ပြန်မယ်ပေါ့"

"မလွှဲသာတဲ့ကိစ္စတစ်ခုဖြစ်နေပြီလေ. . ."

"မေဝတီဆူးမုန်းသွားမှာ စိတ်ဆိုးသွားမှာကို ရှင်မစိုးရိမ်ဘူးလား. . ."

"ဝယ်ငယ်လေးကတည်းက ချစ်ခဲ့ရတဲ့ချစ်သူတစ်ယောက်ရဲ့အမုန်းကို မလိုချင်ပါဘူး. . ဒါပေမယ့် ကျုပ်ဘဝမှာ ဦးနန္ဒစည်ရဲ့ကောက်ကျစ်မှုတွေက ဘယ်လိုမှ ဖြေသိမ့်လို့မရတဲ့ကိစ္စတွေ ရှိနေသေးတယ်"

"ရှင့်ကိုလုပ်ကြံတဲ့ကိစ္စလား. . ."

"ကျုပ်ကိုလုပ်ကြံတဲ့ကိစ္စတစ်ခုတင် မကဘူး. . ကျုပ်ဖခင်ကိုလည်း လုပ်ကြံတဲ့ကိစ္စပါ ပါနေတယ်. . ."

"ဟင်"

"ကျုပ်ဖခင်ကားမှောက်ပြီးသေဆုံးခဲ့စဉ်က. . ဒက်ဒီနဲ့အတူပါသွားတဲ့ ဦးမြတ်မိုးနဲ့ကျုပ်တွေ့ခဲ့စဉ်က ဒက်ဒီသေဆုံးတာ





တာ သွေးရိုးသားရိုးမဟုတ်ဘူးဆိုတာတော့ သိခဲ့တယ်. . ဘယ်သူလက်ချက်ဆိုတာတော့ မသိရသေးဘူး. . ဦးမြတ်မိုးကတော့ ဦးနန္ဒစည်လက်ချက်လို့ပြောခဲ့တယ်. . ."

"ဘာကြောင့်သူကပြောနိုင်တာလဲ. . ."

"ဒက်ဒီတို့ခရီးထွက်စဉ်က ဒက်ဒီရယ်၊ ဦးမြတ်မိုးရယ်၊ ဦးနန္ဒစည်ရယ်. . အတူတူထွက်ခဲ့ကြတာ. . အမြန်ကျတော့ ဦးနန္ဒစည်ဟာ မခိုင်လုံတဲ့အကြောင်းပြချက်နဲ့နေခဲ့တယ်လေ"

"အဲဒီကအပြန်မှာ. . ရှင့်ဒက်ဒီကားမှောက်ခဲ့တာပေါ့"

"ဟုတ်တယ်"

"ရှင့်ဒက်ဒီနဲ့ဦးနန္ဒစည်ကြားမှာ ပဋိပက္ခရှိခဲ့ဘူးလား"

"ဦးမြတ်မိုးစကားအရတော့. . ပြန်ခါနီးညက ဒက်ဒီနဲ့ ဦးနန္ဒစည်တို့စကားများခဲ့ကြတယ်တဲ့. . များရတဲ့အကြောင်းကတော့ ကုမ္ပဏီပိုင်ငွေကြေးတွေကို ဦးနန္ဒစည်က တခြားကိစ္စတစ်ခုမှာ ဒက်ဒီ့အမည်နဲ့အသုံးပြုထားတာကိုသိလို့ စကားများခဲ့ကြတာ. . သိမ်ပြီးအကြီးအကျယ်တော့မဟုတ်ပါဘူး"

"အင်း. . စဉ်းတော့စဉ်းစားစရာပဲ"

"ဒီကိစ္စကို ကျုပ်ဖော်ထုတ်ဖို့ကြိုးစားနေတာကြာပါပြီ. ."

"တကယ်လို့ ဦးနန္ဒစည်ဟာ ရှင်ထင်ထားသလိုဟုတ်နေခဲ့ရင်ရော. . ."

"ကျုပ် ဒက်ဒီအတွက် လက်တုံ့ပြန်ရမှာပေါ့"



www.burmeseclassic.com

www.burmeseclassic.com



"ရှင့်ကိုသတိတော့ပေးချင်တယ်. . ."
"ဘာများလဲ ရည်စူးတွယ်တာ. . ."
"လက်စားချေခြင်းကို ဥပဒေအပြင်ကမလုပ်ဘဲ ဥပဒေဘောင်ထဲက လုပ်စေချင်တယ်"
"ကျုပ်လည်း ဥပဒေဘောင်အတွင်းကပဲ လုပ်မှာပါ. . ."
"ရှင်နဲ့မေဝတီဆူးရဲ့ အနာဂတ်ကိုရင်လေးမိပါတယ်"
"ဘာတတ်နိုင်မလဲဗျာ. . ဆူးတစ်ယောက် ကျုပ်အပေါ်မှာ နားလည်ပေးနိုင်မယ်လို့ထင်ထားပါတယ်. . ."
"နောက်ပြီး. . ခုလိုဖြစ်နေချိန်မှာ ဆူးရှိနေတယ်"
"ဒါဆိုရင်သူလည်း ရှင့်ကိုသေပြီလို့မှတ်နေမှာပဲနော်. . ."
"ဆူးထင်ပြီးကြေကွဲနေမှာတော့ သေချာပါတယ်"
"ရှင့်ကို ကျွန်မအကြံတစ်ခုပြုချင်တယ်. . ."
"ဘာအကြံလဲ"
"ဦးနန္ဒစည်ဟာ ရှင့်ကိုသေပြီလို့သတ်မှတ်ထားမှာပဲ"
"သိပ်ပြီးသေချာတာပေါ့"
"ဒီတော့. . ရှင်လည်း သူတို့ထင်ထားတဲ့အတိုင်း သေတဲ့လူအဖြစ်နဲ့နေပြီး ဦးနန္ဒစည်ရဲ့ လုပ်ကြံရက်စက်မှုတွေကို ဖော်ထုတ်ပေါ့. . ရှင့်ခြေထောက်ဆေးကုဖို့ကိစ္စတွေအတွက် ကျွန်မတာဝန်ယူပါ့မယ်. . ."
"မင်းပြောတဲ့အကြံမဆိုးပါဘူး. . ဒါပေမယ့် ကျုပ်ညီမ





လေးသီရိသော်တာတစ်ယောက်အရှမ်းကို စိတ်ထိခိုက်နေမှာကိုဖြစ်စေချင်ဘူး. . ပြီးတော့ သူမျက်လုံးခွဲစိတ်ဖို့အချိန်ကလည်းနီးနေပြီ. . ."
"ရှင့်ညီမ သီရိသော်တာကိုတော့ ရှင်မသေဘူးဆိုတာကို အသိပေးပြီးအကျိုးအကြောင်းရှင်းပြထားရမှာပေါ့"
"ကျုပ်က ခုချိန်မှာဒုက္ခိတတစ်ယောက်လိုဖြစ်နေတော့ ရည်စူးတွယ်တာကိုပဲ အားကိုးရတော့မှာပါ. . ."
"ရှင့်ကိစ္စကိုကျွန်မကကိစ္စလို့သဘောထားပြီးဆောင်ရွက်ပေးမှာပါ. . ခု သီရိသော်တာကို ဘယ်သူနဲ့ထားလဲ. . ."
"ရပ်ကွက်ထဲက ဒေါ်လှိုင်ဆိုတဲ့အဒေါ်တစ်ယောက်က သီရိအတွက်အဖော်လုပ်ပေးနေတယ်လေ. . ."
"ကိစ္စတွေက ရန်ကုန်ကိုရောက်မှစီစဉ်ကြတာပေါ့. . ခုလောလောဆယ်တော့ ဒီရွာလေးမှာရှင့်ဒဏ်ရာသက်သာအောင်လုပ်ပြီး ဆေးရုံကိုသွားနိုင်အောင်ကြိုးစားရမှာပဲ. . ကဲ. . ရှင်လည်း ဒဏ်ရာအရှိန်နဲ့အိပ်တော့လေ. . ."
"အင်း. . မင်းလည်းအိပ်လေ"
နှစ်ယောက်သား ကြမ်းတပြေးတည်းတွင် လှဲလိုက်ကြလေသည်။
"ရှင့်ကိုတစ်ခုတော့ပြောထားရမယ်"
"ဘာများလဲ ရည်စူးတွယ်တာ. . ."



www.burmeseclassic.com

"ပထမဦးဆုံး ရှင်ကျွန်မကို ရည်စူးတွယ်တာဆိုပြီးခေါ်နေ တာကို ပြင်လိုက်ပါ. . တစ်ယောက်နဲ့တစ်ယောက်ကြားမှာ စိမ် ရောင်သန်းတဲ့အခေါ်အပြောတွေကို မသုံးကြနဲ့တော့. . ."

"ကောင်းပါပြီ ရည်စူး"

"ကျွန်မကတော့ ရှင့်ကိုအာရုံလို့ပဲခေါ်မယ်. . ကျေနပ် လား. . ."

"ကျေနပ်ပါတယ်ဗျာ"

"နောက်တစ်ခုကတော့ ရှင့်အတွက်လုပ်ကိုင်ပေးနေတဲ့ အပေါ်မှာ ရှင်အမြင်ရှင်းဖို့တော့လိုအပ်တယ်"

"အမြင်ရှင်းတယ်ဆိုတာ. . ဘာကိုဆိုလိုတာလဲ"

"ယောက်ျားလေးတော်တော်များများ မြင်တတ်တဲ့ကို လေ. . ."

"ဘာကိစ္စများလဲ"

"မိန်းကလေးတစ်ယောက်က ယောက်ျားလေးတစ် ယောက်အပေါ်မှာ ခုလိုဂရုစိုက်မှုတွေဖြစ်ပြီဆို. . ဒီအပေါ်မှာ တစ်မျိုးတွေးတတ်လို့. . ."

"ရည်စူးထင်ထားတဲ့ယောက်ျားလေးတွေထဲမှာ ကျုပ်မပ ဘူးဆိုတာတော့ ယုံထားစေချင်ပါတယ်. . ."

"ယုံထားပါ့မယ် အာရုံ. . မနက်ဖြန်ဆို ဆေးဆရာကြီး ရှင့်ခြေထောက်ကို ကြပ်စည်းမယ်တဲ့. . ဒါမှခရီးသွားတဲ့အခါ





မနာဘူးတဲ့. . ."

"ကျုပ်ခြေထောက်က အမြန်ဆုံးကောင်းစေချင်ပါပြီ"

နှစ်ယောက်သားစကားသံလေးများ တိုက်ဆိတ်သွားသလို အပြင်တွင်တိုက်ခတ်နေသော လေပြေကလေးများကြောင့် ထွန်းညှိထားသော မီးခွက်ကလေးအလင်းရောင်မှာ ယိမ်းထိုးနေ လေသည်။

"အီး. . ဟီး. ."

"ဟင်. . အာရုံဘာဖြစ်တာလဲ. . ."

"ချမ်းလာတယ်ဗျာ"

ရည်စူးတွယ်တာ သူခြုံထားသော စောင်ကလေးကိုပင် အာရုံ့ကိုခြုံပြီးပေးလိုက်လေသည်။

"ရတယ်. . မင်းခြုံပါ"

"အာရုံ. . ဘာမှထပ်ပြီးပြောမနေနဲ့. . ခြုံထား"

စောင်နှစ်ထပ်ခြုံထားပေမယ့် အချမ်းကမပြေသဖြင့်. . ရည်စူးတွယ်တာ အာရုံ့ကိုယ်ပေါ်မှ သူ့ကိုယ်လေးကိုဖိပြီး ဖက် ထားပေးလိုက်လေသည်။

အာရုံ့ အားနာပေမယ့် အချမ်းရဲ့ဒဏ်ကိုပြေစေတာ ကြောင့်. . ငြင်းဆန်ခြင်းမပြုဘဲ ငြိမ်နေလိုက်လေတော့သည်။



www.burmeseclassic.com

www.burmeseclassic.com

ရည်စူးတွယ်တာ အိမ်ထဲသို့လှမ်းပြီးမဝင်ခင် အိမ်ရှေ့တွင် ရပ်ထားသော ကားကိုတွေ့ကတည်းက ဦးနန္ဒစည်မဟုတ်ရင် ဆူးတော့ရောက်နေပြီဆိုတာကို သတိပြုမိလိုက်လေသည်။

ရည်စူးတွယ်တာ အိမ်ဝသို့ရောက်တော့ ငိုရှိုက်သံယဲ့ယဲ့ ကိုမျှါထပ်ပြီးကြားလိုက်ရလေသည်။ ထိုငိုရှိုက်သံသည် အာရုံ ညီမဖြစ်သူ သီရိသော်တာ ငိုရှိုက်သံပင်ဖြစ်လေသည်။

အိမ်ပေါ်တွင် မေဝတီဆူးနှင့်ဦးနန္ဒစည်ကိုပါ တွေ့လိုက် ရသလို. . တိုက်ပုံအင်္ကျီအနက်ဝတ်ထားသော ရှေ့နေတစ်ဦးကို ပါထပ်ဆင့်တွေ့လိုက်ရလေသည်။

ရည်စူးတွယ်တာအိမ်ပေါ်ကို တက်သည်နှင့်. . ဦးနန္ဒစည် သူကို သေချာစွာစိုက်ကြည့်ပြီးနောက်. . .

"မင်း. . ဘာလာလုပ်တာလဲ"

"ဘာလာလုပ်ရမလဲ. . သစာင်းထောက်ဆိုတော့ သတင်း ယူဖို့လာတာပေါ့. . ."





"ဒီနေရာဟာ သတင်းယူရမယ့် နေရာမဟုတ်ဘူး"

"အန်ကယ်လည်း ကျွန်မကို တားမြစ်ပိုင်ခွင့်ရှိတဲ့နေရာ မဟုတ်ဘူး"

"ဘာ. . ."

"ဒက်ဒီရယ်. . သီရိကို အားနာပါဦး"

"တူမကြီးက ဘာသတင်းများယူချင်လို့လဲ. . ."

ရှေ့နေကြီးက အေးဆေးစွာပင်မေးတာကြောင့်. . .

"အာရုံဖုံသေတယ်၊ ရှင်တယ်ဆိုတာကို အရင်ဆုံးသိချင် ပါတယ်. . ."

"အာရုံဖုံသေသွားပြီကွဲ. . ."

"အာရုံဖုံသေတယ်ဆိုတာကို ဘာသက်သေနဲ့ပြောနိုင် သလဲ"

"မင်း မလိုအပ်တာမမေးနဲ့"

ဦးနန္ဒစည်က ဒေါသတကြီးနှင့်ပြောလေသည်။

"မေးပါစေ ဦးနန္ဒစည်. . သူမေးတာသဘာဝကျပါတယ်၊ ဒီလိုကွဲ. . မောင်အာရုံဖုံ ဆိုင်ကယ်ပေါက်ကွဲပြီးတော့ ပျောက် သွားခဲ့တယ်. . လိုက်ရှာပေမယ့် ဘာမှမတွေ့ခဲ့ဘူး. . ဒီအပြင် ဆိုင်ကယ်ရဲ့ဘေးပတ်ဝန်းကျင်မှာ အခင်းဖြစ်ပွားပြီး နောက်တစ် နေ့မှာ မီးလောင်ကျွမ်းနေတဲ့ အလောင်းတစ်လောင်းကို တွေ့ခဲ့ တယ်. . ."



www.burmeseclassic.com

www.burmeseclassic.com



"ဟင်. . ."

ရည်စူးတွယ်တာ ထိုအလောင်းနဲ့ဝတ်သက်ပြီး အံ့အားသင့်စေခဲ့သည်။ ထိုအလောင်းသည် အာရုံဖုံး၏အလောင်းမဟုတ်တာ သေချာပေမယ့် ဘယ်သူ့အလောင်းလဲဆိုတာ မပြောတတ်ပေ။

"တစ်ကိုယ်လုံးမီးလောင်ကျွမ်းထားလို့ အလောင်းတစ်ခုလုံး ရုပ်ပျက်ဆင်းပျက်တော့ဖြစ်နေပါပြီ. . ဒါကြောင့် ဒီအလောင်းဟာ မောင်အာရုံဖုံးရဲ့အလောင်းဆိုတာ ကောက်ချက်ချလို့ရတယ်လေ. . ."

"ဟုတ်ကဲ့. . ခုလိုသိခွင့်ရတာကို ကျေးဇူးတင်ပါတယ်"

"တူမက နောက်ဘာဆက်ပြီးသိချင်သေးလဲ. ."

"မင်းအာရုံ ရုပ်ရှင်၊ ဗီဒီယိုထုတ်လုပ်ရေးကုမ္ပဏီအနေနဲ့ သေဆုံးသွားတဲ့ အာရုံဖုံးအတွက် ဘာတွေဆောင်ရွက်ပေးထားမှု ရှိသလဲဆိုတာကို သိချင်ပါတယ်. . ."

"အင်း. . တကယ်ဆို မောင်အာရုံဖုံးဟာ ကြေးစားဝင်လုပ်ပေးတဲ့လူတစ်ယောက်ဖြစ်တဲ့အပြင် ထိခိုက်ဖြစ်ပွားမှုနဲ့ပတ်သက်ပြီး သူကိုယ်တိုင်လက်မှတ်ရေးထိုးထားတာဆိုတော့ ဦးနန္ဒစည်အနေနဲ့တော့ တာဝန်မရှိပါဘူး. . ဒါပေမယ့် လူသားချင်းစာနာမှုနဲ့ သူ့ဘက်က နစ်နာကြေးကိုစေတနာနဲ့လာပြီးပေးတာပါ"

"ကျွန်မနောက်ဆုံးမေးချင်တယ်. . ."





"မေးပါ မိန်းကလေး"

"အာရုံဖုံးသေဆုံးသွားတာဟာ ရိုးရိုးသားသားသေတာမဟုတ်ဘဲ. . တစ်စုံတစ်ယောက်က လုပ်ကြံလို့သေတာမျိုးရော မဖြစ်နိုင်ဘူးလား. . ."

"ဟင်"

"ဟာ. ."

ရည်စူးတွယ်တာ စကားကြောင့် ဦးနန္ဒစည်မျက်နှာပျက်သွားပြီး. . .

"မင်းပေါက်ကရတွေမမေးနဲ့"

"ဒါမေးသင့်ဆုံးမေးခွန်းပါ"

"တူမလေးပြောတဲ့မေးခွန်းကို အန်ကယ်တို့ဘက်ကတော့ မဟုတ်ဘူးလို့ပဲ ငြင်းချက်ထုတ်ရမယ့် အခြေအနေမျိုးရှိပါတယ်၊ ဒီ့အတွက်လည်း သက်ဆိုင်ရာကနေ ဖော်ထုတ်စုံစမ်းမှုတွေကို လုပ်နေပါတယ်. . ဟုတ်မဟုတ်ဆိုတာနောက်တော့အဖြေထွက်မှာပေါ့ကွယ်. . ."

"မင်းမေးချင်တာကျန်သေးလား. . ."

"မရှိတော့ပါဘူး. . အခုလိုဖြေပေးတာ ကျေးဇူးတင်ပါတယ်. . ."

"ရပါတယ်ကွယ်. . ဒါအန်ကယ့်တာဝန်ပါ"

"ဒါဆိုပြန်မယ်. . သမီး ပြန်ကြရအောင်. . ."

www.burmeseclassic.com



ဦးနန္ဒစည်ဆက်ပြီးမထိုင်တော့ဘဲ အိမ်ပေါ်မှ ဆင်းသွားလေသည်။

"သီရိ. . မမဆူးပြန်မယ်"

"ဟုတ်ကဲ့"

"ဘာမှအားမငယ်နဲ့နော်. . မမဆူး သီရိဆီကိုရောက်နေမှာပါ. . ."

"ဟုတ်ကဲ့"

"ဪ. . ဒီက သတင်းထောက်လည်း သွားခွင့်ပြုပါဦး"

"ကောင်းပါပြီ မေဝတီဆူး"

အားလုံးအိမ်ပေါ်ကဆင်းသွားသည်နှင့် အိမ်ပေါ်တွင် သီရိသော်တာနှင့် ရည်စူးတွယ်တာတို့နှစ်ယောက်သာကျန်ခဲ့ကြလေသည်။

"မမက သတင်းထောက်လား. . ."

"ဟုတ်တယ် ညီမလေး. . သူတို့ဘာတွေပြောသွားလဲ. ."

"အန်ကယ်ဦးနန္ဒစည်ကတော့ ငွေ(၁၀)သိန်းပေးခဲ့တယ် မမဆူးကတော့ သီရိမျက်လုံးခွဲစိတ်ဖို့ကို တာဝန်ယူသွားတယ်. . မမ. . ."

"ပြောလေ သီရိ"

"ကိုကို့ကို လုပ်ကြံခဲ့တာလား. . ."

"ခုချိန်မှာတော့ ပြောဖို့စောနေသေးတယ်ကွယ်. . သိ



သိထားဖို့ မမပြောခဲ့မယ်. . ခု မမပြောတဲ့စကားကို သီရိမှတ်ထားဖို့တော့လိုတယ်. . ."

"ဟုတ်ကဲ့. . သီရိမှတ်ထားပါ့မယ်"

"သီရိရဲ့ ကိုကိုမသေဘူး"

"ရှင်. . မမ ဟုတ်ရဲ့လား. . သီရိကိုစိတ်ဖြေသာအောင်များပြောနေတာလား မမ. . ."

"မမ သီရိကိုဘာလို့ညာရမှာလဲ. . နောက်တော့ သီရိကိုကိုနဲ့ဆက်သွယ်ပေးမှာပါ. . ."

"မမရယ်. . သီရိဝမ်းသာလိုက်တာ"

"သီရိကိုကိုမသေတာကို ဘာကြောင့်ဖုံးကွယ်ထားရတယ်ဆိုတာတော့ နောက်မှမမရှင်းပြမယ်. . သီရိကိုကိုခြေထောက်အနိုအက်နေလို့ လုံခြုံတဲ့နေရာတစ်ခုမှာ ဆေးကုသမှုခံနေတယ်. . သီရိသိအောင် မမလာပြီးပြောတာ. . ."

"မမဆီမှာ ကိုကိုရှိနေတယ်ပေါ့"

"အင်း"

"မမဆူးသာသိရင် ဘယ်လောက်ဝမ်းသာလိုက်မလဲ. ."

"သီရိ"

"မမ"

"မေဝတီဆူးကိုပေးမသိပါနဲ့. . မမတို့မှာလုပ်စရာကိစ္စလေးတွေရှိနေလို့. . ."



www.burmeseclassic.com

www.burmeseclassic.com



"စိတ်ချ. . သီရိ ဘယ်သူ့မှမပြောပါဘူး. . ကိုကိုနဲ့တွေ့နိုင်အောင် မမစီစဉ်ပေးပါနော်. . ."

"သီရိ ဒီအတွက်ဘာမှမပူနဲ့. . မကြာခင်တွေ့ရမယ်"

"ကိုကိုကို ဘယ်သူကယ်ခဲ့တာလဲ မမ. . ."

"ဘုရားသခင်ရဲ့ကျေးဇူးတော်အရ ကယ်သူပေါ်ခဲ့တာပေါ့ကွယ်. . ကဲ. . မမသွားမယ် သီရိဆီ မမအဆက်အသွယ်လုပ်နေမှာပါ. . ."

"မမ. . သီရိမျှော်နေမယ်နော်. . ပြော် ဒါနဲ့မမနာမည်က. . ."

"ရည့်စူးတွယ်တာ. . သီရိကိုကိုနဲ့အရမ်းခင်တဲ့ သူငယ်ချင်းမိတ်ဆွေတစ်ယောက်လို့သိထား. . ."

"ဟုတ်ကဲ့ သီရိမှတ်ထားပါ့မယ်"

"မင်းငါ့ကိုတွေ့ချင်တယ်ဆိုတာ ဘာကိစ္စလဲ. ."

ဦးနန္ဒစည်က သောက်လက်စအရက်ခွက်ကို အောက်သို့ချပြီး. . .

"မြတ်မိုးရာ. . အေးအေးဆေးဆေးသောက်ပါဦး"

"ငါ အရက်သောက်ဖို့လာတာမဟုတ်ဘူး. . မင်းတွေ့ချင်တယ်ဆိုလို့လာတာ"

"ငါတွေ့ချင်တာ ငါတစ်ယောက်တည်းအတွက်မဟုတ်ဘူး. . မင်းအတွက်လည်းပါတယ်"

"ဘာ. , ငါ့အတွက်ပါတယ်. . ဟုတ်လား"

"ဟုတ်တယ် မြတ်မိုး. . မင်းသတင်းတွေငါကြားတယ်. . မင်းစီးပွားရေးတော်တော်လေးကို ကျနေတယ်. . ပြီးတော့ မင်းရဲ့မျိုးသမီးလည်း ကျန်းမာရေးမကောင်းဘူးတဲ့. . ဒီအတွက် မင်းမှာငွေလိုအပ်နေတယ် မဟုတ်လား. . ."

"ဟုတ်တယ်. . ငါ့မှာငွေလိုအပ်နေတာတော့သေချာတယ်. , ဒါပေမယ့် မင်းလိုလူမျိုးဆီကမယူဘူး"



www.burmeseclassic.com

www.burmeseclassic.com



"မြတ်မိုး. . မင်းလည်း မင်းဆရာအတိုင်းပဲ ခေါင်းမာတာ ကိုး. . ."

"ငါတို့က ခေါင်းမာတာမဟုတ်ဘူး. . ငွေကို မင်းလို လောဘဇောတက်ပြီးမမက်ခဲ့တာကွ"

"အင်းလေ. . မင်းသိပ်ပြီး မာနထောင်နေရင်. . မင်းဘ အတွက် ဘယ်လောက်ထိဒုက္ခရောက်တော့မယ်ဆိုတာ မင်း အသိဆုံးပါ. . မင်းအိမ်ကိုဘာမဟုတ်တဲ့ငွေလေးနဲ့သူများလက် ကို အပ်တော့မှာလား. . ."

"ဟင်"

ဦးမြတ်မိုးနဲ့ဝတ်သက်ပြီး အကြောင်းစုံကိုသိနေတာ ကြောင့် ဦးမြတ်မိုးအံ့အားသင့်သွားသည်။

"တစ်ခါတစ်ခါမာနတရားဟာ ကောင်းတာရှိသလို မ ကောင်းတာလည်းရှိတယ် မြတ်မိုး. . မင်းစဉ်းစားပါ"

"ငါက ဘာစဉ်းစားရမှာလဲ"

"မင်းဒီဒုက္ခတရားပေ့ လွတ်ကင်းချင်တယ်ဆိုရင် မင်းနဲ့ ငါအေးအေးဆေးဆေးစကားပြောကြမယ်. ."

ဦးမြတ်မိုးအတွက် တကယ့်အကျပ်အတည်းတွေကို ရင် ဆိုင်နေရတဲ့အချိန်ရောက်နေတာမို့ ဦးနန္ဒစည်ရဲ့ဆွေးနွေးမှုကို လက်ခံရတော့မှာဖြစ်သည်။

"ကောင်းပြီ. . မင်းဘာပြောချင်လဲ. . ပြောလေ"





"ဒီလိုလုပ်စမ်းပါ. . ဖြောင်း. . ဖြောင်း"

ဦးနန္ဒစည် လက်ခုပ်တီးလိုက်သည်နှင့်တပည့်တစ်ယောက် ထွက်လာပြီး. . .

"ဆရာ. . ဘာကိစ္စလဲ"

"ငါစားပွဲပေါ်က အိတ်ကိုယူခဲ့"

"ဟုတ်ကဲ့"

"မြတ်မိုး. . အချိန်ရတယ်မဟုတ်လား. . ."

"ရပါတယ်"

"ဒါဆိုတစ်ခွက်လောက်တော့သောက်ကွာ"

"ငါမသောက်ဘူး နန္ဒစည်"

ဦးနန္ဒစည်ရဲ့တပည့် သားရေအိတ်တစ်လုံးကို ယူလာပြီး ပေးလေသည်။ ဦးနန္ဒစည် သားရေအိတ်ကို ဦးမြတ်မိုးရှေ့တွင် ချတာ. . .

"ဒီထဲမှာ မင်းအိမ်ရွေးဖို့ ငွေသိန်း(၂၀၀)ရှိတယ်"

"ဟင်"

ဦးမြတ်မိုး မယုံကြည်နိုင်အောင်ဖြစ်နေလေသည်။

"နန္ဒစည်. . မင်းငါ့ဆီက ဘာလိုချင်တာလဲ. . ပွင့်ပွင့် လင်းလင်းပြော"

"မင်းဆီမှာ ငါလိုချင်တာမရှိပါဘူး. . အဲ. . ဒါပေမယ့် ငါ လိုချင်တာတော့ရှိတယ် မြတ်မိုး"

www.burmeseclassic.com



"မင်းက ဘာကိုသိချင်တာလဲ"

"မင်းဆရာနေမင်းသော်ရထားတဲ့မြေပုံတစ်ပိုင်းကို ဘယ်မှာထားလဲ. . ."

"ဘာ. . နန္ဒစည် ငါမသိဘူး"

"မင်းသိပါတယ် မြတ်မိုးရာ. . ခုကိစ္စမှာမင်းရယ် ငါရယ် နေမင်းသော်ရယ်ပဲသိခဲ့တဲ့ကိစ္စလေ. . မင်းငြင်းလို့ ဘာမှအကျိုး မရှိဘူး. . တကယ်လို့သာမင်းပြောမယ်ဆိုရင် မင်းလည်းဒီဘဝ ကနေကျွတ်မယ်. . ငါလည်းရသင့်တာတွေရမယ်လေ. . ."

"နန္ဒစည်. . မင်းဒီလောကချမ်းသာနေတာတောင် ဒီ ရတနာပစ္စည်းတွေကို မက်တုန်းလား. . ."

"မြတ်မိုး. . လူဆိုတာ လောဘရဲ့သားတောင်ပဲ. . မြေ ထဲက ရတနာတွေဟာ ခုငါချမ်းသာတာထက် ဆယ်ဆလောက် ရှိနေမှာကွ. . မင်းအတွက် မနစ်နာစေရပါဘူး"

"ဒီရတနာတွေဟာ တိုင်းပြည်ရဲ့အဖိုးတန်ပစ္စည်းတွေ လေ. . ."

"မြတ်မိုး. . မင်းဆရာစကားတွေငါ့ကိုထပ်ပြီး လာမပြော နဲ့ကွာ. . ဒါကြောင့်လည်း မင်းဆရာသေခဲ့ရတာ"

"ဆရာနေမင်းသော် ဘာကြောင့်သေရသလဲဆိုတာရော မင်းမမေးဘူးလား နန္ဒစည်"

"မေးစရာမှမလိုအပ်ဘဲ"





"ဘယ်လိုအပ်မလဲ. . မင်းလုပ်ကြံခဲ့တာကိုး"

"မြတ်မိုး မင်းပါးစပ်ပိတ်စမ်း"

"ဘာလဲ နန္ဒစည်. . ဟုတ်တာပြောလို့နာသွားသလား"

"ငါလုပ်တယ်ဆိုတာကို မင်းဘာနဲ့သက်သေပြမလဲ. . ပြော"

"သက်သေမပြနိုင်လို့ မင်းဒီလောကထိအပြင်မှာနေနေ ရတာပေါ့ကွာ. . ."

"မြတ်မိုး. . မင်းငါမေးတာကိုပဲပြော. . မင်းပြောနိုင် လား"

"စိတ်မကောင်းပါဘူး နန္ဒစည်. . ငါ့ဘဝဘယ်လောက်ပဲ ဒုက္ခရောက်ရောက် မင်းဆိုတဲ့ကောင်ရဲ့လောဘအောက်မှာ ဒူး ထောက်ဘူး. . ငါမပြောနိုင်ဘူး"

"ဒါဆိုလည်းပြီးတာပဲ"

"ငါပြန်မယ်. . ."

ဦးမြတ်မိုး သူ့ရှေ့က ငွေအိတ်ကို ဦးနန္ဒစည်ဘက်သို့ပြန် တွန်းပို့ကာ ကျောခိုင်းထွက်ခဲ့လေသည်။

"ဖြောင်း. . ဖြောင်း"

"ဆရာ ပြောပါ"

"ဒီကောင့်ကိုဖမ်းပြီး ခေါ်ခဲ့ကြတော့. . ."

"စိတ်ချ ဆရာ"



www.burmeseclassic.com

www.burmeseclassic.com



"ဟား ဟား ဟား . . မြတ်မိုး . . မင်းလည်း မင်းဆရာလို မိုက်မဲတဲ့ကောင်ပဲ . . ငွေမလိုချင်တော့လည်း လိုချင်တာကို ပေးရတာပေါ့ကွာ"

ဦးမြတ်မိုးအပြင်ကိုရောက်တော့ စိတ်ထဲတွင်မလုံမလဲဖြစ်တာကြောင့် နောက်ကို လှည့်ကြည့်လိုက်တော့ ကားတစ်စီး မောင်းလာတာကို တွေ့လိုက်ရသဖြင့် . . ခြေလှမ်းကိုအသွက်ဆုံး လှမ်းကာ လျှောက်လာခဲ့သည်။

ကားနှင့်လူမို့ နောက်မှလိုက်လာသောကားမှာ ဦးမြတ်မိုးကို မှီလာလေသည်။ ကားပေါ်မှဦးနန္ဒစည်ရဲ့လူနှစ်ယောက်ဆင်းလာပြီး . . .

"ဦးမြတ်မိုး . . အေးအေးဆေးဆေးပြန်လိုက်ခဲ့ပါ . ."

"မလိုက်ဘူး"

"ခင်ဗျားခေါင်းမာလို့ အကျိုးမရှိဘူးနော်"

"မင်းတို့လုပ်ချင်တိုင်းလုပ်လို့ရအောင် . . ဥပဒေမဲ့တိုင်းပြည်မဟုတ်ဘူးကွ"

"ကဲ . . ကြာတယ်ကွာ"

"ဟေ့ကောင်တွေ . . ."

ဦးမြတ်မိုးနောက်သို့ဆုတ်ပြီး ထွက်ပေါက်ကိုရှာလိုက်သည်။ နန္ဒစည်ရဲ့တပည့်နှစ်ကောင်က ခါးမြောင်ကိုယ်စီထုတ်ပြီး အတင်းဝင်ဆွဲတာကို ရုန်းကန်ရင်း . . .





"ရှပ်"

"အ"

ဦးမြတ်မိုးဗိုက်ဆီသို့ ခါးမြောင်ကစိုက်ဝင်သွားသည်။

"ငမဲ . . မင်းဘယ်လိုလုပ်တာလဲ . . ."

"ငါ့ခါးကို အတင်းဝင်လုတာကို"

"ဟာ . . ဟိုမှာ မီးရောင်"

အဝေးမှ ကားတစ်စီးမောင်းလာနေသည်ကို တွေ့လိုက်ရတာကြောင့် . . .

"ဆွဲခေါ်ပြီး ကားပေါ်တက်ကွာ . ."

ခါးဒဏ်ရာနှင့်ဦးမြတ်မိုးကို ကားပေါ်သို့ဆွဲတင်ချိန်တွင် အဝေးမှမောင်းလာသော ကားမှာ ဦးနန္ဒစည်တပည့်များကားဆီသို့ရောက်လာပြီး . . .

"ရှင်တို့ ဒါဘာလုပ်တာလဲ"

"ဘာလုပ်ရမလဲ . . အရက်မူးနေလို့တွဲခေါ်တာလေ"

"ယုတ္တိမရှိတာတွေပြောမနေနဲ့ . . ရှင်တို့ပုံစံက မတော်တာလုပ်လာတဲ့ပုံစံ"

"မင်း ဝင်မပါနဲ့ . . ."

ရည်စူးတွယ်တာ ဦးနန္ဒစည်ရဲ့တပည့်နှစ်ယောက်ကို ခပ်ဆည်တည်ဖြင့်ကြည့်ကာ . . .

"ရှင်တို့ဘယ်သူတွေဆိုတာ ကျွန်မသိတယ် . . ဦးနန္ဒစည်



www.burmeseclassic.com

www.burmeseclassic.com



ရဲ့တပည့်တွေ. . .”

“ဟာ”

“ဟိုက်”

အခြေအနေကို သဘောပေါက်သော လူမိုက်နှစ်ယောက် ရည်စူးတွယ်တာကိုပါ အပြတ်ရှင်းရန်သာရှိသဖြင့် ဓါးမြှောင်ဖြင့် ပြေးဝင်ထိုးလေတော့သည်။

“ကဲ ဟယ်. . .”

“ဖြောင်း”

ရည်စူးတွယ်တာ အသင့်ပါလာသောတုတ်ဖြင့် ပြေးဝင်လာတဲ့ကောင်ကို ရိုက်ချလိုက်ပြီး နောက်တစ်ကောင်ကိုရိုက်မည် အပြု. . ကားဆီကိုပြန်ပြေးကာ မောင်းပြေးလေတော့သည်။

“အား. . ကျွတ်. . ကျွတ်. . .”

“ဦးလေး”

ရည်စူးတွယ်တာ ဦးမြတ်မိုးကို တွဲပြီး ကားပေါ်သို့တင် ကာ. . ဆေးရုံသို့မောင်းခဲ့လေသည်။ လောလောဆယ် ဒီနေ့ ဂျာနယ်တိုက်မှ ကားကိုကိစ္စတစ်ခုအတွက် သွားရန်ယူလာတာမို့ ဦးမြတ်မိုးကို ကယ်ခွင့်ရခဲ့လေသည်။



“ဒါဆို. . ဦးနန္ဒစည်ကို သတ်ဆိုင်ရာကမဖမ်းနိုင်ဘူးပေါ့ တုတ်လား. . ရည်စူး”

“ဟုတ်တယ် အာရုံ. . ဦးနန္ဒစည်ရဲ့တပည့်လုပ်တဲ့ငမဲက သစ္စာရှိတယ်. . ဦးမြတ်မိုးကို သူပုဂ္ဂိုလ်ရေးအငြိုးကြောင့် ဓါးနဲ့ ထိုးတာဆိုပြီး ဖြောင့်ချက်ပေးတယ်လေ. . .”

“ဦးမြတ်မိုး ဒဏ်ရာကရော. . .”

“ဗိုက်ဆိုတော့ နည်းနည်းကောင်းသွားတယ်. . ဆေးရုံမှာလေ. . .”

“ဦးမြတ်မိုးကို ဘာကြောင့် သတ်ရသလဲဆိုတာ သိပြီလား”

“ဒီအကြောင်းတွေကိုမသိရသေးဘူး”

“ဦးမြတ်မိုးက သက်ဆိုင်ရာကို ဖွင့်မပြောဘူးလား. . .”

“မပြောသေးဘူး. . ဦးမြတ်မိုးအနေနဲ့ ဦးနန္ဒစည်ကို သက်သေမခိုင်လို့ဘဲ မပြောချင်တဲ့သဘောဖြစ်မှာပေါ့. . .”

“ရည်စူး”

“အာရုံဘာပြောချင်လဲ”



www.burmeseclassic.com

www.burmeseclassic.com



"ငါ ဦးမြတ်မိုးနဲ့ တွေ့ချင်တယ်"

"ရည်စူးလည်းစီစဉ်ထားပါတယ်. . ဦးမြတ်မိုး ဆေးရုံက ဆင်းတာနဲ့ခေါ်ခဲ့မှာပါ. . ဒါမှအကြောင်းစုံကို သိရမှာလေ. . ဒီနေ့အထူးဧည့်သည်တစ်ယောက်တောင်ပါလာသေးတယ်"

"ဘယ်သူလဲ ရည်စူး"

"ခဏလေးစောင့် ရည်စူးထွက်ပြီးခေါ်လိုက်ဦးမယ်"

"အင်း"

ခုတင်ပေါ်တွင် အာရုံဖုံကိုထားခဲ့ပြီး ရည်စူးတွယ်တာ အပြင်ကို ထွက်ခဲ့လေသည်။ အာရုံဖုံကိုထားသောနေရာမှာ မင်္ဂလာဒုံဘက်ရှိ ခရစ်ယာန်ဘုရားရှိခိုးကျောင်းကြီးထဲမို့ အပြင်မှ သိဖို့ရာမလွယ်ကူနိုင်စေ. . တစ်ပတ်တစ်ခါအပြင်ဆေးခန်းတွင် အာရုံဖုံခြေထောက်ကိုဆေးကုနေရလေသည်။

အာရုံဖုံပေါ်တွင် အစစအရာရာကောင်းလှသော ရည်စူးတွယ်တာ၏ သံယောဇဉ်ပေါ်တွင် တကယ်ပင်လေးစားမိလေသည်။

"ဟင်. . သီရိ ညီမလေး. . ."

"ကိုကို. . ."

သီရိကို ရည်စူးတွယ်တာတွဲပြီး အာရုံဖုံခုတင်ပေါ်တွင် ထိုင်ခိုင်းစေလိုက်လေသည်။ မောင်နှမနှစ်ယောက်တစ်ယောက် ကိုတစ်ယောက် ဖက်ပြီး သီရိငိုနေလေတော့သည်။





"ကဲ တိတ်ပါ ညီမလေးရယ်. . ကိုကိုမသေဘူးဆိုတာကို သိပြီပဲ. . ."

"ကိုကိုရယ်"

"ကဲ. . မောင်နှမနှစ်ယောက်စကားပြောကြဦး. . စားသောက်ဖို့တစ်ခုခုလုပ်လိုက်ဦးမယ်"

"အင်း"

ရည်စူးတွယ်တာ ထွက်သွားပြီးနောက်. . .

"ကိုကို"

"ပြောလေ"

"မမဆူးက ညီမလေးဆီကိုရောက်တိုင်းငိုငိုနေတာကိုမကြည့်ရက်ဘူး. ."

"ညီမလေးရယ်. . ကိုကိုလည်း ဖွင့်ပြီးပြောပြချင်ပါတယ်၊ ဒါပေမယ့် ဆူးတစ်ယောက် စိတ်ခံစားမှုတွေဖြစ်မှာစိုးလို့ပါ"

"စိတ်ခံစားမှုဆိုတာ ဘာကိုဆိုလိုတာလဲဟင်"

"ဒီလိုညီမလေးရဲ့. . ကိုကို့ကို လုပ်ကြံခဲ့တဲ့သူဟာ ဆူးအက်ဒီဖြစ်ဖို့များတယ်. . ."

"ဟင်"

"ချစ်သူနဲ့ရန်သူကြားမှာ ကိုကိုရပ်တည်ပြီး အမှန်တရားကို ဖော်ထုတ်ဖို့အတွက် ဖွင့်မပြောတာပါ"

"မမဆူး သနားပါတယ်. . ."



www.burmeseclassic.com

www.burmeseclassic.com



"ကိုကိုလည်း စိတ်မကောင်းပါဘူး . . ဆူးဒက်ဒီရဲ့ယုတ်မာမှုတွေကိုတော့ လွယ်လွယ်နဲ့ခွင့်မလွှတ်ပေးနိုင်ဘူး ညီမလေး . . ကဲ . . ဒါတွေထားဦး ညီမလေးမျက်လုံးဘယ်နေ့ခွဲစိတ်မှာလဲ"

"ခုလာမယ့် စနေနေ့ . . ဆရာကြီးကတော့ပြောပါတယ်"

"ဘယ်လိုပြောတာလဲ . . ."

"ညီမလေးမျက်လုံးအခြေအနေက အားရစရာကောင်းတယ်တဲ့ . . ကိုးဆယ်ရာခိုင်နှုန်းအောင်မြင်နိုင်တယ်တဲ့"

"ဝမ်းသာစရာပေါ့ကွာ"

"ကိုကို . . ."

"ပြော"

"သီရိမျက်လုံးပြန်ကောင်းသွားရင် ကိုကိုစတန့်လုပ်တဲ့ အလုပ်ကိုမလုပ်ရတော့ဘူးနော် . . ."

"စိတ်ချ . . ကိုကို မလုပ်တော့ပါဘူး"

"မမဆူးက ဒီအကြောင်းတွေပြောတိုင်း ငိုလည်းငို . . ယူကျုံးမရဖြစ်နေခဲ့တာ . . သူ့အတန်တန်ပြောရက်နဲ့ ကိုကိုက ညီမလေးအတွက် ခေါင်းမာနေခဲ့တာတဲ့ . . ."

"ကိုကို ခေါင်းမာခဲ့တာမဟုတ်ပါဘူး . . ဦးနန္ဒစည်ရဲ့ ငွေကြေးနဲ့မကူချင်လို့ပါ"

"ခု သီရိခွဲစိတ်ရေးကိစ္စအားလုံး မမဆူးပဲ စီစဉ်ပေးနေတာ မမတွယ်တာလည်း သီရိဆီလာပြီး လိုအပ်တာအားလုံးကိုလုပ်





ပေးပါတယ် . . ခုမှ သီရိအစ်မနှစ်ယောက်ကြားမှာနေရသလို ဖြစ်နေတာ . . မမတွယ်တာက တကယ်စိတ်ရင်းကောင်းတယ်နော် . . ကိုကို့အပေါ်လည်း ဂရုစိုက်တယ်"

"ရည်းစားတွယ်တာဟာ ကိုကို့အတွက် မိတ်ဆွေစစ်မိတ်ဆွေကောင်းတစ်ယောက်ပါ ညီမလေး"

"မမဆူးနဲ့လည်း အဆင်ပြေကြတယ် . . ဟိုတစ်နေ့က သူတို့နှစ်ယောက်နဲ့အတူ ဆေးရုံကိုတောင်သွားရသေးတယ် . . သီရိစိတ်ထဲမှာ တကယ်ကိုကျေနပ်နေတာမှမပြောနဲ့ . . ဒါပေမယ့် . . ."

"ဒါပေမယ့် ဘာဖြစ်လဲ . . ."

"မမဆူးက ကိုကိုသေပြီမှတ်ပြီး ခံစားနေရတာကိုသနားတယ် . . ."

"တစ်နေ့တော့သိရမှာပေါ့ကွယ် . ."

"အင်း . . ကိုကို့ကို ပြောရဦးမယ်"

"ဘာလဲ"

"မမဆူးကိုမန္တလေးကရောက်နေတဲ့ကောင်နဲ့ ပေးစားဖို့ ဦးနန္ဒစည်က စီစဉ်တာကိုမမဆူးကလက်မခံဘဲ အိမ်ပေါ်ကဆင်းပြီး သူ့အဘွားအိမ်မှာသွားနေတယ်လေ . ."

"ဪ"

"ကဲ . . မောင်နှမနှစ်ယောက်စကားပြောလို့ဝရင် ထမင်း



www.burmeseclassic.com

www.burmeseclassic.com



စားကြရအောင်. . ပြီးတော့မှ တစ်နေ့လုံးစကားပြောကြ. . ညနေမှပြန်ပြီးပို့ပေးမယ်”

“လာ. . သွားပြီးစားကြရအောင်. . မမတွယ်တာ လက်ရာ ဘယ်လောက်ကောင်းတယ်ဆိုတာကို ငါ့ညီမလေးသိသွားရမယ်”

“သီရိကသိပြီးပါပြီ”

“အလို. . ဘယ်တုန်းကသိခဲ့တာလဲ”

“မမတွယ်တာ အိမ်ကို ရောက်လာတိုင်းထမင်းဟင်းချက်ကျွေးတယ်လေ. . .”

“ဪ”

“မမတွယ်တာ”

“ဘာလဲသီရိ”

“သီရိအတွက် ထာဝရအစ်မလုပ်ပေးပါလား”

“တလေးရယ်. . လုပ်ပေးပါ့မယ်”

အာရုံကို တစ်ဖက်တွဲသလို သီရိသော်တာကိုလည်း တစ်ဖက်ကတွဲပြီး ခေါ်လာခဲ့တဲ့ ရည်စူးတွယ်တာတစ်ယောက် ထိုသို့သောအခြေအနေပေါ်တွင် ကျေနပ်နေတာတော့အမှန်ပင်ဖြစ်သည်။

ထမင်းဝိုင်းလေးမှာ ဟင်းအမယ်မစုံပေမယ့် သံယောဇဉ်များစွာတို့နှင့်ဖွဲ့စည်းခဲ့သောထမင်းဝိုင်းလေးမို့ စိုစိုပြေပြေရှိလှ





လေသည်။

“သီရိအတွက် ကံကောင်းခြင်းနေ့တွေကိုဆုံချင်ပြီ”

“ဆုံရတော့မှာပါ ကလေးရယ်”

“သီရိမျက်လုံးမြင်တဲ့နေ့မှာ အမြင်ချင်ဆုံးလူက ဘယ်သူလဲ သိလား. . .”

“ဟင့်အင်း”

“မမတွယ်တာ”

“ဟင်”

“ကိုယ့်ကိုကိုကျတော့ မမြင်ချင်ဘူးပေါ့”

“ဒီလိုမဟုတ်ပါဘူး. . ကိုကိုနဲ့မမဆူးတို့က သီရိတွေ့ဖူးထားတဲ့မျက်နှာတွေဆိုတော့ စိတ်အာရုံထဲမှာအမြဲရှိနေတယ်လေ. . မမတွယ်တာကျတော့ တစ်ခါမှမတွေ့ဘူးဘဲ သံယောဇဉ်တွယ်နေရတာဆိုတော့ အရမ်းကိုမြင်ချင်တယ်”

“မြင်စေရမှာပါ သီရိရယ်”

“သီရိ”

“ကိုကို”

“မင်း မမတွယ်တာအသံလေးကိုနားထောင်ပြီး ရုပ်ချောလား. . ရုပ်ဆိုးလားဆိုတာကို မှန်းကြည့်စမ်း”

“သီရိမြောက်ပြီးပြောတာ မဟုတ်ဘူးနော်. . မမတွယ်တာစကားသံလေးကို နားထောင်ရုံနဲ့မမတွယ်တာဟာ ရုပ်ချောသူ

www.burmeseclassic.com



တစ်ယောက်ဆိုတာ ပြောနိုင်တယ်. . ကိုကို. . သိရှိပြောတာ ဖှုတ်လား"

"သိပ်ဟုတ်ပေါ့ကွယ်"

"ကဲ. . မောင်နှမ်နှစ်ယောက်လုံးကို ဒီထက်ကောင်းတဲ့ လက်ရာနဲ့ချက်ပြီးကျွေးပါ့မယ်. . သိပ်ပြီးမြှောက်မနေနဲ့တော့"

ရယ်မောသံကလေးများနှင့် ထမင်းဝိုင်းကလေးမှာ သာယာလှပစေခဲ့လေပြီ. . ရည်စူးတွယ်တာဘဝတွင် ထိုသို့မိသားစုဘဝလေးတစ်ခုကို လိုချင်မက်မောခဲ့သူတစ်ယောက် မဟုတ်လား. . .

"ဒီသတင်းထောက်စုတ်မတော့ တော်တော်လေးကို မှုနေပြီ. . ."

ဦးနန္ဒစည် မကျေမနပ်ဖြင့် ပြောနေလေသည်။

"ဆရာရယ်. . ဒီသတင်းထောက်မကိုလည်း ရှင်းပစ်လိုက်ပေါ့"

"ရှင်းတာကလွယ်တာမှတ်လို့. . သတင်းထောက်ကွ. . သူတစ်ခုတစ်ခုဖြစ်တာနဲ့ ရဲဘက်က မီးခိုးကြွက်လျှောက်ဖြစ်သွားမှာပေါ့. . ငါကသတ်ချင်တာ လက်ကိုင်ယားနေတာပဲ. . ဒါနဲ့. . မြတ်မိုးအခြေအနေဘယ်လိုလဲ. . ."

"ဒီနေ့ ဆေးရုံကဆင်းမယ်"

"တောက်. . တော်တော်ခေါင်းမာတဲ့ကောင်"

"ကျွန်တော်တို့ဘာဆက်ပြီးလုပ်ရမလဲ. . ."

"မြတ်မိုးအခြေအနေကို စုံစမ်းပြီး. . . ဒီကောင့်ဆီက နမင်းသော်ရဲ့မြေပုံ ဘယ်မှာထားလဲဆိုတာ သိအောင်လုပ်ရမယ်. . ."



www.burmeseclassic.com

www.burmeseclassic.com



"ဆရာရယ် . . သူ့သမီးနဲ့သား တစ်ယောက်ယောက်ကို ပေးခဲ့မှာပေါ့ . . သားကသေသွားပြီဆိုတော့ သမီးဆီမှာရှိမှာပဲ . . ဒီတော့ သမီးကိုဖမ်းပြီးခြိမ်းခြောက်လိုက်ရင် မြေပုံတစ်ပိုင်း ထွက်လာမှာပေါ့"

"ဖျောက်"

တပည့်ဖြစ်သူရဲ့စကားကြောင့် ဦးနန္ဒစည်မျက်နှာဝင်း လက်သွားပြီး . . .

"ဟုတ်တယ် . . မင်းပြောတာမဆိုးဘူး . . နေမင်းသော် သမီးကိုချော့ခေါ်ပြီးဖမ်းရမယ်"

"ဆရာ့ကိုတစ်ခုတော့အသိပေးချင်တယ် . . . "

"ဘာလဲကွ"

"ဆရာ့သမီးမေဝတီဆူးက ဒီကောင်မလေးဆီမှာအမြဲလို လိုရှိနေတာဆိုတော့ အပြင်ကိုခေါ်ထုတ်ဖို့မလွယ်ဘူး . . ."

"ဒီကိစ္စ ငါ့တာဝန်ထား . . ငါစီစဉ်မယ် . . မင်းတို့ဘက်က ကောင်မလေးကိုခေါ်ပြီး ကောင်းကောင်းမွန်မွန်ထားကြ"

"စိတ်ချ ဆရာ"

"ဆရာ . . ဆရာ . . "

အပြင်မှတပည့်ဖြစ်သူတစ်ယောက် ဝင်လာပြီး ခေါ်လိုက် တာကြောင့် . . .

"ဘာလဲ ငရိုး"





"အပြင်မှာ ဒါရိုက်တာရောက်နေတယ် . . . "

"ဟင် . . သူငါနဲ့ချိန်းထားတာမရှိပါလား"

"ဆရာ့ကိုတွေ့ချင်လို့လာတာတဲ့"

"အေး . . ခုလာခဲ့မယ် . . ငါပြောတာတွေကို ဆက်ပြီးလုပ် ညနေမြတ်မိုးသတင်းနဲ့ပတ်သက်ပြီး ငါသိချင်တယ် . . . "

"ဟုတ်ကဲ့"

ဦးနန္ဒစည်တစ်ယောက်အပြင်ကိုထွက်လာခဲ့ပြီး ဧည့်ခန်း တွင်ထိုင်နေသော ဒါရိုက်တာကိုလှိုင်မောင်ရှေ့တွင် ဝင်ထိုင်လိုက် ပြီး . . .

"ဒါရိုက်တာကြီး . . ဘာကိစ္စလဲ . . ငွေရေးကြေးရေး ကိစ္စ လား"

"မဟုတ်ပါဘူး . . အလုပ်ကိစ္စပါ"

"ကဲ . . ပြော"

"ကျွန်တော့်ဦးနန္ဒစည်ရဲ့ဇာတ်ကားတွေကိုဆက်ပြီး မရိုက် နိုင်တော့ဘူး"

"ဟင် . . ဘာဖြစ်လို့လဲ . . . "

"တခြားတော့မဟုတ်ဘူး . . အန္တရာယ်များလို့ပါ"

"အန္တရာယ်များတယ်ဆိုတာ ဘာကိုဆိုလိုတာလဲ"

"အရှင်းဆုံးပြောရရင်စွန့်စားခန်းတွေဟာ လူတစ်ယောက် အသက်ကို အသားလွတ်ကြီးဆုံးရှုံးနိုင်တာမို့ပါ . . ."



www.burmeseclassic.com

www.burmeseclassic.com



"ဗြော်. . ဒီကိစ္စလား. . ကျုပ်လည်း စဉ်းစားပြီးပါပြီ. . စတန့်မင်းသားမောင်အာရုံ့သေသွားပြီးနောက်ပိုင်းဒီလိုဇာတ်ကားမျိုးတွေကိုဆက်ပြီးမရိုက်တော့ဘဲ မေတ္တာဖွဲ့ဇာတ်ကားတွေပဲ ရိုက်တော့မယ်လို့. . ."

"ဒီလိုဆိုရင်တော့ ကျွန်တော်ဆက်ပြီးရိုက်ပါ့မယ်. . နောက်တစ်ခုကတော့ ဂျာနယ်သတင်းထောက်တွေက စတန့်မင်းသားအာရုံ့ရဲ့သေဆုံးတာနဲ့ပတ်သက်ပြီး အာရုံစူးစိုက်နေတယ်. . အပြင်လောကမှာလည်း သတင်းတော်တော်လေးထွက်နေတယ်"

"ဟင်. . ဘာသတင်းတွေလဲ. . ."

"စတန့်မင်းသားအာရုံ့ဟာ လုပ်ကြံခံရတာတဲ့"

"ဘာ"

"ဂျာနယ်တစ်စောင်မှာဆို မင်းအာရုံ ရုပ်ရှင်၊ ဗီဒီယိုထုတ်လုပ်ရေးပိုင်ရှင်ဦးနန္ဒစည်က သူ့သမီးနဲ့သဘောမတူတဲ့အကြောင်းတွေကို ဖော်ပြထားတယ်. . ထွက်ပေါ်နေတဲ့သတင်းတွေရယ်. . ဒီသတင်းကြောင့် မင်းအာရုံ ရုပ်ရှင်၊ ဗီဒီယိုထုတ်လုပ်ရေးပိုင်ရှင်ဦးနန္ဒစည်က အာရုံ့ကို အကွက်ချပြီးလုပ်ကြံတယ်လို့တောင်ပြောနေကြပြီ. . ."

"ဟင်. . ဒါ. . ဟို. . သတင်းထောက်မလက်ချက်ပဲ ဖြစ်မယ်. . ."





"ဒီကိစ္စကို ဦးနန္ဒစည်ဘက်က ပြင်ဆင်ပြီး လုပ်သင့်တာတို့ လုပ်စေချင်တယ်. . ဒီလိုမလုပ်ဘူးဆိုရင် မင်းအာရုံကုမ္ပဏီရဲ့ ဂုဏ်သိက္ခာကိုထိခိုက်နိုင်တယ်. . ."

"စိတ်ချ. . ကျုပ်ပြင်ဆင်ပြီး သတင်းဂျာနယ်ရှင်းလင်းပွဲ လုပ်မယ်. . ဒါကို ဒါရိုက်တာကြီးစီစဉ်ထားလိုက်ပါ"

"ကောင်းပြီ. . ဘယ်နေရာမှာလုပ်မလဲ. . ."

"ဟိုတယ်တစ်ခုခုမှာ. . ညစာထမင်းကျွေးပြီးလုပ်မယ်"

"ကျွန်တော်စီစဉ်ထားလိုက်ပါ့မယ်. . သွားခွင့်ပြုပါဦး"

"ကောင်းပါပြီ. . ."

ဒါရိုက်တာကိုလှိုင်မောင် ပြန်သွားပြီးနောက်. . ခါးကြားမှ ဟန်းဖုန်းကိုဖြုတ်ကာ. . ဖုန်းနံပါတ်တွေကိုနှိပ်လိုက်လေသည်။

"ဟဲလို. . မန်နေဂျာချုပ်လား. . ."

"- - - - - - - -"

"ကျုပ်နန္ဒစည်ပါ. . တခြားကိစ္စတော့မဟုတ်ဘူး၊ ခင်ဗျားနယ်ကသတင်းထောက် ရည်စူးတွယ်တာကို တွေ့ချင်လို့"

"- - - - - - - -"

"ကောင်းပြီ. . ကျုပ်ဖုန်းကိုပြန်ပြီးဆက်ခိုင်းလိုက်ပါ"

ဦးနန္ဒစည်ဖုန်းကိုပိတ်ပြီး တစ်ဖက်မှပြန်ပြီးဆက်မည့် ဖုန်းသံကိုစောင့်နေလိုက်တော့သည်။

"တီ. . တီ. . တီ"

www.burmeseclassic.com

www.burmeseclassic.com



"ဟဲလို . . ပြော"

"- - - - - - - -"

"သြော် . . မင်းလား . . တခြားတော့ မဟုတ်ပါဘူး . . မင်းနဲ့တွေ့ချင်လို့"

"- - - - - - - -"

"ညနေငါအကြိုလွှတ်လိုက်မယ်"

"- - - - - - - -"

"ဒါဆိုမင်းလာခဲ့ပါ . . မြရိပ်ညိုမှာ ညနေငါစောင့်နေမယ်"

ရည်စူးတွယ်တာဘက်မှဖုန်းချသွားတာကြောင့် ဦးနန္ဒစည် ရည်စူးတွယ်တာနဲ့ ပတ်သက်ပြီး ကြိုးကိုင်နိုင်အောင် အစီအစဉ်များကို စဉ်းစားနေလေသည်။

သူ ရည်စူးတွယ်တာကို အကြမ်းဖက်ကိုင်တွယ်လို့ မရနိုင်မှန်းကို သဘောပေါက်တာကြောင့် ပျော့ပျော့လေးနှင့်ကိုင်တွယ်နိုင်အောင် ကြိုးစားရတော့မည်။

ဦးနန္ဒစည်တွင် ငွေကြေးဓနအင်အားတောင့်တင်းသူဖြစ်တာကြောင့် ငွေနှင့်သိမ်းသွင်းယူရန် စိတ်ကူးထားလေသည်။

လူဆိုတာ ငွေရဲ့ကျေးကျွန်တွေမဟုတ်လား . . ရည်စူးတွယ်တာဆိုတဲ့လူလည်း ငွေကိုမမက်ဘူးဆိုတာတော့မဖြစ်နိုင်ပေ . . .

"ဟူး"

ဦးနန္ဒစည် သက်ပြင်းတစ်ချက်ကို မှုတ်ထုတ်ပြီး . . .





"သာဂတိုး"

"ဗျာ ဆရာ . . ."

"ကားအသင့်ထုတ်ထား . . ငါအပြင်သွားစရာရှိတယ်"

"ဟုတ်ကဲ့"

ဦးနန္ဒစည် ရေချိုးခန်းထဲသို့ဝင်တာ စိတ်ကိုလည်း လန်းဆန်းအောင်ပြုလုပ်ပြီး သူလုပ်ဆောင်ရမည့် အကြံအစည် များကို စဉ်းစားနေလေတော့သည်။

www.burmeseclassic.com

www.burmeseclassic.com

"မင်းငွေဘယ်လောက်လိုချင်လဲ. . ."

ဦးနန္ဒစည်ရဲ့အမေးစကားကို ရည်စူးတွယ်တာ ခပ်ပြုံးပြုံး လေးနှင့်. . .

"ကျွန်မလိုချင်တဲ့ငွေတွေကို အန်ကယ်ကပေးမှာမို့လို့လား"

"ငါက တန်ခိုးရှင်မဟုတ်တော့ မင်းလိုချင်သလောက်တော့ မပေးနိုင်ဘူး. . ဒါပေမယ့် မင်းဘဝမှာမကိုင်ဘူးတဲ့ငွေလောက်တော့ပေးနိုင်တယ်"

"အန်ကယ် ဘာကြောင့်ဒီငွေတွေကိုပေးရတာလဲ. . ."

"မင်းလုပ်ရပ်တွေကိုရပ်ပေးဖို့အတွက်. . ."

"ကျွန်မလုပ်ရပ်ဆိုတာ ဘာကိုပြောတာလဲ အန်ကယ်"

"မင်းမဟုတ်တရုတ်သတင်းတွေလွှင့်နေလို့. . ."

"ကျွန်မ ဘာသတင်းတွေကိုရေးနေလို့လဲ"

"မင်းအိပ်ချင်ယောင်ဆောင်မနေပါနဲ့. . အာရုံဝိုနဲ့ပတ်





သက်ပြီး ငါ့ရဲ့ဂုဏ်သိက္ခာကိုထိပါးအောင်လုပ်နေတာလေ"

"အန်ကယ် မှားနေပြီထင်တယ်. . အာရုံဝိုနဲ့ပတ်သက်ပြီး ကျွန်မဂျာနယ်မှာ သတင်းဖော်ပြလို့မရအောင် အန်ကယ်တား မြစ်ထားပြီးပြီလေ. . ."

"မင်းဂျာနယ်မှာ သတင်းဖော်ပြခွင့်မရပေမယ့် တခြား သတင်းထောက်တွေကို မင်းသတင်းလွှင့်ခဲ့တာမဟုတ်လား"

"ဒါက အန်ကယ့်ထင်မြင်ချက်ပါ"

"ကဲပါ. . မင်းနဲ့ကျူပ်အငြင်းအခုံမလုပ်ချင်ဘူး. . မင်း သာ အာရုံဝိုသေတာနဲ့ပတ်သက်ပြီး ဘာမှဆက်ပြီးမလုပ်ဘူးဆိုရင် မင်းကိုငွေ(၁၀)သိန်းပေးမယ်. . ."

"အန်ကယ်ပေးတဲ့ငွေက ကျွန်မအတွက်မက်မောစရာပါ ဒါပေမယ့် ကျွန်မ, မယူပါဘူး. . ."

"ဘာလို့လဲ. . နည်းလို့လား"

"မဟုတ်ဘူး. . ကျွန်မဘာမှမလုပ်တဲ့ကိစ္စဖြစ်နေလို့ပါ"

"မင်းအတွက်အကျိုးရှိမယ့်ကိစ္စကိုသာမင်းလုပ်ပါ"

"စိတ်မကောင်းပါဘူး အန်ကယ်. . လောကကြီးမှာ အမှန်တရားကို ဘယ်လိုအရာတွေနဲ့ပဲ ဖုံးဖုံး. . အချိန်တန်ရင် အမှန်တရားဟာ ပေါ်ထွက်လာစမြဲပါ. . ."

"မင်းကငါ့ကိုခြိမ်းခြောက်နေတာလား. . ."

"ကျွန်မလိုလူက အန်ကယ်တို့လိုလူမျိုးကို မခြိမ်းခြောက်



www.burmeseclassic.com

www.burmeseclassic.com



ရပါဘူး. . ."

"အင်းလေ. . မင်းခေါင်းမာနေမယ်ဆိုရင်တော့ မင်းသဘောပဲ. . ဒီအခွင့်အရေးကို မင်းစဉ်းစားပါ. . . ."

"စဉ်းစားစရာ မလိုပါဘူး"

"မင်းဂျာနယ်တိုက်မှာဆက်ပြီး အလုပ်လုပ်ချင်သေးတယ်ဆိုရင်ပေါ့. . ."

"ကျွန်မအတွက် ဒီသတင်းထောက်ဘဝကနေ ကျော်ခိုင်ရလည်း စိတ်မကောင်းရုံကလွဲပြီး ဘာမှမတတ်နိုင်ပါဘူး၊ တစ်ခုတော့ အန်ကယ်သိစေချင်တယ်. . ကျွန်မကို ဂျာနယ်သတင်းထောက်ဘဝကနေ အန်ကယ်ထုတ်ပစ်လိုက်ပြီဆိုရင်တော့. . အာရုံဇုံ ဘာကြောင့်သေရတယ်ဆိုတာကို လွတ်လွတ်လပ်လပ်ထုတ်ဖော်ပြောလို့ရပြီပေါ့. . ."

"ဘာ. . ."

"ကျွန်မကို ခွင့်ပြုပါဦး"

"မင်း နေဦး. . ."

"အန်ကယ် ဘာပြောချင်လဲ. . ပြောပါ"

"နန္ဒစည်ကို စိန်ခေါ်ခြင်းဟာ. . မင်းဘဝအတွက် ကောင်းခြင်းမရှိဘူးဆိုတာတော့ သဘောပေါက်ထား"

"ရပါတယ်. . ကျွန်မကလည်း လူဖြစ်လာကတည်းက စိန်ခေါ်ခြင်းတွေကို ကျော်ဖြတ်ခဲ့တဲ့လူတစ်ယောက်ပါ"





ရည်စူးတွယ်တာစကားကို ခပ်အေးအေးပဲပြောဆိုတာထွက်ခဲ့လေသည်။ ဒီညနေဦးမြတ်မိုးဆေးရုံက ဆင်းပြီဖြစ်တာမို့. . ဦးမြတ်မိုးအိမ်ဘက်ကို သွားရန်ရှိနေသေးသည်။

ဦးနန္ဒစည်တစ်ယောက် ရည်စူးတွယ်တာအပေါ်တွင် ကောက်ကျစ်စဉ်းလဲသောအကြံများ ထုတ်နေမည်ကို သိနေလေသည်။ ရည်စူးတွယ်တာ အိတ်ထဲက သတင်းထောက်ကတ်ပြားလေးကိုကြည့်လိုက်ပြီး မကြာခင်စွန့်လွှတ်ရတော့မယ်ဆိုတာကို သဘောပေါက်လိုက်သည်။

ရည်စူးတွယ်တာတို့ ဂျာနယ်တိုက်ကို ဦးနန္ဒစည်တစ်ယောက် ချုပ်ကိုင်နိုင်တာကို သိပြီးဖြစ်သည်။ ဘယ်လိုပဲ ဖြစ်ဖြစ် ဦးနန္ဒစည်နှင့်ရည်စူးတွယ်တာတို့တိုက်ပွဲက စတင်ပြီဖြစ်လေသည်။

မကြာခင် အာရုံဇုံတစ်ယောက်လည်း ကောင်းမွန်သောလူတစ်ယောက်အဖြစ်သို့ ရောက်ရှိတော့မည်မဟုတ်လား. . .

'ဦးနန္ဒစည်. . ရှင့်ရဲ့နေဝင်ချိန်ကို မကြာခင်တွေ့ရတော့မှာပါ. . .'

ရည်စူးတွယ်တာ စိတ်ထဲတွင်ပြောလိုက်ပြီး ကားငှားရန်ပြင်နေချိန်. . .

"ဟော့. . တွယ်တာ"

"ဟင်. . ဆူး"



www.burmeseclassic.com

www.burmeseclassic.com



"ဘယ်သွားမလို့လဲ"

"မိတ်ဆွေတစ်ယောက်ဆီ. . ."

"ဒါဆိုကားပေါ်တက်. . လိုက်ပို့မယ်"

"ရပါတယ် ဆူးရယ်. . ."

"ကွယ်တာက အားနာနေလို့လား. . တက်ဆိုထက်"

ကားတံခါးကိုဖွင့်ပေးတာကြောင့်. . ကားပေါ်သို့တက်ရင်း မေဝတီဆူးအတွက်စိတ်မကောင်းဖြစ်မိသည်။ ဖခင်-ယုတ်မာကောက်ကျစ်မှုအောက်တွင် မေဝတီဆူးတစ်ယောက်အဖြစ်မဲ့စွာရှိနေလေပြီ. . .

"မနက်ဖြန်တောင်. . သီရိမျက်လုံးပွတ်တီးဖြေရတော့မယ်. . ."

"ဝမ်းသာစရာပေ့ါဆူးရယ်. . ဟင်. . ဆူး မျက်ရည်တွေဝဲနေပါလား"

"ဒို့အတွက် ဝမ်းသာခြင်း၊ ဝမ်းနည်းခြင်းက ရောယှက်နေလို့ပါ. . သီရိမျက်လုံးမြင်တာကို ဖုံတစ်ယောက်မြင်စေချင်လိုက်တာ. . ."

"ဆူးရယ်. . ."

မေဝတီဆူးတစ်ယောက် ပြောရင်း ပါးပြင်ပေါ်သို့ မျက်ရည်ဥများ စီးကျလာလေသည်။

"ဆူး"





"ကွယ်တာ. ."

"အာရုံဖုံကို. . ဆူး သံယောဇဉ်တကယ်ကြီးတယ်နော်"

"ကွယ်တာရယ်. . ဘယ်တော့မှမေ့လို့မရနိုင်တဲ့ ယောက်ျားဦးတစ်ယောက်ပါ. . ဒို့ရင်မှာ ဖုံဟာ ထာဝရရှိနေမယ်ဆိုတာကို ကွယ်တာယုံပါ. . ဖုံ သေသွားပြီဆိုတာကို ဒို့ဘယ်တော့မှ လက်ခံလို့မရဘူး. . ဖုံဟာ ဆူးအတွက် အမြဲရှင်သန်နေတာလို့ ယုံကြည်ထားတယ်. . ."

"ဆူး စိတ်ထဲမှာ အာရုံဖုံမသေဘူးလို့ ယုံကြည်ထားတယ်ပေါ့. . ."

"ဟုတ်တယ် ကွယ်တာ. . ဖုံ့အလောင်းကို ဆူးမျက်စိနဲ့မတွေ့ခဲ့ရသရွေ့ ဖုံတစ်ယောက်သေတယ်ဆိုတာကို ယုံလို့မရနိုင်ဘူး ဖြစ်နေတယ်. ."

"မီးလောင်ကျွမ်းထားတဲ့အလောင်းကို ဆူးသွားမကြည့်ဘူးလား. . ."

"ဆူးကြည့်ဖို့ ကြိုးစားပါသေးတယ်. . ဒက်ဒီကခွင့်မပြုဘူးဦးတော့ အလောင်းကို ချက်ချင်းသင်္ဂြိုဟ်လိုက်တယ်"

"တကယ်လို့ ဖုံတစ်ယောက်မသေဘူးဆိုရင် ဆူးအရမ်းပျော်မှာပဲပေါ့. . ."

"ကွယ်တာရယ်. . ဖုံ တစ်ယောက်သာအသက်ရှင်နေမယ်ဆိုရင် ဆူးဘယ်လိုအခြေအနေမျိုးဖြစ်ဖြစ် ပေးဆပ်နိုင်မှာ



www.burmeseclassic.com

www.burmeseclassic.com



လေးပါဘူး”

“တွယ်တာ ဆူးကိုပွင့်ပွင့်လင်းလင်းစကားလေး ပြောချင်တယ်”

“ပြောပါ”

“ဖုံဟာ သာမန်အခြေအနေမျိုးကြောင့် သေဆုံးရတာလို့ထင်ထားလား. . .”

“ဆူး ရင်ထဲမှာသိနေတာတွေရှိပါတယ်”

ဖခင်ဖြစ်သူအတွက် ‘ဆူးနှုတ်ဖျားမှစကားမဆိုချင်တာ’ကြောင့် နှုတ်ဆိတ်နေလိုက်လေသည်။

“တွယ်တာကတော့ ဖုံဟာ လုပ်ကြံခြင်းခံရတာပဲလို့ သတ်မှတ်ထားတယ်. . တကယ်လို့အမှန်တရားတစ်ခုအတွက်. . အတွက် ဆူး ရပ်တည်ပေးနိုင်ပါ့မလားဆိုတာကိုသိချင်တယ်”

“ဆူး အမှန်တရားအတွက် ရပ်တည်ပေးမှာပါ”

“တကယ်လား ဆူး”

“ဖုံဟာ ဆူးအသက်မကချစ်ခဲ့ရတဲ့ချစ်သူတစ်ယောက် တွယ်တာရယ်. . ဒါနဲ့ မြောက်ဥက္ကလာကို ဘာသွားလုပ်မှာလဲ”

“တွယ်တာ့မိတ်ဆွေဦးမြတ်မိုးဆီကိုသွားမလို့. . သူ ဒီနေ့ဆေးရုံကဆင်းတယ်လေ. . .”

“ဦးမြတ်မိုး. . ဟုတ်လား”

“ဟုတ်တယ်. . ဆူး သိလို့လား”





“ဆူး ငယ်ငယ်တုန်းက ဖုံ့ဖခင်တပည့်တစ်ယောက်များဖြစ်နေမလားမသိဘူး. . ဖုံနဲ့ဆူးကို အရမ်းချစ်တာ”

“ဟင်. . ရှေ့မှာ. . .”

“ဟယ်. . .”

ရည်စူးတွယ်တာတို့ကားရဲ့ အရှေ့ပလက်ဖောင်းပေါ်တွင် လူကြီးတစ်ယောက်လဲကျသွားတာကိုတွေ့လိုက်ကြရသည်။

“အရက်မူးနေတာများလား တွယ်တာ”

“မဖြစ်နိုင်ဘူး. . ကျန်းမာရေးကြောင့်ဖြစ်မယ်”

ကားကိုထိုးရပ်ပြီး နှစ်ယောက်လုံး ဆင်းလိုက်ကြသည်။

“ဦးလေး. . ဦးလေး. . ဘာဖြစ်တာလဲ. . .”

“ခေါင်းထဲကူမူးပြီး လဲကျတာပါကွယ်. .”

“ဦးလေးကြည့်ရတာ ကျန်းမာရေးကောင်းတဲ့ပုံမပေါ်ဘူး”

“ဟုတ်တယ်. . ရန်ကုန်မှာဆေးရုံတက်ဖို့လာတာပါ”

“ဟင်”

“ခုဆေးရုံသွားမှာလား. . .”

“မိတ်ဆွေတစ်ယောက်ဆီကို အကူအညီအရင်တောင်းပြီး မှ ဆေးရုံတက်မယ်ကွယ်. .”

“ဦးလေးမိတ်ဆွေက အယ်မှာနေလဲ. .”

“မြောက်ဥက္ကလာ (-- --)ရပ်ကွက်မှာနေတယ်. .”

“ဒါဆို သမီးတို့နဲ့လမ်းကြုံတယ်. . လိုက်ခဲ့နော်. .”



www.burmeseclassic.com

www.burmeseclassic.com



"သာဓု . . သာဓု . . သာဓု ပါကွယ်"

ဆွမ်းနှင့်တွယ်တာ ဦးလေးကြီးကို တစ်ယောက်တစ်ဖက်စီ တွဲကာ ကားပေါ်သို့ခေါ်ခဲ့ကြလေသည်။ ကားလေးမှာ မြောက်ဥက္ကလာ(- - - -)ရပ်ကွက်ထဲသို့ ကွေ့မောင်းလာပြီး . . .

"ဦးလေးမိတ်ဆွေနာမည်က ဘယ်လိုခေါ်လဲ . . ."

"ဦးမြတ်မိုး"

"ဟင် . . "

"ဟယ်"

"ဘာဖြစ်လို့လဲ ကလေးမ"

"သမီးတို့လည်း ဦးမြတ်မိုးဆီကို သွားကြမလို့"

"အတော်လေး အဆင်သင့်လိုက်တာကွယ် . . တိုက်တိုက်ဆိုင်ဆိုင်ပါပဲလား . . "

"ဘုရားသခင်ရဲ့ ကျေးဇူးတော်ကြောင့်ပေါ့ . . "

ဦးမြတ်မိုးအိမ်ရှေ့တွင် ကားရပ်သည်နှင့် ကလေးမတစ်ယောက်ထွက်လာပြီး . . .

"ဘာကိစ္စများလဲ အစ်မ"

"ဦးလေးမြတ်မိုး ဆေးရုံက ဆင်းလာပြီလား . . "

"ခုလေးတင်ဆင်းလာပါပြီ အိမ်ပေါ်မှာ . . တက်လေ အစ်မ"

"အေး . . "



သုံးယောက်သားအိမ်ပေါ်သို့တက်သည်နှင့် . . .

"ဟော . . သတင်းထောက်မလေးတို့ . . ဟင် . . သမီးဆုးလည်းပါလာတယ် . . "

"ဦးလေးမြတ်"

"ငါဘယ်သူလဲဆိုတာ မမေးတော့ဘူးလား မြတ်မိုး"

"ဟာ . . စိန်လှ . . မင်း . . . "

"မင်းအံ့သြနေလား မြတ်မိုး . . ငါစိန်လှပါ . . ငါမသေလို့ မင်းဆီကိုရောက်အောင်လာခဲ့နိုင်တာပေါ့"

"စိန်လှရာ . . ငါကမင်းထောင်ထဲမှာသေသွားပြီ ထင်နေတာ . . တွေ့ရတာဝမ်းသာတယ်ကွာ မင်းငါ့ဆီကိုလာတာ ကိစ္စရှိလို့လား"

"ငါဆေးရုံတက်ချင်လို့ မြတ်မိုး"

"တက်ရမှာပေါ့ စိန်လှရာ . . ငါမပြေလည်ပေမယ့် မင်းရောဂါကို ဆေးရုံတင်ပြီး ငါကုပေးမှာပါ . . "

"မြတ်မိုး"

"ဘာလဲ စိန်လှ"

"မင်းငါ့ကို စိတ်မနာဘူးလား . . "

"မနာတော့ပါဘူးကွာ . . မင်းနဲ့ငါက ဆရာနေမင်းသော် စိတ်ချရဆုံးတပည့်တွေဖြစ်တဲ့သလို သိပ်ခင်ကြတဲ့သူငယ်ချင်းတွေမဟုတ်လား . . မင်းက ဦးနန္ဒစည်နောက်ပါသွားပေမယ့်



www.burmeseclassic.com

www.burmeseclassic.com



မင်းအပေါ်မှာဆရာရော ငါပါ သံယောဇဉ်မပျက်ခဲ့ပါဘူး. . ”

“ငါ့ဘဝမှာ ဆရာနေမင်းသော်နဲ့ပတ်သက်ပြီး ဘယ်လိုမှ မေ့လို့မရတဲ့နှောင်တကြိုးတစ်ခုရှိခဲ့တယ်. . . ”

“ဟင်. . ဘာလဲ စိန်လှ”

မေဝတီဆုးမျက်နှာလေးကို စိန်လှ တစ်ချက်လှမ်းကြည့်နေလေသည်။

“ကျွန်မဒက်ဒီနဲ့ပတ်သက်နေလို့လား”

“ဟုတ်တယ် သမီး. . သမီးနာမည်ကို မြတ်မိုးခေါ်လိုက်တော့မှ ဦးနန္ဒစည်ရဲ့သမီးဆိုတာကို ဦးလေးသိခဲ့ရတယ်. . သမီးဒက်ဒီနဲ့သမီးတို့အိမ်ကို ဦးလေးနှစ်ကြိမ်လောက်ရောက်ဖူးတယ် သမီးမမှတ်မိလို့နေမှာပါ”

“ဟုတ်ကဲ့. . သမီး မမှတ်မိဘူး”

“အင်းလေ. . ဘယ်မှတ်မိမလဲ. . သမီးက ငယ်သေးတာကိုး”

“ဦးလေးပြောစရာရှိတာကို သမီးရှေ့မှာ ပွင့်ပွင့်လင်းလင်း ပြောနိုင်ပါတယ်. . ”

“သမီးဘက်က ခွင့်ပြုမှတော့ ပြောရမှာပေါ့. . ဒီလို သမီး ဆရာနေမင်းသော်ကိုလုပ်ကြံဖို့ သမီးဒက်ဒီက ဦးလေးကိုငွေ အများကြီးပေးပြီး ခိုင်းခဲ့တာ. . ”

“ရှင်. . ”





“ဟင်”

မေဝတီဆုး မယုံနိုင်အောင်ဖြစ်သွားသည်။

“ဆရာနေမင်းသော်နဲ့ မြတ်မိုးတို့ပြန်မယ့်ကားကို ဘရိတ်ကို ပြုတ်လုလုလုပ်ခိုင်းခဲ့တယ်. . ဒီဘရိတ်ကြောင့်ပဲ ဆရာနေမင်းသော်တစ်ယောက် သေခဲ့ရတာပါ”

“စိန်လှရာ. . . ”

“ငါ့မိုက်ပြစ်ကို ငါပြန်ပြီးခံခဲ့ရတယ်ကွာ. . ဦးနန္ဒစည်ဟာ အကြံအောင်သွားပြီး ငါ့ကိုပါ အပြတ်ရှင်းခဲ့တယ်လေ. . ငါ့ကို အိုးတစ်ခုကို ပစ္စည်းပို့ခိုင်းပြီး ကားပေါ်မှာ. . ဘိန်းဖြူတွေကို ထည့်ပေးလိုက်ပြီး ရဲကိုအကြောင်းကြားခဲ့တယ်. . ”

“ဟယ်”

“ဒီအမှုနဲ့ ငါထောင်ကျခဲ့တယ်. . ထောင်ကပြန်လွတ်လာတော့ ငါ့ဘဝဟာခုလိုအခြေအနေမျိုးဖြစ်ရတဲ့ဘဝကို ရောက်ခဲ့ တာပဲကွာ. . ဒါက ဆရာနေမင်းသော်ပေါ်မှာ ပြုမူခဲ့တဲ့ဒဏ်ရာ တွေကို ငါပြန်ပြီးခံခဲ့ရတာပါ”

“စိန်လှ”

“မင်းဘာပြောချင်လဲ. . ပြောလေ”

“ဦးနန္ဒစည် ဆရာနေမင်းသော်ကို လုပ်ကြံခဲ့တာ ငွေကြေး အလွဲသုံးစားပြုခဲ့လို့လား. . တခြားကိစ္စပါသေးလား”

“ငွေကြေးအလွဲသုံးစားလုပ်တဲ့ကိစ္စက အဓိကမကျဘူး. .



www.burmeseclassic.com

www.burmeseclassic.com



အစိကကိစ္စက နေမင်းစံအိမ်ကြီးကိစ္စကြောင့်ပဲ. . ."

"ငါသဘောပေါက်ပြီ. . ဒီစံအိမ်ကြီးထဲမှာရှိတဲ့ရတနာ တွေကို သူတစ်ယောက်တည်းလိုချင်လို့ဆိုပါတော့. ."

"ဒီသဘောလည်းပါတယ်. . ပြီးတော့ ဆရာနေမင်းသော်က သက်ဆိုင်ရာကို အပ်မလို့ဆိုတဲ့သဘောထားကို လုံးဝလက်မခံနိုင်လို့ အပြတ်ရှင်းလိုက်တာ"

ဦးစိန်လှစကားတွေကြောင့် မေဝတီဆူး ဖခင်ဦးနန္ဒစည်ရက်စက်မှုတွေကို တုန်လှုပ်ချောက်ချားခဲ့သည်။

"ဦးလေးမြတ်"

"ဘာလဲ သမီး"

"နေမင်းစံအိမ်ဆိုတာ ဘာလဲဟင်. . ."

"နေမင်းစံအိမ်အကြောင်းကို ပြောရင် ဇာတ်ကြောင်းအရှည်ကြီးပဲ သမီး"

"ပြောပြပါလား သမီးတို့နားထောင်ချင်တယ်"

"မြတ်မိုးရာ. . ကလေးတွေသိအောင် ပြောပြလိုက်ပါတော့. . ."

"ဒီလို သမီး. . ဆရာနေမင်းသော်ရယ်၊ ဦးနန္ဒစည်ရယ် ဦးလေးရယ်. . ခရီးတစ်ခုကိုသွားရင်း. . လမ်းမှာကားပျက်ခဲ့ တယ်. . ကားပျက်တဲ့နေရာက ရဲတိုက်ဟောင်းကြီးတစ်ခုမှ လေ. . ."





"နေမင်းသော်. . ."

"ဘာလဲ နန္ဒစည်"

"ငါတို့ရဲတိုက်ကြီးဘက်ကို သွားကြည့်ကြရင်ကောင်းမယ်၊ နေကလည်း ချုပ်နေပြီဆိုတော့ မနက်မိုးလင်းမှပဲ ကားကိုပြင်ပြီး ခရီးဆက်တာပေါ့"

"နန္ဒစည်ရယ်. . ကိုယ့်ဘာသာကိုယ်ကားထဲမှာနေစမ်းပါ"

"လာစမ်းပါကွာ. . သွားရင်းလာရင်း အတွေ့အကြုံလေး ဘာလေးရတာပေါ့. . ."

"ဘယ်လိုလဲ မြတ်မိုး"

"ဆရာတို့သွားရင် ကျွန်တော်လည်း လိုက်ရမှာပေါ့"

"ဒါဆိုလည်း လစ်မယ်"

နေမင်းသော်တို့(၃)ယောက် ရဲတိုက်ဟောင်းကြီးရှိတဲ့ တောင်ကုန်းမြင့်ပေါ် သို့တက်ခဲ့ကြလေသည်။

"ရဲတိုက်ကြီးက တော်တော်လေးဟောင်းနေပြီနော်"

"ဟုတ်တယ်. . ရှေးခေတ်ကအဆောက်အဦကြီးတစ်ခု ထင်တယ်. . ."

"လူတော့နေမှာ ဆရာ"

"ဘာလို့လဲ မြတ်မိုး"

"ခုနက မီးအိမ်နဲ့လူတစ်ယောက်ကိုတွေ့လိုက်ရလို့"



www.burmeseclassic.com

www.burmeseclassic.com



"ဟုတ်ရဲ့လားကွာ. . ငါဘာမှမတွေ့ဘူး"

"ကျွန်တော် သေသေချာချာတွေ့လိုက်တာပါ"

သုံးယောက်သား စကားတပြောပြောနှင့်ရဲတိုက်ကြီးနားသို့ရောက်ခဲ့ကြလေသည်။ အိမ်ရှေ့တံခါးဝမှာ ရှေးဟောင်းကျွန်းတံခါးကြီးဖြစ်ပြီး ပိတ်ထားတာကြောင့် တံခါးကိုအပြင်မှ ခေါက်လိုက်ကြသည်။

"ဒေါက် ဒေါက် ဒေါက်"

တံခါးကို ခေါက်ပေမယ့် ဘာမှထူးထူးခြားခြားအိမ်ကြီးအတွင်းမှ အသံထွက်မလာပေ. .

"လူမရှိဘူးနဲ့တူတယ်. . တံခါးကိုတွန်းကြည့်ကွာ"

"လူလေးတို့ဘာလုပ်နေကြတာလဲ"

"ဟင်. ."

"ဟာ"

သူတို့နောက်ဘက်မှ အဘွားအိုကြီးတစ်ယောက်ကို တွေ့လိုက်ရလေသည်။

"ကျွန်တော်တို့ ကားပျက်ပြီးရောက်လာကြတာပါ"

"ဪ. . ဒုက္ခရောက်လာကြတဲ့ သူတွေပေါ့. . "

"ဟုတ်ကဲ့"

"ဒါဆို အိမ်ထဲကို ဝင်ကြကွယ်. ."

အဘွားအိုကြီးမှ ကျွန်းတံခါးကြီးကို ဖွင့်ပေးလိုက်သဖြင့်





အိမ်ထဲသို့ ဝင်လာခဲ့ကြရာ. .

"ဟာ. . "

အိမ်ကြီးမှာ နှစ်ထပ်ဖြစ်ပြီး အခန်းပေါင်းများစွာကို တွေ့မြင်လိုက်ရသည်။

"ကဲ. . ထိုင်ကြ. . ဒီရာသီမှာ အရမ်းအေးတာဆိုတော့ လူလေးတို့ အပြင်မှာနေကြရင်မသက်သာလှဘူး. . အဘွားရေနွေးလေးစီစဉ်ပေးမယ်"

"ကျေးဇူးတင်ပါတယ် အဘွား"

အဘွားအိုကြီးပြောတဲ့အတိုင်း မိုးချုပ်လာသည်နှင့်အမျှ အအေးဓါတ် ခိုက်ခိုက်တုန်အောင်ဖြစ်လာလေသည်။

"ရေနွေးပူပူလေးသောက်လိုက်. . ပြီးရင် မီးဖိုလေးလုပ်လေကွယ်. . ထင်းတွေအဆင်သင့်ရှိတယ်"

"မြတ်မိုး. . မီးဖိုကွာ. . "

"ဟုတ်ကဲ့ ဆရာ"

အဘွားအိုနှင့်အတူ မီးဖိုလေးဘေးတွင် ထိုင်မီးလှုံရင်း. .

"အဘွားက ဒီအိမ်ကြီးမှာ တစ်ယောက်တည်းနေတာလား. . "

"ဟုတ်တယ်ကွဲ့. . "

"ဒီအိမ်ကြီးက အဘွားအိမ်ကြီးပေါ့"

"မဟုတ်ရပါဘူးကွယ်. . သခင်မလေးနဲ့ သခင်ကြီးတို့



www.burmeseclassic.com

www.burmeseclassic.com



ပိုင်တဲ့အိမ်ကြီးပေါ့. . ."

"သခင်မလေး သခင်ကြီးဆိုတာ. . ."

"သူတို့က ဒီနေမင်းစံအိမ်ကြီးရဲ့နောက်ဆုံးမျိုးဆက် သခင်မလေးဒေဝီနဲ့ သခင်ကြီး နန်းစောအောင်တို့ပါ. . သူတို့နှစ်ယောက်ဆုံးသွားတာကြာခဲ့ပါပြီ. . ခုဆို နှစ်ပေါင်း(၅၀)လောက်ရှိတော့မယ်. . ."

"ဒါဆို. . အဘွားအသက်ကွာ. . ."

"အဘွားအသက်က (၉၀)ထဲမှာလေ. ."

"ဪ. . အဘွားက တော်တော်လေးကိုကျန်းမာတာပဲ"

"မထင်နဲ့ လူလေး. . အနိစ္စတရားကို ဘယ်သူမှကျော်လွှန်နိုင်ခြင်းမရှိသလို. . အဘွားလည်း နေ့လားညလားမသိရတော့ဘူး. . သွားရတော့မယ်လေ. . လူလေးတို့(၃)ယောက်ရောက်လာတော့ အဘွားအရမ်းဝမ်းသာဖယ်ကွယ်"

"ဘာဖြစ်လို့လဲ အဘွား"

"အဘွားရဲ့ နောက်ဆုံးပြောချင်တဲ့စကားတွေကို ပြောချင်လို့ပါ. . ."

"အဘွားဘာပြောချင်သလဲ. . ပြောပါ"

"ဒီစကားဟာ လူလေးတို့ရဲ့ ကိုယ်ကျင့်တရားနဲ့သစ္စာတရားပေါ်မှာ အရမ်းအရေးကြီးတယ်"

အဘွားအိုစကားကို သုံးယောက်သားနားမလည်စွာနှင့်





ကြည့်နေမိလေသည်။

"နေမင်းစံအိမ်ကြီးကို လူတွေက တစ္ဆေသရဲတွေနေတယ်ဆိုပြီး ဘယ်သူမှမလာကြဘူး. . အမှန်တော့ လူတွေရဲ့စိတ်ထင်ရာမှာ ဖြစ်နေတာပါ. . နေမင်းစံအိမ်ကြီးမှာ ဘာသရဲတစ္ဆေမှ မရှိပါဘူး. . အဘွားပဲရှိတာပါ"

"ကျွန်တော်မသိလို့မေးပါရစေ"

"မေးပါ လူလေး"

"အဘွားတစ်ယောက်တည်း ဘယ်လိုစားသောက်လဲ"

"မနက်. . လူတွေမနိုးခင်ထပြီး တောင်းရမ်းတယ်. . ညမိုးချုပ်တော့မှ ရဲတိုက်ကြီးကိုပြန်ခဲ့တာပဲ"

"အဘွားရယ်. . ."

"အဘွားအနေနဲ့နောက်ဆုံးအသက်ရှင်နေတဲ့အချိန်ထိ နေမင်းစံအိမ်ကြီးကို စောင့်ရှောက်နိုင်ရင်ပဲ ကျေနပ်လှပါပြီ"

"နေမင်းစံအိမ်ကြီးမှာ ဘာတွေရှိလို့လဲ အဘွား"

"နေမင်းစံအိမ်ကြီးမှာ ဘိုးဘွားအစဉ်အဆက်ကရှိခဲ့တဲ့ ဥစ္စာနာတွေက အခန်းပြည့်လုမတတ်ရှိတယ်"

"ဟင်. ."

"ဟာ"

အဘွားစကားကြောင့် သုံးယောက်လုံး အံ့အားသင့်ခဲ့ကြသည်. . ဒီလောက်များတဲ့ပစ္စည်းတွေရှိရက်နဲ့ အဘွားအို

www.burmeseclassic.com



တောင်းစားနေရတာကိုလည်း အံ့ဩစေခဲ့သည်။

"ဒီပစ္စည်းတွေကို အဘွားတစ်ခုမှမယူခဲ့ဘူး . . ဒီပစ္စည်းတွေကို နေမင်းစံအိမ်မျိုးဆက်အဆင့်ဆင့်က ဆက်လက်ပြီး ထိန်းသိမ်းသွားဖို့ ဘိုးဘွားတွေက မှာကြားခဲ့တယ် . . ဒါပေမယ့် သခင်မလေးဒေဝီနဲ့ သခင်ကြီးနန်းစောအောင်တို့လက်ထက်မှာတော့ မျိုးဆက်တွေကို မထားခဲ့နိုင်ဘူးလေ . . သူတို့နှစ်ယောက် ခရီးတစ်ခုကိုသွားရင်း ကားမှောက်ဆုံးပါးခဲ့တယ် . . ဒါကြောင့် အဘွားဆက်ပြီး ထိန်းသိမ်းထားခဲ့တာ"

"အဘွားက နေမင်းစံအိမ်ကြီးရဲ့ ဘာလဲ"

"ဘဏ္ဍာတော်ထိန်းပါ"

"ဩော် . ."

"ခုတော့ အဘွားလည်း ဆုံးဖြတ်ချက်ချလိုက်ပါပြီ . . နေမင်းစံအိမ်ကြီးမှာရှိတဲ့ ရတနာပစ္စည်းတွေကို သက်ဆိုင်ရာကို အပ်ပြီး တိုင်းပြည်အတွက်အကျိုးရှိစေတာကို အသုံးပြုစေချင်တော့တယ် . . ဒါကြောင့် လူလေးတို့သုံးယောက်အနေနဲ့ ဆ... ရှိမယ်ဆိုရင် ဒီရတနာတွေကို သက်ဆိုင်ရာကိုအပ်ပေးပါ"

"စိတ်ချ . . အဘွားဆန္ဒတွေပြည့်အောင် ဆောင်ရွက်ပေးပါမယ် . . ."

"သာဓု . . သာဓု . . သာဓု ပါကွယ်၊ ကဲ . . ဒါဆို အဘွားနောက်ကိုလိုက်ခဲ့ကြ"





အဘွားအိုက အခန်းတစ်ခန်းရှေ့အရောက်တွင် . .

"ဒီအခန်းတွေဟာ ဘိုးဘွားလူကြီးတွေက အတတ်ပညာတွေနဲ့တည်ဆောက်ထားတဲ့ ဝက်ပါအခန်းတွေကွဲ . . ."

"ဗျာ . . ဝက်ပါအခန်းတွေ . . ဟုတ်လား . ."

"ဟုတ်တယ် လူလေးတို့ . . ဒီအခန်းတွေထဲကို အပြင်လူဝင်ရင် ပြန်ပြီးထွက်လို့လည်း မလွယ်ဘူး . . အခန်းအားလုံးမှာ အန္တရာယ်ယန္တရားထောင်ချောက်တွေရှိတယ် . . ."

"အဘွား . . ကျွန်တော်တို့ဝင်လို့ဖြစ်ပါ့မလား . . ."

"ဖြစ်ပါတယ် . . ဒီအခန်းတွေကို နေမင်းစံအိမ်မိသားစုကတော့ အလွတ်ရနေပြီးသားပါ"

အဘွားအို ခေါ်ဆောင်ရာနောက်သို့ လိုက်ခဲ့ကြလေသည်။ တချို့နေရာများတွင် အရိုးစုတွေကို တွေ့နေရတာကြောင့် . . .

"အဘွား . . ဒီဟာတွေက ဘယ်လိုဖြစ်တာလဲ"

"မသမာသူတွေလေကွယ် . . နေမင်းစံအိမ်ထဲကို ဝင်ပြီး မဟုတ်တာလုပ်ကြလို့ အသေဆိုးနဲ့သေခဲ့ကြတာပဲ"

အခန်းတော်တော်များများကို ဖြတ်ကျော်ပြီးနောက် . . .

"ဟင်"

ရွှေရောင်တဖိတ်ဖိတ်တောက်နေသော အခန်းတံခါးချပ်ကြီးကို တွေ့လိုက်ရလေသည်။



www.burmeseclassic.com

www.burmeseclassic.com



အဘွားအိုမှာ တံခါးရှေ့တွင် ရပ်ပြီး တံခါးရဲ့ညာဘက်အခြမ်းတို့ လက်ဝါးဖြင့်သုံးချက်ရိုက်လိုက်သည်နှင့် အခန်းတံခါးကြီးပွင့်သွားပြီး အထဲတွင် လှမ်းပြီးမြင်နေရသော ရတနာပစ္စည်းတွေက တကယ်ပင် အခန်းပြည့်လု. . .

နေမင်းသော်တို့(၃)ယောက် မျက်တောင်ပင်မခတ်နိုင်အောင်ကြည့်နေမိကြလေတော့သည်။

"တွေ့ပြီလား. . လူလေးတို့"

"ဟုတ်ကဲ့"

"ဒီပစ္စည်းတွေကို တိုင်းပြည်အတွက် အသုံးပြုနိုင်အောင် လူလေးတို့သုံးယောက်တာဝန်ယူပေးကြပါကွယ်. . ."

"စိတ်ချပါ အဘွား"

အခန်းထဲမှပြန်ပြီးထွက်ခဲ့ကြပြီး အဘွားအိုဘယ်ဘက်အခြမ်းတွင် ပြန်ရပ်ကာ လက်ဝါးဖြင့်သုံးချက်ရိုက်လိုက်သည်နှင့် ရွှေတံခါးကြီးပြန်ပြီးပိတ်သွားလေတော့သည်။

အိမ်ကြီးရဲ့ မူလနေရာသို့ ပြန်ရောက်သည်နှင့်. . .

"လူလေးတို့သုံးယောက်လုံး စိတ်တွေ ခိုင်ကြရဲ့လား"

"ခိုင်ပါတယ် အဘွား"

"ဒါဆို ဘုရားရှေ့မှာ သစ္စာဆိုကြပါ. . ပြီးရင် စံအိမ်ကြီးရဲ့ ဝက်ပါမြေပုံကို အဘွား ပေးလိုက်ပါ့မယ်. . ဒါနဲ့မြေပုံနဲ့ ရတနာတွေကိုယူပြီး ကောင်းကျိုးပြုကြပါ. . ."





အဘွားအို ပြောတဲ့အတိုင်း ဘုရားရှေ့တွင် သုံးယောက်သားသစ္စာဆိုခဲ့ကြပြီး အဘွားအို ပေးလိုက်သော မြေပုံကို ယူခဲ့ကြလေသည်။

"ဒီနောက်ဘာဆက်ပြီးလုပ်ကြလဲ ဦးလေး"

"ဆရာနေမင်းသော်က သူ့အလုပ်ကိစ္စပြတ်တာနဲ့ အဘွားအိုမှာတဲ့အတိုင်း မြေပုံကိုသက်ဆိုင်ရာကိုအပ်ပြီး လှူမယ်လို့ ဆုံးဖြတ်ခဲ့တယ်. . ဒါပေမယ့် ဦးနန္ဒစည်ဟာ စိတ်ပြောင်းပြီး တစ်ဝက်ကိုယူပြီး တစ်ဝက်ကိုသက်ဆိုင်ရာကိုအပ်မယ်လို့ ပြောတော့တာပေါ့. . ဒါကို ဆရာနေမင်းသော်က လုံးလုံးလက်မခံနိုင်ဘူးဆိုတာနဲ့ စကားများခဲ့တယ်. . နောက်တော့ ဦးနန္ဒစည်ဟာ ဆက်လျှော့ပြီး ဆရာနေမင်းသော်ဆန္ဒအတိုင်း လုပ်ဖို့သဘောတူဟန်ဆောင်ခဲ့တယ်. . ဒါကို ဆရာနေမင်းသော်ကသိလို့ မြေပုံကို သုံးပိုင်းပိုင်းပြီး ယူနိုင်းထားခဲ့တယ်လေ. . ဒီလိုလုပ်တာကလည်း တစ်ယောက်ကိုတစ်ယောက် သံသယကင်းစေအောင်ပါ။ အထူးသဖြင့် လောဘစိတ်တက်နေတဲ့ ဦးနန္ဒစည်ကို စိတ်မချလို့ပဲ. . ဒီလိုနဲ့အလုပ်ကိစ္စတွေပြီးလို့ မိုးကောင်းမှာ နားနေတုန်း ဆရာနေမင်းသော်နဲ့ ဦးနန္ဒစည်တို့ ငွေကြေးကိစ္စနဲ့ အကြီးအကျယ်စကားများကြပြီး ဦးနန္ဒစည်ဟာနေခဲ့တယ်. . ဆရာနေမင်းသော်နဲ့ ဦးလေးအပြန်မှာ ကားမှောက်ခဲ့တာပဲကွာ. . ."

ဦးမြတ်မိုးပြောပြလို့ အခြေအနေအကြောင်းစုံကို သိလိုက်



www.burmeseclassic.com

www.burmeseclassic.com



ရသော မေဝတီဆူးတစ်ယောက် ဖခင်အတွက် ဘယ်လိုမှဖြေ သာလို့မရအောင်ဖြစ်မိတော့သည်။

"ဒါဆို . . မြေပုံတစ်ပိုင်းက ဦးလေးဆီမှာပေါ့ . . ."

"ဟုတ်တယ် . . ဆရာနေမင်းသော်မြေပုံကတော့ တစ် နေရာမှာသိမ်းထားခဲ့တယ်"

"အဲဒီနေရာကို ဦးလေးသိတယ်ပေါ့"

"သိတယ် ကလေးမ . . ဆရာနေမင်းသော်ဟာ မြေပုံကို ရန်ကုန်ထိမယူသွားချင်တာနဲ့ . . မန္တလေးက ဆရာတော်တစ်ပါး ဆီမှာ ခေတ္တအပ်နှံထားခဲ့တာ . . မြေပုံအစစ်ရော ပုံတူကူးထား တဲ့မြေပုံပါရှိတယ်"

"ဟင်"

"ပုံတူကူးထားတဲ့မြေပုံ . . ဟုတ်လား ဦးလေး . . ."

"ဟုတ်တယ် . . ဆရာနေမင်းသော်ဟာ ဦးနန္ဒစည်တို့ လုံးလုံးအယုံအကြည်မရှိတော့ဘဲ ဦးလေးကို ဦးနန္ဒစည်မသိ အောင် ပုံတူကူးခိုင်းခဲ့တယ်"

"ဦးလေး . . နေမင်းစံအိမ်ကြီးနဲ့ပတ်သက်ပြီး ဘာဆက် လုပ်မယ်စိတ်ကူးထားလဲ . . ."

"ဦးလေး . . အဘွားအိုကြီးကို ပေးထားတဲ့ကတိအတိုင်း ဆောင်ရွက်ပေးချင်တယ်"

"ဒါဆိုလည်း သမီးတို့ပါ ဝိုင်းဝန်းပြီး ကူညီပေးပါ့မယ်"





"ကောင်းတာပေါ့ကွယ် . . စိန်လှ . . ."

"ပြော သူငယ်ချင်း"

"မင်း ဆေးရုံတက်ဖို့ ပြင်ဆင်စရာတွေ ငါပြင်ဆင်ပေး မယ်"

"ဦးလေး စိန်လှ"

"ပြောပါ သမီး . ."

"ဦးလေးအတွက် သမီးတို့ကူညီပေးမှာပါ . . စိတ်ချပြီး နေပါ . . "

"ကျေးဇူးကြီးလှပါတယ် ကလေးမတို့ရယ်"

"သမီးတို့ကို သွားခွင့်ပြုဦး . . နောက်နေ့မှပြန်ဆုံပြီး နေမင်းစံအိမ်ခရီးအတွက်ပြင်ဆင်ကြတာပေါ့"

အပြန်ခရီးတွင် မေဝတီဆူးတစ်ယောက် စကားသံမထွက် တော့ဘဲ နှုတ်ဆိတ်နေလေသည်။

"ဆူး . . စိတ်မကောင်းဖြစ်နေလား"

"ဟုတ်တယ် တွယ်တာ . . ဒယ်ဒီရဲ့မိုက်လုံးကြီးမှုကို ဆူး ဘယ်လိုမှ ခံစားလို့မရတော့ဘူး၊ ဆူးဘာလုပ်ရမလဲ တွယ်တာ"

"တွယ်တာပြောခဲ့ပြီးပြီပဲ . . အမှန်တရားအတွက် ဆူး ပြင် ဆင်ထားလိုက်ပါ . . ."

"အင်းလေ . . ဥပဒေဆိုတာရှိနေပြီပဲ . . ဆူး နောက်ဆုံး ချော်လင့်ပါတယ် . . ဒယ်ဒီတစ်ယောက်နောင်တရပါစေလို့"

www.burmeseclassic.com

www.burmeseclassic.com



"မင်းဆုတောင်းပြည့်နိုင်ပါစေကွာ. . ."

"မနက်ဖြန်ဆုံကြမယ်နော်"

"ဆေးရုံမှာလား. . ."

"ဟုတ်တယ်. . သီရိသော်တာလေးအတွက် ငါတို့နှစ်ယောက်ဘေးမှာရှိနေပေးရမယ်လေ. . ."

"စိတ်ချ. . ဩော် ပြောရဦးမယ်"

"ဘာလဲ တွယ်တာ"

"ဆူးဒယ်ဒီကြောင့်. . တွယ်တာ သတင်းထောက်ဘဝကနေ အနားယူရတော့မယ်"

"ဟင်. . ဘာလို့"

ရည်စူးတွယ်တာအကြောင်းစုံကို ပြောပြလိုက်တာကြောင့်. . .

"တွယ်တာရယ်. . ."

"ဘာတတ်နိုင်မှာလဲ. . ဘုရားသခင်ရဲ့အလိုတော်အတိုင်းပဲပေါ့. . ."

မေ ဝတီဆူးရဲ့စိတ်အာရုံတို့သည် ဖခင် မိုက်မဲသော လုပ်ရပ်တွေကို တွေးပြီး ရင်ထဲမှာ မွန်းကျပ်နေလေတော့သည်။



"ကဲ. . ပတ်တီးစပြီးဖြေမယ်. . မျက်လုံးကို ပတ်တီးဖြေပြီးတာနဲ့ ဖြည်းဖြည်းချင်းဖွင့်နော်. . ."

"ဟုတ်ကဲ့"

ဆရာဝန်ကြီးက သီရိသော်တာမျက်လုံးမှ ပတ်တီးကို စတင်ပြီး ဖြေနေလေပြီဖြစ်သည်။

ရည်စူးတွယ်တာ မျက်လုံးကိုစုံမှိတ်ပြီး သီရိသော်တာအတွက် ဆုတောင်းပေးနေလေသည်။ မေဝတီဆူးမှလည်း လက်အုပ်ကလေးချီကာ ဆုတောင်းနေသည်။

"သမီး. . ဖြည်းဖြည်းချင်းဖွင့်တော့. . ."

သီရိသော်တာ မျက်လုံးထဲတွင် မှိန်မှိန်လေးအလင်းရောင်ကိုစတင်မြင်ပြီးနောက်. . .

"မမဆူး. . မမတွယ်တာ"



www.burmeseclassic.com

www.burmeseclassic.com



"သီရိ"

"သီရိ ပြန်မြင်ရပြီ. . ."

"ဟယ်"

"အယ်. . ဝမ်းသာလိုက်တာ"

သုံးယောက်သား ပြိုင်တူဖက်လိုက်ကြလေတော့သည်။

"ကျေးဇူးတင်ပါတယ် ဆရာရယ်. . ."

"ကျေးဇူးတင်ဖို့မလိုပါဘူးကွယ်. . ဆရာဝန်ဆိုတာ လူနာအတွက်အကောင်းဆုံးဖြစ်အောင် ကုသပေးရမှာ ဆရာဝန်တစ်ယောက်ရဲ့ တာဝန်ပဲ. . ကဲ. . ကလေးမကို ခေါ်သွားနိုင်ပါပြီ. . ပေးထားတဲ့ဆေးကိုတော့ ဆက်ပြီးသောက်ဖို့မမေ့နဲ့"

"ဟုတ်ကဲ့ပါ ဆရာ"

သီရိသော်တာကို ဆေးရုံမှခေါ်ကာ ပြန်လာခဲ့ကြစဉ်. . .

"မမဆုံးနဲ့ မမတွယ်တာကို သီရိကန်တော့ပါရစေ"

"အို. . မဟုတ်တာကွယ်"

"မမတို့ ညီမလေးခုလိုမျက်စိပြန်မြင်ရတာကို မြင်ရလို့ အရမ်းဝမ်းသာလှပါပြီ. . ကန်တော့လည်းနောက်မှကန်တော့ပြော်. . တွယ်တာ. . ."

"ပြောလေ ဆုံး"

"ဆုံးကိစ္စတစ်ခု အရေးကြီးလို့အိမ်ထိမလိုက်တော့ဘူးနော်. . မနက်ဖြန်ကျမှပြန်ပြီးဆုံမယ်"





"အေး"

သီရိသော်တာတို့ကို လမ်းထိပ်တွင် ချပေးခဲ့ပြီး မေဝတီဆုံးအားလေးကို ပြန်ပြီး မောင်းထွက်သွားတော့သည်။

"မမ တွယ်တာ"

"သီရိ"

"ကိုကိုသာသီရိဘယ်လောက်ဝမ်းသာမလဲမသိဘူးနော်"

"ဝမ်းသာမှာပေါ့ကွယ်"

"မမဆုံးနဲ့ကိုကိုကို ပေးမတွေ့ပေးသေးဘူးလား"

"မကြာခင် တွေ့ရတော့မှာပါ. . သီရိကိုကိုလည်း လမ်းကောင်းကောင်းလျှောက်နိုင်နေပြီလေ. . ."

"ဟင်. . ဟုတ်လား"

နှစ်ယောက်သား အိမ်ထဲသို့ ဝင်လိုက်သည်နှင့်. . .

"ဟင်"

"ဟယ်"

အိမ်ထဲတွင် လူစိမ်းနှစ်ယောက် ရောက်နေပြီး. .

"သတင်းထောက်မကြီးရေ. . ဒီတစ်ခါတော့ လွတ်ရွှားမယ်ထင်နဲ့. . ဒီမှာတွေ့လား"

လူဆိုးတစ်ယောက်က အသံတိတ်တပ်ထားသောသေနတ်နှင့်ချိန်ပြီး သီရိသော်တာကို ဆွဲထားလိုက်သည်။

"ရှင်တို့ ဒါဘာလုပ်တာလဲ"



www.burmeseclassic.com

www.burmeseclassic.com



"ဘာမှမလုပ်ဘူး. . သီရိသော်တာကိုလာခေါ်တာ"

"ဘာ. . ဘယ်သူကခေါ်ခိုင်းတာလဲ. . ဪ. . သို့ဖြ ဦးနန္ဒစည်လား. . ."

"ဟုတ်တယ်"

"ဘာကိစ္စလဲ"

"ဒါတော့ ကျုပ်တို့မသိဘူး. . အေးအေးဆေးဆေးသာ လိုက်ခဲ့. . ."

"ကောင်းပြီ. . လိုက်ခဲ့မယ်"

"လှုပ်ရှားမယ်တော့ မစဉ်းစားနဲ့နော်"

"ရှင်တို့သီရိကို ဘာမှမထိနဲ့. . အေးအေးဆေးဆေး လိုက်ခဲ့မယ်"

ရည်စူးတွယ်တာတို့ အိမ်ရှေ့ရောက်သည်နှင့် ကားတစ်စီး ထိုးရပ်လာပြီး. . .

"ကဲ. . တက်ကြ"

"သီရိ"

"မမ တွယ်တာ"

"ညီမလေးဘာမှမကြောက်နဲ့. . မမ အသက်ရှင်နေ သရွေ့ သီရိဘာမှမဖြစ်စေရဘူး"

ရည်စူးလက်မောင်းလေးကို သီရိသော်တာဆုပ်ကိုင်ပြီး လိုက်ပါလာခဲ့တော့သည်။





ရည်စူးတွယ်တာတို့နှစ်ယောက်ကို ရန်ကုန်မြို့အစွန် ခြံကြီးတစ်ခုမှ အိမ်သို့ခေါ်ဆောင်လာပြီး. . .

"မင်းတို့နှစ်ယောက်အတွက် အစစအရာရာ အကောင်းဆုံးဖြစ်အောင်ပြင်ဆင်ထားပါတယ်"

"ရှင်တို့ဆရာကြီးဦးနန္ဒစည် ဘယ်မှာလဲ. . ."

"မကြာခင်သူရောက်လာပါလိမ့်မယ်"

"ကျိုင်း"

အခန်းထဲကိုထည့်ပြီး အပြင်မှသော့ခတ်ထားလေသည်။

"မမတွယ်တာ ဘယ်လိုလုပ်မလဲ"

"သီရိဘာမှစိတ်မပူနဲ့. . မမတို့ကိုကယ်မယ့်သူ ရောက်လာမှာပါ. . ."

"ဟင်. . ဘယ်သူလဲ"

"သီရိကိုကိုလေ. . ."

"ကိုကိုက ဘယ်လိုလုပ်သိမှာလဲ"

"မမနဲ့သီရိကို ဒီကောင်တွေခေါ်လာတုန်းက အိမ်ရှေ့မှာ သီရိကိုကိုဆေးကုနေတဲ့ ဘုရားကျောင်းက ကောင်လေးတစ်ယောက် မမတို့ပြဿနာဖြစ်တာကို တွေ့သွားတယ်လေ. ."

"ဒီကောင်လေးက ဘာလာလုပ်တာလဲ"

"သီရိသတင်းကို သီရိကိုကိုချက်ချင်းသိရအောင် လှမ်း သိုက်တာနေမှာပေါ့. . မမမျက်ရိပ်မျက်ကဲပြလိုက်လို့ ကောင်



www.burmeseclassic.com

www.burmeseclassic.com



လေး မသိမသာနဲ့ရပ်နေတာ"

"သီရိတို့ဒီမှာရှိတယ်ဆိုတာကို ဘယ်လိုလုပ်ပြီးသိမှာလဲ"

"ဒီကောင်လေးဆီမှာ ပြိုင်ဘီးလေးပါတယ်. . မမတို့နောက်ကလိုက်လာပြီး နေရာကိုမှတ်သွားမှာသေချာပါတယ်. . ဒီကောင်လေးက မမလိုပဲ သတင်းထောက်အလုပ်တို့ စုံထောက်အလုပ်တို့ကို သိပ်ပြီး ဝါသနာပါတာ. . ."

"ဒက်ဒီ"

"ဟာ. . သမီးလေးလာလေ၊ ဘာလဲ. . ဒက်ဒီ့ဆီကို ပြန်လာတာလား"

"မဟုတ်ဘူး. . ဒက်ဒီ့ကိုသမီးပြောစရာရှိလို့"

"ကဲ. . ပြောစေဗျာ"

မေဝတီသူ ဦးနန္ဒစည်ရှေ့ရှိ ဆိုဖာထိုင်ခုံတစ်လုံးတွင် ဝင်ထိုင်လိုက်ပြီး. . .

"ဒက်ဒီ. . အန်ကယ်နေမင်းသော်ကို သတ်ခဲ့တယ် မဟုတ်လား. . ."

"ဟင်. . သမီး"

မေဝတီသူ့စကားကြောင့် ဦးနန္ဒစည် မျက်နှာပျက်သွားသည်။

"သမီး. . ဘာတွေလာပြောနေတာလဲကွာ. . မဟုတ်တာတွေ"



www.burmeseclassic.com

www.burmeseclassic.com



"ဒက်ဒီမငြင်းပါနဲ့တော့. . ဒက်ဒီခိုင်းခဲ့တဲ့ ဦးလေးစိန်လှ ဆိုတဲ့လူက အားလုံးပြောပြပြီးပြီ. . ."

"ဘာ. . စိန်လှ၊. ဒီကောင် မသေဘူးပေါ့. . ."

"ဒယ်ဒီရယ်. . ဘာလို့ဒီလောက် မိုက်လုံးကြီးရတာလဲ"

"တိတ်စမ်း. . သမီး. . နင်ကပါ အဖေကို ထောင်ထဲကို ပို့မလို့လား"

"သမီးကထောင်ထဲကို ပို့မလို့မဟုတ်ဘူး. . ဒက်ဒီဆက်ပြီး မိုက်မဲမှုတွေမလုပ်ဖို့ သမီးမေတ္တာရပ်ခံနေတာပါ. . ပြီးတော့ ဖိုးကိုလည်း ဒက်ဒီ ရက်ရက်စက်စက်လုပ်ကြံခဲ့တာပဲ မဟုတ်လား"

"အေး. . ဟုတ်တယ်. . ဖိုးဆိုတဲ့ကောင်ကို လုပ်ကြံရတာ သမီးကြောင့်ဆိုတာမှတ်ထား"

"ဒက်ဒီလုပ်ရပ်တွေကို ဥပဒေကမျက်ကွယ်ပြုနေမှာ မဟုတ်ဘူး"

"ဟား ဟား ဟား. . သမီးဒက်ဒီကမပိုင်ရင် ဘာမှမလုပ် ဘူးဆိုတာမှတ်ထား. . ."

"အန်ကယ်. . ."

"ဘာလဲ နေဇော်"

နေဇော်က ဦးနန္ဒစည်ကို မျက်ရိပ်ပြဖြင့်ခေါ်ပြီး ဒါမ်ရှေ့ ထွက်သွားတာကို ဦးနန္ဒစည်နောက်မှလိုက်သွားလေသည်။

"ကလင်. . ကလင့်. . ကလင်"





တယ်လီဖုန်းမှဖုန်းခေါ်နေပေမယ့် ဒက်ဒီနှင့်နေဇော်တို့ က ခြံဝတွင်ရောက်နေတာမို့ ဘာမှမကြားရချေ။ မေဝတီဆူး ဖုန်းကိုလှမ်းကိုင်လိုက်စဉ်. . .

"ဟလို. . ."

"- - - - -"

"ဟုတ်တယ်. . ဒက်ဒီကမှာထားတယ်၊ ဖုန်းလာရင် ကိုင် လိုက်တဲ့. . ရှင်ပြောစရာရှိတာကို ပွင့်ပွင့်လင်းလင်းပြောနိုင် တယ်"

"- - - - - - -"

"ဟင်. . ကောင်းပြီ. . ဘယ်နေရာလို့ပြောရမလဲ"

"- - - - - - - -"

"အင်း. . ပြောလိုက်မယ် ဒါပဲမဟုတ်လား"

မေဝတီဆူး သိလိုက်ရသောကိစ္စမှာ သိရိသော်တာနှင့် ညီစူးတွယ်တာကို ဒက်ဒီဖမ်းခိုင်းထားလို့ဖမ်းထားပြီးပြီဆိုတဲ့ အကြောင်းပင်ဖြစ်သည်။

"ဒက်ဒီ. . ."

"သမီး ဘာပြောချင်သေးလဲ"

"ဒက်ဒီ့အမိုက်ဇာတ်ကိုရပ်လိုက်ပါတော့. . ."

"သမီးဒက်ဒီလုပ်နေတာ သမီးအတွက်ဆိုတာတော့ သိ ထားပါ"



www.burmeseclassic.com

www.burmeseclassic.com



"သမီးအတွက်ဆိုရင် ဒက်ဒီဘာမှဆက်ပြီးမလျှပ်ပါနဲ့တေ
သမီးဘာမှမမက်မောဘူး"

"တော်ပြီ. , သမီး ဒက်ဒီကိုဘာမှထပ်ပြီးပြောမနေ
တော့. . ."

မေဝတီဆူးဖခင်ဖြစ်သူကို ဘယ်လိုမှပြောလို့မရတော့ဘူ
ဆိုတာကို သဘောပေါက်ပြီဖြစ်တာကြောင့် အိမ်ထဲမှ ခပ်သွ
သွက်လေးထွက်ခဲ့လေတော့သည်။

အဖမ်းခံထားရသော သီရိသော်တာနှင့် ရည်စူးတွယ်တ
တို့ကို အမြန်ဆုံးကယ်နိုင်အောင်ကြိုးစားရတော့မည်။ ရန်ကု
မြို့ခွန်က အိမ်ဆိုတာ ဒက်ဒီကုမ္ပဏီဆောက်ရန်အတွက် ဝ
ထားသောနေရာတစ်ခုဆိုတာကို သိထားတာကြောင်
မေဝတီဆူးအတွက် ကယ်ရန်အခွင့်အရေးရခဲ့ခြင်းပင်ဖြစ်သည်

ကားကိုအမြန်ဆုံးမောင်းလာပြီး ခြံဝကိုရောက်သည
နှင့်. . .

"မမလေး. . ဘာလာလုပ်တာလဲ"

"ဒက်ဒီက အရင်သွားခိုင်းပြီး သူတို့ကိုချော့မော့ပြီး ခေ
ခိုင်းလို့. . ."

"ဪ"

ခြံတံခါးကိုဖွင့်သည်နှင့် ခြံထဲသို့ ကားမောင်းဝင်လာခဲ့ပေ
သည်။ အိမ်ထဲကိုရောက်တော့. . .





"သူတို့ဘယ်မှာလဲ"

"မမလေး. . ဟိုအခန်းထဲမှာ သော့ပိတ်ထားတယ်"

"သော့ပေး. . မင်းတို့အပြင်ကစောင့်နေ. . ."

"ဟုတ်ကဲ့"

မေဝတီဆူးအခန်းသော့ကိုဖွင့်ပြီး အခန်းထဲသို့ဝင်လိုက်
သည်နှင့်. . .

"မမဆူး"

"ဆူး"

"တွယ်တာနဲ့သီရိ"

"ဆူး ဘယ်လိုလုပ်သိတာလဲ. . ."

"နောက်မှပြောမယ်. . လောလောဆယ် ဒီကလွတ်
အောင်အရင်လုပ်ရမယ်. . ."

အခန်းဝတွင်ရပ်နေသော အစောင့်ကို. . .

"ငမွဲ"

"ဗျာ. . မမလေး"

"သူတို့အတွက် စားစရာယူခဲ့"

"ဟုတ်ကဲ့"

ငမဲစားသောက်စရာများယူပြီးပြန်ဝင်လာသည်နှင့်
တွယ်တာမှ အခန်းထဲတွင်တွေ့ရသော တုတ်နှင့်ရိုက်ချလိုက်ပေ
သည်။



www.burmeseclassic.com

www.burmeseclassic.com



"ခွပ်"

"အ. . ."

အိမ်ထဲမှ အစောင့်ကို ရှင်းပြီး အထွက်. . .

"ဟာ. . မမလေး. . ဒါဘာလုပ်တာလဲ. . ဟော့ကောင်တွေ လာစမ်း. . ."

အခြေအနေကို ရိပ်မိသွားသောအစောင့်ကြောင့် အပြင်မှာရှိနေတဲ့နှစ်ကောင် အိမ်ထဲသို့ပြေးဝင်လာသည်နှင့်. . .

"ဖြောင်း"

"အင့်"

"အိ"

"ဟယ်"

ဘယ်အချိန်က ရောက်လာမှန်းမသိတဲ့ အာရုံဇုံရဲ့ရိုက်ချက်ကြောင့် နှစ်ကောင်လုံးမှောက်သွားလေသည်။

"မင်း. . သ. . သ ရဲ. . ."

"ဟုတ်တယ် ငါသရဲပဲ. . ကဲကွာ"

"ဒုတ်"

"အိ"

အာရုံဇုံ မျက်နှာကိုဖြတ်ပြီးကန်ချလိုက်သဖြင့် ကြမ်းပြင်တွင်မှောက်သွားလေသည်။

"ဇုံ. . ဇုံ. . ."





မေဝတီဆူးမှာ အံ့ဩသောမျက်လုံးစုံဖြင့်ကြည့်နေတာကြောင့်. . .

"ဆူး နောက်မှအကြောင်းစုံပြောပြမယ်. . သွားကြရအောင်"

ရည်စူးတွယ်တာက သိရှိသော်တာလှတ်ကိုဆွဲသလို အာရုံဇုံမှ မေဝတီဆူးလက်ကိုဆွဲကာ ပြေးထွက်ခဲ့ကြလေတော့သည်။ ခြံဝသို့ မေဝတီဆူးမောင်းလာသော ကားလေးရောက်သည်နှင့် ဦးနန္ဒစည်နှင့်နေဇော်တို့ မောင်းလာသောကား ထိပ်တိုက်တွေ့သွားပြီ. . .

"သမီးမိုက်. . ကားရပ်စမ်း. . ."

မေဝတီဆူး ဖခင်ဖြစ်သူမျက်နှာကို ဝမ်းနည်းကြေကွဲစွာဖြင့် ကြည့်ကာ ကားမောင်းထွက်ခဲ့လေတော့သည်။ ဖခင်နှင့်သမီးတို့ နောက်ဆုံးအချိန်ကိုရောက်ပြီဆိုတာကို မေဝတီဆူး သိလိုက်ရပြီဖြစ်တော့သည်။

www.burmeseclassic.com

www.burmeseclassic.com

"ဆူး"

"ဗုံ"

မေ၀တီဆူးလက်ကလေးကို အာရုံ့ ဖြည်းညင်းစွာဆုပ်ကိုင်ပြီး. . .

"ငါတို့အနာဂတ်ကိုဆက်ပြီးလျှောက်ဖို့ပဲရှိတော့တယ် ဆူး"

"ဆူးလည်း ဆုံးဖြတ်ပြီးပါပြီ"

"ဆူးက ဘာတွေဆုံးဖြတ်ထားလဲ. . ."

"ဗုံနဲ့အတူ ဘ၀သစ်တစ်ခုကို သတ္တိရှိရှိပဲလျှောက်တော့မယ်ဆိုတာလေ. . ."

"ဆူးဒက်ဒီကိစ္စအတွက် ငါစိတ်မကောင်းပါဘူး"

"ဗုံရယ်. . အမှားတစ်ခုကိုပြုခဲ့ရင် အဲဒီအမှားအတွက် ထိုက်သင့်တဲ့အပြစ်ကတော့ ခံရမှာပဲလေ. . ဆူးကသာ ဗုံကို တောင်းပန်ချင်တာ. . ."

"ဘာကို ဆူးကတောင်းပန်ချင်တာလဲ"

"ဆူးဒက်ဒီရဲ့မိုက်မဲမှုကြောင့် ဗုံ့ဖခင်ဆုံးပါးခဲ့တာကိုပါ"

"ဆူးရယ်. . ဒီအတွက် တရားဥပဒေက အပြစ်ပေးပါ





လိမ့်မယ်"

"ဒက်ဒီရဲ့မိုက်မဲမှုကတော့ ဆူးဘယ်လိုမှ မပြောနိုင်အောင်ပါပဲ ဗုံရယ်. ."

"ကဲ. . ဆူး ဒါတွေခဏမေ့ထားလိုက်ကြစို့. . ဒါနဲ့ သီရိနဲ့ ရည်စူးဘယ်သွားကြလဲ. . ."

"ဈေးဝယ်ထွက်ကြတယ် ဗုံ"

"တစ်ခုတော့ ဆူးကို ကြိုပြီး ပြောထားရမယ်. ."

"ဘာများလဲ ပြော. . ."

"ရည်စူးနဲ့ပတ်သက်ပြီး ငါ့အပေါ်မှာ သံသယမဖြစ်စေချင်ဘူး. . ."

"မိန်းကလေးဆိုတာ သ၀န်တိုတတ်တဲ့အမျိုးလေ. . တိုအပေါ့. . ."

"ဆူးရယ်. .ရည်စူးကြောင့်ငါခုလိုအသက်ရှင်နေရတာပါ"

"အလကားစတာပါ ဗုံရယ်. . ရည်စူးရဲ့စိတ်ထားတို့ရော ဘိုယ်ကျင့်တရားကိုရော. . ဆူးယုံပါတယ်. . ဒီအတွက် ဆူးရင်ထဲမှာ ဘာခံစားချက်မှမရှိပါဘူး"

"ကျေးဇူးတင်ပါတယ် ချစ်သူလေးရယ်"

နှစ်ယောက်သား တစ်ယောက်လက်ကိုတစ်ယောက် ဆုပ်ကိုင်ကြပြီး ခွဲခွာနေခဲ့တဲ့နေ့ရက်တွေအတွက် အတိုးချပြီး အလွမ်းဖြေနေကြလေသည်။



www.burmeseclassic.com

www.burmeseclassic.com



"ဒက်ဒီကတော့ ဆူးတို့ကို အလွတ်ပေးမှာတော့မဟုတ်ဘူး"

"သေချာတယ် ဆူး. . အရင်ကထက်ပိုပြီး ငါနဲ့ဆူးကို အသေအကျေရန်မူတော့မှာ သေချာတယ်. . ."

"တွယ်တာရဲ့တပည့်လေးကိုရဲကတော့ အခြေအနေကို ထွက်ပြီး စုံစမ်းနေတယ်. . ပြန်လာရင်တော့ အကျိုးအကြောင်းကို သိရမှာပဲ"

"ဆူး"

"ပြော"

"ငှက်ကို ချစ်သေးရဲ့လား"

"ဒီစကားကို ရှင်မို့မေးတတ်တယ်. . ရှင့်ကိုဘယ်လောက်ချစ်တယ်ဆိုတာ သီရိနဲ့တွယ်တာ့ကိုသာမေးကြည့်"

"ဆူး ပြောတာပဲကြားချင်တာ"

"မချစ်ဘူး"

"တကယ်. . ."

"ပါကယ်ပြောတာ. . ဟောဒီရင်ကိုခွဲပြီးနှလုံးသားကို ထုတ်ပြီး ပြောခိုင်းလိုက်ချင်တယ်. . ငှက်ဆိုတဲ့လူကို ဘယ်လောက်တောင်ချစ်ရတယ်ဆိုတာ ကမ္ဘာကြီးကွဲထွက်သွားအောင် အော်ပြီး ပြောလိုက်ချင်တယ် ရှင်ရေ. . ဒီမှာဖြင့် သူသေပြီဆိုလို့ မျက်ရည်တွေ အဆက်မပြတ်ကျနေခဲ့ရတာ. . သူကတော့ ဒီမှာ





လာပြီးပျော်နေတယ်. . ဟွန့်. . မပြောလိုက်ချင်ဘူး. . ဒါ ဆူးကို တမင်ညှဉ်းနေတာမဟုတ်လား. . ."

"မဟုတ်ရပါဘူး ဆူးရယ်. . ဒက်ဒီနဲ့ပတ်သတ်နေလို့ ဆူး ခံစားရမှာကိုမမြင်ရက်လို့ပါ. . ."

"ဖခင်တစ်ယောက်ရဲ့မိုက်မဲမှုဝေါ မှာ ဆူးခံစားရပါတယ်၊ ဒါပေမယ့်. . ဥပဒေမဲ့ခံစားချက်မျိုးတော့ ဆူးရင်မှာမထားချင်ဘူး၊ ဟော. . ဟိုမှာ. . သီရိနဲ့တွယ်တာတောင်ပြန်လာပြီ"

သူတို့နှစ်ယောက်ထိုင်နေတာ ထိုင်ခုံလေးဆီကို တွယ်တာနှင့်သီရိရောက်လာပြီး. . .

"နှစ်ယောက်သားတာတွေအတိုးချပြီး အလွမ်းဆယ်နေတာလဲ"

"လွမ်းချိန်တောင်မရှိပါဘူး တွယ်တာရယ်. . ဒက်ဒီအကြောင်းကိုပြောပြီး ဘာဆက်လုပ်ကြမလဲဆိုတာပြောနေကြတာပါ"

"ရဲလေးရောက်လာရင်တော့ အကြောင်းတစ်ခုခုသိရမှာပဲ ဒီတော့မှဘာဆက်လုပ်ကြမလဲဆိုတာ စဉ်းစားကြတာပေါ့. . ခု လောလောဆယ် မိသားစုံညီပွဲတော်လေးကို ကျင်းပကြတာပေါ့"

"မမတွယ်တာရဲ့ အကောင်းဆုံးလက်ရာနဲ့စားကြမယ်လေ"

ရင်မောအပူသောကလေးတွေ တဒင်္ဂတော့ လွင့်စင်ခွယ်ပျောက်သွားကြတာတော့အမှန်. . .



www.burmeseclassic.com

www.burmeseclassic.com



"ကလင် ကလင်. ."

"ဟိုမှာ. . ရဲလေးတောင်ပြန်လာပြီ"

ဖြိုင်ဘီးကလေးကို စီးပြီး ဝင်လာသောရဲလေးကို တွေ့လိုက်ရတာကြောင့် အားလုံးရယ်ပြီး စောင့်ကာ. . .

"ရဲလေး. . ဘယ်လိုလဲဟေ့. . ."

"အိမ်ထဲရောက်မှပြောကြတာပေါ့. . ."

အိမ်လေးထဲသို့ရောက်သည်နှင့်. . .

"ဦးနန္ဒစည်ကတော့ တရားခံပြေးဖြစ်နေပြီ. . ."

"ဟင်"

"အက်ဆိုင်ဒရာကစင်ပြီး ဖမ်းတာကို ရှောင်ပြေးသွားတယ်လေ. . ."

"ဘာအမှုနဲ့ဖမ်းတာလဲ. . ."

"ကုမ္ပဏီငွေတွေကို တခြားတရားမဝင်တဲ့မှောင်ခိုလုပ်ငန်းတစ်ခုမှာ လုပ်ကိုင်လို့ ကုမ္ပဏီဒါရိုက်တာအဖွဲ့က တရားစွဲတာ"

မေဝတီဆူးဖခင်၏ ကံကြမ္မာကိုမတွေးတတ်အောင်ဖြစ်ခဲ့လေပြီ. . .

"ဒီသတင်းတစ်ခုတည်းပဲလား ရဲလေး"

"နောက်သတင်းကတော့ မမတွယ်တာတို့ဘက်ကို ဦးတည်နေတယ်. . ."

"ဘာ သတင်းလဲ. . ."





"ဦးနန္ဒစည်ရဲ့တပည့်တစ်ယောက်ဆီက ကြားခဲ့ရတဲ့သတင်းအရ. . မမဆူးနဲ့ကိုလေးဖုံတို့ကို အပြတ်ရှင်းဖို့ စီစဉ်နေပြီ. . ပြီးတော့ မြေပုံကိုလည်းရထားပြီလို့ ကြားတယ်"

"ဟင်. . ."

"ဟယ်"

ဦးနန္ဒစည်တစ်ယောက် မြေပုံကို ဘယ်ဆီကရခဲ့သလဲဆိုတာကို စဉ်းစားလို့မရပေ. . .

"ဖုံ"

"ဆူး"

"ဆူးတို့ရန်ကုန်နယ်မြေမှာ ဆက်ပြီးနေလို့မသင့်တော့ဘူး"

"ဟုတ်တယ်. . ဆူးဒယ်ဒီက မီးကုန်ယမ်းကုန်လုပ်တော့ခယ့်အခြေအနေကို ရောက်နေပြီ"

"တွယ်တာ အကြံတစ်ခုပြုမယ်"

"ပြောလေ ရည်စူး"

"တွယ်တာတို့အတွက် လုံခြုံတဲ့နေရာလေးတစ်ခုရှိတယ် အချင်ပြည်နယ်ဘက်မှာ. . အဲဒီမှာသွားနေပြီး မြေပုံတစ်ခုကို အသုံးတစ်ခါတည်း လုပ်လို့ရမယ်"

"ဒီရတနာတွေကို ဒယ်ဒီ့လက်ထဲအရောက်ခံလို့မဖြစ်ဘူး"

"ဒါဆိုရင်တော့ ဦးလေးမြတ်မိုးနဲ့တိုင်ပင်ပြီး အမြန်ဆုံးအကောင်အထည်ဖော်ရမှာပဲ. . ."



www.burmeseclassic.com

www.burmeseclassic.com



"ခရီးစဉ်ကို ဘယ်တော့စမလဲ. . ."

"ဒီရက်အတွင်းထွက်နိုင်အောင်လုပ်မယ်. . ."

"မမတွယ်တာ"

"ဘာလဲ သီရိ"

"သီရိလည်း လိုက်မယ်နော်. . ."

"လိုက်ရမှာပေါ့. . ဖိုး"

"ပြောလေ တွယ်တာ. . ."

"နေမင်းစံအိမ်ကြီးကို တွယ်တာတို့အရင်ရောက်အောင် သွားနိုင်မှဖြစ်မယ်နော်"

"ဟူး"

အာရုံ့ ရင်ထဲတွင်မွန်းကျပ်နေသော အတွေးစတွေကို မှုတ်ထုတ်ပြီး ချစ်သူမေဝတီဆူးမျက်နှာလေးကို ငေးကြည့်လိုက်သည်။

"ဖိုးရယ်. . ခုချိန်မှာ သားအဖဆိုတဲ့ သံယောဇဉ်ကြောင့် ဥပဒေမဲ့ကိစ္စတွေကို ဆူးလက်ခံမှာ မဟုတ်ပါဘူး၊ တိုင်းပြည်အတွက် အဖိုးမဖြတ်နိုင်တဲ့ရတနာတွေကို အလွဲသုံးစားတော့ အဖြစ်မခံနိုင်ဘူး. . ဘာကြောင့်ပဲဖြစ်ဖြစ် ဖိုးတို့နဲ့အတူ ဆူး. . ရပ်တည်နေမှာပါ. . ."

"ဆူးရယ်. . ."



"မြတ်မိုး. . ."

"ဟင်. . နန္ဒစည်"

ဦးမြတ်မိုးအိမ်ပေါ်သို့ ဦးနန္ဒစည်နှင့်တပည့်နှစ်ယောက် တက်လာပြီး သေနတ်နှင့်ချိန်ထားလိုက်သည်။

"မင်း အေးအေးဆေးဆေးလိုက်ခဲ့နော်. . ."

"နန္ဒစည်. . မင်းမိုက်လုံးကြီးနေပါလား"

"ငါဘဝကမထူးတော့ဘူး. . ဒီတော့ နောက်ဆုံးအချိန်မှာတော့ ငါ ဒီရတနာတွေကိုရအောင်ယူရမှာပဲ. . ."

"မင်းမြေပုံရပြီဆို"

"ဟုတ်တယ်. . ငါရတဲ့မြေပုံက မူရင်းမဟုတ်ဘူး. . ထပ်ဆူးထားတာဆိုတော့ မင်းလက်ထဲမှာရှိတဲ့မြေပုံတစ်ပိုင်းနဲ့ တိုက်ပြီးမှ သွားလို့ရမှာကွ"

"ငါ့ဆီမှာ ဘာမြေပုံတစ်ပိုင်းမှ မရှိဘူး"

"မင်းအသက်ကို မနှမြောဘူးနဲ့တူတယ်"

"မင်းသတ်ချင်သတ်လို့ရတယ် နန္ဒစည်. . ငါကသေဖို့ ချက်နီးနေပြီလေ. . သေရမှာကို မကြောက်တော့ဘူးကွ"



www.burmeseclassic.com

www.burmeseclassic.com



"ဟော့ကောင်တွေ ခေါ်ခဲ့စမ်း"

ဦးမြတ်မိုးကို တပည့်တစ်ယောက်က အတင်းဝင်ပြီးဆွဲချိန်တွင်. . .

"ဦးနန္ဒစည်. . ခင်ဗျား ဦးမြတ်မိုးကိုမထိနဲ့နော်"

"ဟင်. . ဖိုး. . ."

ဖိုးနှင့်တွယ်တာရောက်လာတာကို အံ့အားသင့်စွာဖြင့် ဦးနန္ဒစည်ကြည့်နေစဉ်. . .

"တွယ်တာ. . ."

"အာရုံ"

အာရုံဖိုး အချက်ပြလိုက်သည်နှင့် ဦးမြတ်မိုးကိုဆွဲနေသောလူဆိုးကို အမှတ်မထင်ဝင်ပြီး ရိုက်ချလိုက်လေသည်။

"ဟဲ့ကွာ. . ."

ဦးနန္ဒစည်လက်ထဲမှသေနတ်နှင့်လှမ်းပြီး ပစ်မည်လို့ ချိန်လိုက်သည်နှင့် ဦးနန္ဒစည်ကို အနီးကပ်၍လက်ထဲမှသေနတ်ကို အာရုံဖိုး လုယူလိုက်ပြီး. . .

"ဦးနန္ဒစည် ခင်ဗျားမလှုပ်နဲ့နော်. . တွယ်တာ ဦးမြတ်မိုးကိုခေါ်ပြီး ထွက်နှင့်. . ."

"ဟုတ်ကဲ့"

ဦးမြတ်မိုးကို ခေါ်ယူပြီး တွယ်တာ ထွက်သွားသည်နှင့်. . .

"ဦးနန္ဒစည် ခင်ဗျားကံကြမ္မာကိုဥပဒေကဆုံးမလိမ့်မယ်





သွားပြီ. . ."

"တောက်"

အပြင်တွင် ရပ်ထားသောကားပေါ်သို့ တက်ပြီးသည်နှင့် ဦးနန္ဒစည်၏သေနတ်ကို လွှင့်ပစ်ခဲ့ပြီး ကားမောင်းထွက်ခဲ့တော့သည်။

"ဦးစိန်လှတော့ဆုံးသွားပြီကွဲ့"

"ဗျာ"

"ဟင်"

"ဆေးရုံကဆင်းတဲ့နေ့ နောက်နေ့မှာ ကားတိုက်ခံခဲ့ရတာပဲ. . ."

"ဘယ်ကားတိုက်တယ်ဆိုတာသိပြီလား. . ."

"မသိဘူးကွဲ့. . ညဘက်မှာဝင်ပြီးတိုက်ခဲ့တာ. . မြင်တဲ့သူတစ်ယောက်စကားအရဆိုရင် ဦးစိန်လှကို ကားကတမင်ဝင်ပြီးတိုက်ခဲ့တာတဲ့. . ."

"ဟာ"

"ငါ့စိတ်ထင်တော့ နန္ဒစည်တစ်ယောက်တော့ ရက်စက်မှုတွေ ကမ်းကုန်နေပြီ. . ."

ကားမောင်းနေသော မေဝတီဆူးတစ်ယောက် ဖခင်ဖြစ်သူရဲ့ သတင်းဆိုးတွေကို မကြားဝံ့အောင် ဖြစ်နေလေသည်။

"ဒါနဲ့. . မင်းတို့ကားနဲ့ပဲ ခရီးဆက်မှာလား. . ."



www.burmeseclassic.com

www.burmeseclassic.com



"ဟုတ်တယ် ဦးလေး. .ဒီလိုပဲနားနားပြီး မောင်းသွားရ မှာပဲ"

"မန္တလေးကို အရင်ဝင်ကြရမှာပေါ့"

"ဟုတ်တယ်. . မြေပုံအပ်ထားတဲ့ ဘုန်းကြီးကျောင်းကို ဝင်ပြီး မြေပုံယူရမယ်မဟုတ်လား"

"အင်း"

"ဒယ်ဒီ့လက်ထဲကိုရောက်နေတဲ့မြေပုံက ဘယ်ကမြေပုံလဲ မသိဘူး. . ."

"အင်း. . စဉ်းစားလို့တော့မရဘူး ဦးလေးနဲ့ဆရာ နေမင်းသော်တို့ မြေပုံတွေကိုအပ်တုန်းက ဘယ်သူမှသိတာ မဟုတ်ဘူး. . ."

"ကျောင်းကိုရောက်ရင်တော့ အဖြေတစ်ခုတော့ သိရ မယ်ထင်တယ်"

"ဒါနဲ့. . အာရုံကို ပြောရဦးမယ်. . ."

"ဘာများလဲ ရည်စူး"

"အာရုံဆိုင်ကယ်မပေါက်ကွဲမှုဖြစ်တုန်းက တွေ့ခဲ့ရတဲ့ မီး လောင်အလောင်းဟာ. . သစ်ခုတ်သမားလေးရဲ့အလောင်းဘဲ ရုပ်ရှင်ဒါရိုက်တာကို ကြည့်နေရင်း အာရုံဆိုင်ကယ်က သူနား ရောက်ပြီး ပေါက်ကွဲသွားပြီးသေသွားရတာ. . ."

"ဟာင်. . ဟုတ်လား. . ."





"သူနဲ့အတူပါခဲ့တဲ့ လူတစ်ယောက်ဆီက သိခဲ့ရတာ"

ကားလေးမှာ ညလမ်းမပေါ်တွင် ပြေးလွှားမောင်းနှင်နေ ဆဲ. . .

"နေမင်းစံအိမ်ကြီးနဲ့ပတ်သက်ပြီး စိတ်ဝင်စားဖို့ကောင်း တဲ့ ဇာတ်လမ်းလေးတစ်ခုကို ပြောရဦးမယ်. . ."

"ပြောပြဗျာ. . နားထောင်ရတာပေါ့"

"ဦးလေးနဲ့ဆရာနေမင်းသော် နေမင်းစံအိမ်ကြီးကို ခရီး ကအပြန်ဝင်ကြည့်တော့ အဘွားအိုကြီးဟာ သူပြောခဲ့တဲ့အတိုင်း ကျန်းမာရေးအခြေအနေက တော်တော်လေးကို ဆိုးနေပြီ"

"ဦးနန္ဒစည်ပါမလာဘူးလား"

"မပါခဲ့ဘူးကွဲ. . ဆရာနေမင်းသော်နဲ့စကားများပြီး နေခဲ့ ပြီလေ. . ဦးလေးတို့ရောက်တော့ အဘွားအိုကြီးရဲ့နောက်ဆုံး ထွက်သက်ချိန်ပေါ့. . နေမင်းစံအိမ်ကြီးရဲ့ကြေကွဲစရာဇာတ်လမ်း လေးတစ်ပုဒ်ကိုပြောပြပြီး ဆုံးသွားခဲ့တယ်. . ဦးလေးနဲ့ဆရာ နေမင်းသော်လည်း အဘွားအိုကြီးကို နေမင်းစံအိမ်ရဲ့သင်္ချိုင်း ထဲမှာပဲမြှုပ်နှံခဲ့ကြတယ်"

"နေမင်းစံအိမ်ကြီးထဲမှာ သင်္ချိုင်းရှိတယ်ပေါ့. . ."

"ဟုတ်တယ်ကွဲ. . မျိုးရိုးအစဉ်အဆက်တွေကို မြှုပ်နှံတဲ့ သင်္ချိုင်းဂူတွေပေါ့. . ."

"အများကြီးနေမှာပဲ"



www.burmeseclassic.com

www.burmeseclassic.com



"အင်း. . အားလုံး(၂၇)လောက်တော့ရှိမယ်. . ထူးခြားတာက သီးသန့်ဂူလေးနှစ်ဂူပဲ. . ."

"ဟင်. . ဘာဖြစ်လို့လဲ"

"ဒီဂူလေးဟာ နေမင်းစံအိမ်ကြီးရဲ့ အစွန့်ပယ်ခံဂူလေး (၂)လုံးလို့ဆိုရမှာပေါ့ကွယ်. . အဘွားအိုပြောပြတဲ့ ဇာတ်လမ်းလေးရဲ့ဂူပေါ့. . ."

ကားပေါ်တွင် လိုက်ပါခဲ့ကြသော အာရုံဖုံ၊ မေဝတီဆူး၊ ရည်စူးတွယ်တာ၊ သီရိသော်တာနှင့်ရဲလေးတို့အားလုံးကို ဇာတ်လမ်းလေးကို စိတ်ဝင်စားစွာဖြင့် နားထောင်နေကြလေသည်။

"နေမင်းစံအိမ်ကြီးရဲ့ပဥ္စမမြောက်သမီးလေးသဉ္ဇာဒေဝီဟာ နေမင်းစံအိမ်ကြီးရဲ့သမီးတွေထဲမှာ အချောဆုံးဆိုရမှာပေါ့၊ သဉ္ဇာဒေဝီကို လက်ဆက်ချင်တဲ့ သူဌေးသူကြွယ်သားတွေက အပြိုင်အဆိုင်ဖြစ်နေတဲ့အချိန်ဆိုရမှာပေါ့. . နေမင်းစံအိမ်ကြီးမှာ တစ်နှစ်တစ်ခါ သီတင်းကျွတ်လပြည့်နေ့ဆိုရင် နေမင်းစံအိမ်မှာရှိတဲ့မိသားစုတွေဟာ ဘုန်းကြီးကျောင်းကိုသွားကြပြီး အလှူလုပ်လေ့ရှိကြတယ်. . ဒီလိုနဲ့သီတင်းကျွတ်လပြည့်နေ့မှာ နေမင်းစံအိမ်မိသားစုတွေ ဘုန်းကြီးကျောင်းကို အလှူသွားလုပ်ရင်း ဘုန်းကြီးကျောင်းမှာကပ်နေရတဲ့ဒေါနဆိုတဲ့ လူငယ်လေးတစ်ယောက်နဲ့ သဉ္ဇာဒေဝီဟာ လူငယ်တို့သဘာဝအတိုင်းမြင်မြင်ချင်းသဘောကျတွယ်ခဲ့ကြတာပေါ့. . ဒါပေမယ့် နေမင်းစံအိမ်မှာ ရှိကြတဲ့သမီးတော်တွေဟာ အပြင်ကိုထွက်ကြရတာမရှိဘူးလေ၊ တစ်ယောက်နဲ့တစ်ယောက်မျက်လုံးချင်းသာ စကားပြောနိုင်ကြပြီး ခွဲခွာခဲ့ကြရတယ်. . ."

"ဇာတ်လမ်းကတော့စိတ်ဝင်စားဖို့ကောင်းနေပြီ. . ."

သီရိက ကလေးပီပီ ဦးမြတ်မိုးပြောသော ဇာတ်လမ်းကို စိတ်ဝင်စားစွာနှင့်နားထောင်ရင်းပြောနေလေသည်။

"ဆူး"

"ဗျို. . ဘာလဲ"

"ငါ တစ်လှည့်မောင်းမယ်. . ညဉ့်နက်လာပြီဆိုတော့. . ဆူးမမောင်းနဲ့တော့. . ."

"အင်း"

ဆူးနဲ့အာရုံဖုံနေရာချင်းလဲလိုက်ပြီး ကားကိုအာရုံဖုံတစ်လှည့်မောင်းခဲ့တော့သည်။

"ဦးလေး. . ဆက်ပြောလေ. . ."

"ပြောမှာပေါ့ကွာ. . တစ်ယောက်နဲ့ တစ်ယောက်မတွေ့ကြရပေမယ့် နှစ်ယောက်လုံးရင်ထဲမှာတော့ အမြဲသတိရနေကြတာပေါ့. . ဘုန်းကြီးကျောင်းသားဒေါနအနေနဲ့လည်း နေမင်းစံအိမ်ကြီးကို လာဖို့မလွယ်ဘူးလေ. . နေမင်းစံအိမ်ကြီးမှာရှိတဲ့ သူတွေက ရက်စက်တဲ့နေရာမှာ ကြောက်ခမန်းလိလိပဲ. . ပြီးတော့ သဉ္ဇာဒေဝီရဲ့အစ်ကိုတော်တွေကလည်း မာနတဝင်းဝင်းနဲ့



www.burmeseclassic.com

www.burmeseclassic.com



ဆိုတော့ ဒေါ်နတစ်ယောက် သဥ္ဇာဒေဝီမျက်နှာလေးကိုမြင်ဖို့ တောင်မလွယ်ခဲ့ဘူး . . အင်း . . တစ်နေ့ နေမင်းစံအိမ်ကြီးရဲ့ အောက်ခြေမှာရှိတဲ့ကြာဖာန်ကြီးကိုတော့ တစ်ပတ်တစ်ခါ လောက် သဥ္ဇာဒေဝီဟာအစောင့်အရှောက်တွေနဲ့ကြာပန်းတွေ လာပြီးခူးတတ်တယ် . . ဒါကိုသိတဲ့ဒေါ်နဟာ သဥ္ဇာဒေဝီကြာပန်း ခူးမယ့် အချိန်ကိုစောင့်ပြီး ကြာကန်ထဲမှာကြာရွက်တွေနဲ့ ဖုံးပြီး စောင့်နေရတယ်"

"တကယ် စွန့်စားရတာပဲနော် . . ."

"ဒီလိုမှမစွန့်စားရင်လည်း တွေ့ရမှာမှမဟုတ်တာ"

"ကဲပါ . . ရဲလေးနဲ့သီရိ ဦးလေးဆက်ပြီးပြောတာကို နား ထောင်ကြပါဟဲ့"

"သဥ္ဇာဒေဝီ မင်းသမီးလေးက ပထမတော့ ဘယ်သိမလဲ နောက်ကြာပန်းခူးရင်း ဒေါ်နရဲ့အသံကိုကြားမှတွေ့ခဲ့တာလေ . . ပါလာတဲ့အဖော်တွေထဲက ထွေးညိုဆိုအထိန်းတော်ကို ငွေပေး ပြီး စည်းရုံးထားလို့ သဥ္ဇာဒေဝီနဲ့ဒေါ်နဟာ တစ်ပတ်ကိုတစ်ခါ လောက်တွေ့ခွင့်ရခဲ့ကြတယ်"

"သူတို့ တွေ့ခွင့်ရတယ်ဆိုတာ၊ ဘယ်လိုတွေ့ခွင့်ရတာလဲ"

"တစ်ယောက်နဲ့တစ်ယောက် သူများတွေလိုပေါ်ပေါ်ထင် ထင်တွေ့ခဲ့ကြရတာမဟုတ်ဘူး . . တစ်ယောက်က ကန်ပေါ်မှာ တစ်ယောက်ကျတော့ ရေထဲမှာလေ . . ."





"သူတို့အဖြစ်ကလည်း ဆိုးလိုက်တာ"

"တစ်ခုတော့ရှိတယ် . . နေမင်းစံအိမ်ကြီးမှာ ညပန်းပွဲ တော်ဆိုတာရှိတယ် . . ."

"ညပန်းပွဲတော်ဆိုတာ ဘာလဲ ဦးလေး . . ."

"ညပန်းပွဲတော်ဆိုတာ ခြံဝန်းထဲမှာ လပြည့်နေ့ဆိုရင် မိသားစုတွေအားလုံးအပြင် တခြားဧည့်သည်တွေပါလာပြီး ပျော် ပွဲရွှင်ပွဲလုပ်တဲ့ပွဲပေါ့ . . ဒီလိုနေ့ဆိုရင် ဒေါ်နဟာ သူဌေးသူကြွယ် သားတွေလို လာလို့မရတော့ ကျေးကျွန်တွေလိုလာပြီး စားဖွယ် သောက်ဖွယ်တွေကို ပြင်ဆင်ရတဲ့သူအဖြစ်နဲ့လာရင်း မင်းသမီးလေး ကို တွေ့ခွင့်ရခဲ့တယ် . . စကားတော့ပြောခွင့်မရဘူး"

"ဘာဖြစ်လို့လဲ ဦးလေး"

"နေမင်းစံအိမ်က သားတော်၊ သမီးတော်တွေဟာ ကျေး ကျွန်တွေနဲ့စကားပြောခွင့်မရှိကြဘူးတဲ့ . . ကျေးကျွန်ဆိုတာ အပိုင်း(၂)ပိုင်းရှိတယ် . . နေမင်းစံအိမ်ကြီးမှာ နေထိုင်ရတဲ့ ကျေး ကျွန်တွေကိုပဲ စကားပြောခွင့်ရှိပေမယ့် အပြင်က ငှားရမ်းထား တဲ့ ကျေးကျွန်တွေကိုတော့ စကားပြောခွင့်မရှိဘူး . . ."

"ဒါဆို . . မင်းသမီးလေးနဲ့ကိုဒေါ်နတို့က တစ်ယောက်ကို တစ်ယောက်ကြည့်ခွင့်ပဲရတယ်ပေါ့နော်"

"အေးပေါ့ကွယ်၊ ဒီညပန်းပွဲတော်ကို တစ်လတစ်ခါကျင်း ပတတ်တယ် . . ဒီလိုနဲ့မင်းသမီးလေးနဲ့ဒေါ်နဟာ တွေ့ပါများ



www.burmeseclassic.com

www.burmeseclassic.com



လာတော့ တစ်ယောက်ပေါ် တစ်ယောက်ထားတဲ့ သံယောဇဉ်ကြီးတွေဟာခိုင်မာလာပြီး တစ်ယောက်နဲ့တစ်ယောက်တွေ့ ခွင့်ရအောင်ကြိုးစားခဲ့ကြရင်း နေမင်းစံအိမ်ကြီး သချိုင်းမှာ ခိုးတွေ့ခဲ့ကြတယ်၊ သူတို့နှစ်ယောက်စပြီး တွေ့တဲ့နေ့မှာပဲ ကံဆိုးချင်တော့ မင်းသမီးလေးအစ်ကိုတော်က တွေ့သွားခဲ့တယ်"

"ဟင်"

"တွေ့တော့ သတ်ပစ်လိုက်လား. . ."

"သိရိရယ်. . ဦးလေးစကားကို ဆုံးအောင်နားထောင်ပါဦး"

သိရိသော်တာမှာ စိုးရိမ်တကြီးနှင့် မေးတာကို ရည်စူးတွယ်တာလှမ်းပြီး ပြောလိုက်လေသည်။

"သဥ္ဇာဒေဝီနဲ့ဒေါ်နုတို့ ချိန်းတွေ့တာကိုမိခဲ့ပေမယ့် ချက်ချင်းမသတ်ပါဘူး. . ဒေါ်နုကိုတော့ ဖမ်းထားပြီး နေမင်းစံအိမ်ရဲ့ မြေအောက်အကျဉ်းခန်းထဲမှာဖမ်းချုပ်ထားတယ်"

"နေမင်းစံအိမ်ကြီးမှာ မြေအောက်အခန်းတွေရှိတယ်ပေါ့"

"ရှိတယ် ဆူး. . နေမင်းစံအိမ်ကြီးဟာ လျှို့ဝှက်ချက်တွေများစွာရှိတဲ့စံအိမ်ကြီးတစ်လုံးပဲကွဲ့. . ဒီလိုဖမ်းချုပ်ထားပြီး သဥ္ဇာဒေဝီရဲ့ အစ်ကိုကြီးဆုံးစောနန်းသာဟာ ဒေါ်နုကို စီရင်ပိုင်ခွင့်အမိန့်ကိုရထားသူဆိုတော့ ဒေါ်နုကိုအပြင်ကိုခေါ်ထုတ်ပြီး ငွေဒင်္ဂါးတစ်ထုပ်ရယ်. . ဓါးတစ်လက်ကိုဒေါ်နုရှေ့မှာချထားခဲ့





တယ်"

"ဘယ်လိုသဘောလဲ"

"ငွေဒင်္ဂါးထုပ်ကိုယူပြီး ဒီနယ်မြေကအပြီးထွက်သွားမလား အသေခံမလားဆိုတဲ့ သဘောကွဲ့"

"ဒေါ်နုက ဘာကိုရွေးလိုက်သလဲ"

"ဒေါ်နုက ဓါးကိုရွေးခဲ့တယ်တဲ့"

"ဟင်"

"သူ သဥ္ဇာဒေဝီကိုချစ်ခဲ့တဲ့အချစ်ဟာ. . ငွေကြေးဥစ္စာတွေမပါဘဲ မေတ္တာစစ်နဲ့ချစ်ခဲ့တယ်ဆိုတာကို သက်သေပြခဲ့တာ သဥ္ဇာဒေဝီရဲ့အစ်ကိုတော်ဟာ ဒေါ်နုရွေးချယ်ခဲ့တဲ့အတိုင်း နောက်နေ့နေဝင်ချိန်မှာ သတ်မယ်ဆိုပြီး အချိန်သတ်မှတ်ခဲ့တယ် ဒီသတင်းနဲ့ပတ်သက်ပြီး သဥ္ဇာဒေဝီဟာ သူ့အဖော်ကျေးကျွန်ဆီမှ သတင်းမှားတစ်ခုကိုကြားခဲ့တယ်"

"ဟင်. . ဘယ်လိုသတင်းမှားများလဲ. . ."

"ဒေါ်နုကိုအစ်ကိုတော်ကြီးက သတ်ပစ်လိုက်ပြီဆိုတဲ့ သတင်းလေ. . ဒီမှာတင်မင်းသမီးလေးသဥ္ဇာဒေဝီဟာ သူ့ချစ်သူသေပြီဆိုတာကိုသိတာနဲ့ သူ့ကိုယ်သူ ဓါးနဲ့ထိုးပြီး သတ်သေလိုက်တော့တယ်. . ."

"ဟင်"

"သဥ္ဇာဒေဝီ ဘာကြောင့်သေရတယ်ဆိုတာကို အဲကို



www.burmeseclassic.com

www.burmeseclassic.com



တွေအစ်မတွေက သိရှိသွားပြီး ယူကျုံးမရဖြစ်ခဲ့ကြတယ်. . ဖမ်းထားတဲ့ဒေါနကိုလည်း ပြန်ပြီးလွှတ်ပေးခဲ့ပေမယ့် သေဆုံးသွားတဲ့ သဥ္စာဒေဝီရဲ့ရုပ်အလောင်းကိုနောက်ဆုံးအချိန်ကြည့်ခွင့်ပေးချိန်မှာ ဒေါနဟာ တောင်းဆိုမှုတစ်ခုကို ပြုလုပ်ခဲ့တယ်"

"ဒေါနက ဘာကိုတောင်းဆိုတာလဲဟင်. . ."

"သဥ္စာဒေဝီ သတ်သေသွားတဲ့ဓါးကိုကြည့်ခွင့်တောင်းတော့. . အစ်ကိုတော်က ထုတ်ပြလိုက်တဲ့အချိန်မှာ ဒေါနဟာ သေဆုံးပြီးဖြစ်တဲ့ သဥ္စာဒေဝီရှေ့မှာပဲ သူ့ကိုယ်သူသတ်သေပြလိုက်တယ်"

"ဟယ်"

"ထိုအဖြစ်အပျက်ကိုမြင်ခဲ့တဲ့ နေမင်းစံအိမ်ရဲ့အရှင်တွေဟာ အချစ်ကြီးကြတဲ့ချစ်သူနှစ်ယောက်ရဲ့ သစ္စာတရားနဲ့သံယောဇဉ်ကိုကြေကွဲဝမ်းနည်းခဲ့ပြီး နေမင်းစံအိမ်မှာ အဆင့်အတန်းခွဲခြားခြင်းတွေကို မပြုလုပ်တော့ဘဲ လွတ်လပ်စွာ ချစ်သူရှာခွင့်၊ လက်ထပ်ခွင့်တွေကို ပြုခဲ့တယ်. . အချစ်ကြီးခဲ့ကြတဲ့ချစ်သူနှစ်ယောက်ကိုလည်း အတူတူမြေမြှုပ်ဂူသွင်းပေးခဲ့ကြတယ်"

"ကြေကွဲစရာကောင်းလိုက်တာ ဦးလေးရယ်"

ဦးမြတ်မိုးရဲ့ဇာတ်လမ်းကလေး ဆုံးသွားသည်နှင့် မေဝတီဆူးနှင့်အာရုံဖုံတစ်ယောက်မျက်နှာကို တစ်ယောက်ကြည့်မိလေသည်။





"ဖုံ"

"ဆူး"

"သဥ္စာဒေဝီလို ဆူးသေရင်လိုက်ပြီးသေမှာလား. . ."

"ချစ်သူမရှိတဲ့လောကကြီးမှာ ဘာလို့ဆက်ပြီးအသက်ရှင်ရမှာလဲ ဆူးရယ်. . ."

"ယုံတမ်းစကားတွေလား. . ."

"အားလုံးရှေ့မှာသက်သေတည်ပါတယ်"

"စောင့်ကြည့်ရတာပေါ့"

"စောင့်ကြည့်တာအသာထား ဆရာရေ. . ညဥ့်နက်နေပြီ. . ကားကိုဆက်ပြီးမမောင်းနဲ့တော့ နားဖို့နေရာရှာပေတော့"

ရည်စူးတွယ်တာစကားကြောင့်. . .

"ဟိုရှေ့က ဘုရားလေးမှာနားကြမယ်. . ရည်စူးတို့တော့ အားနာတယ်"

"အာရုံရယ်. . တွယ်တာက တယူသန်ဘာသာရေးသမားတော့ပါဘူး. . မေတ္တာတရားနဲ့ငြိမ်းချမ်းရေးရှိတဲ့အရိပ်အောက်အဆို တွယ်တာကနေမယ့်သူပါ. . ."

ဘုရားဝန်းထဲသို့ ကားလေးမောင်းဝင်လာပြီး ခရီးသည်များ နားခိုရာဇရပ်ကလေးဆီသို့ အားလုံးတက်ခဲ့ကြတော့သည်။

"မမတွယ်တာ"

"ဘာလဲ သီရိ"



www.burmeseclassic.com

www.burmeseclassic.com



"ဗိုက်ဆာသလိုပဲ"

"မပူပါနဲ့ မမလေးရယ်. . ခရီးသွားမယ်ဆိုကတည်းက လက်ဖက်သုပ်၊ ချင်းသုပ်နဲ့ ကော်ဖီတွေ၊ မုန့်တွေအဆင်သင့် ထည့်ခဲ့ပါတယ်တော်. . ."

"ဒါကြောင့်. . မမတွယ်တာကိုချစ်ရတာ. . ရှတ်"

ရည်စူးတွယ်တာ ပါးပြင်လေးကို သီရိသော်တာနမ်းလိုက်သည်။

"ဒါနဲ့ပဲ မမတွယ်တာတော့ အပျိုကြီးဘဝကိုရောက်တော့မယ်. . ."

"သီရိလည်းမမတွယ်တာနဲ့အတူအပျိုကြီးလုပ်မှာပါ"

"ကောင်မလေးကတော့ ပြောနေပြန်ပြီ. . ."

"ပြောနေတာမဟုတ်ဘူး. . တကယ်ပြောတာ"

ဇရပ်ပေါ်တွင် အားလုံးနေရာကိုယ်စီယူကြရင်း. . .

"မောင်အာရုံဇုံ"

"ဘာများလဲ ဦးလေးမြတ်"

"ဦးလေးနဲ့ဆရာနေမင်းသော်ကို အဘွားအိုကြီး မသေခင် ပြောခဲ့တဲ့စကားတစ်ခွန်းရှိတယ်"

"ဘာများလဲ"

"နေမင်းစံအိမ်သချိုင်းက ဂူတွေထဲမှာ ရတနာခန်းတွေဆီကို သွားတဲ့လျှို့ဝှက်လမ်းတစ်ခုရှိတယ်တဲ့. . အဘွားအိုလည်း





တစ်ခါမှမသွားဖူးဘူးတဲ့. . ဒီဂူဘယ်ဂူဆိုတာလည်း မသိဘူးတဲ့ ဒါပေမယ့် ဂူတွေထဲမှာသေသေချာချာကြည့်ရင်ထူးခြားတဲ့ ပုံသဏ္ဍာန်တော့ ရှိတယ်တဲ့ကွ"

"ဒီဂူကိုသိရင်မြေပုံကို ကြည့်နေစရာတောင်မလိုတော့ဘူးနော်. . ."

"အေးကွာ. . ဂူကိုသိရင်သိပ်ကောင်းမှာပဲ. . ."

"ကျွန်တော်တို့အတွက်ရှာချိန်သိပ်မရှိတော့ဘူး ဦးလေးဦးနန္ဒစည်တို့ ခုလောက်ဆိုနေမင်းစံအိမ်ကြီးကိုသွားနှင့်လောက်ပြီ"

"ဟုတ်တယ်. . ငါတို့ဦးအောင်တော့သွားမှဖြစ်မယ်ကွ၊ တဲ အိပ်ကြရအောင်. . မနက်စောစောထပြီး ခရီးဆက်ကြရမှာ ဟုတ်လား. . ."

"ဟုတ်ကဲ့"

အာရုံဇုံဘေးတွင် မေဝတီဆူးမျက်လုံးလေးစင်းပြီး အိပ်ချင်နေလေပြီ. . .

"ဆူး. . အိပ်လို့ရရဲ့လား"

"ရပါတယ်. . ဒီလိုအိပ်ရတာလေးကို စိတ်ထဲမှာ ကြည်နူးနေသလိုပဲ. . ဇုံလည်းအိပ်တော့လေ. . ."

ကောင်းကင်ယံတွင် လမင်းလေးက တစ်ခြမ်းထွက်လို့နေသည်။



www.burmeseclassic.com

www.burmeseclassic.com

မြေပုံအပ်ထားသော အုန်းကြီးကျောင်းသို့ ရောက်တ

တော့. . .

"ပြောရရင်တော့ စိတ်မကောင်းပါဘူး ဒကာလေးရှယ် ဒကာလေးတို့အပ်ထားတဲ့မြေပုံကို ကျောင်းကပ္ပိယကြီးက ခိုးပြီ ထွက်ပြေးသွားပြီ. . . "

"ဟင်"

"ဟယ်"

"ဗျာ. . . "

ဆရာတော့်စကားကြောင့် အာရုံတို့ ဘာဆက်ပြီး ပြော ရမှန်းမသိတော့ပေ။

"ဦးနန္ဒစည်ဆီရောက်သွားတဲ့မြေပုံက ကပ္ပိယကြီးခိုးသွာ တဲ့မြေပုံဖြစ်မယ်"

"ဖြစ်နိုင်တယ် ဦးလေးမြတ်"

"သားရေပြားနဲ့ရေးထားတဲ့မြေပုံတစ်ပိုင်းတော့ ကျန် တယ်ကွဲ. . ခဏ ဦးပဉ္စင်းသွားယူပေးမယ်"





ဆရာတော်ယူလာပေးသော မြေပုံတစ်ပိုင်းကို ကြည့် လိုက်တော့. . .

"ဒါဦးလေးကို ဆရာနေမင်းသော်ပေးခဲ့တဲ့မြေပုံအပိုင်းပဲ ဒါကြောင့် ဦးနန္ဒစည် ဦးလေးဆီကမြေပုံကိုတောင်းနေတာကိုး"

"ဦးလေးမြတ်. . ဘာဆက်ပြီးလုပ်မလဲ"

"လုပ်စရာကတစ်ခုပဲရှိတော့တယ် မောင်အာရုံ"

"ဘာများလဲ ဦးလေး"

"သင်္ချိုင်းထဲကဂူကိုရအောင်ရှာဖို့ပဲရှိတော့တယ်"

"ကျွန်တော်တို့နောက်များကျနေမလား"

"နောက်ကျလည်းမတတ်နိုင်ဘူးလေ. . လုပ်စရာ ရွေး စရာက ဒီတစ်ခုပဲရှိတော့တာ"

"ဒါဆိုရင်တော့ မန္တလေးမှာနားမယ့်အစီအစဉ်ကို ဖျက်ပြီး ခရီးဆက်ကြရင်ကောင်းမယ်"

"မောင်အာရုံဖုံ့သဘောပဲ"

"အာရုံ"

"ဘာများလဲ ရည်စူး"

"ကားကိုတော့ ကြံ့ခိုင်ရေးထပ်ပြီးလုပ်စေချင်တယ်. . သွားရမယ့် ခရီးကအရမ်းဝေးပြီးကြမ်းတော့ လမ်းမှာတစ်ခုခုဖြစ် နိုင်ပိုပြီးဆိုးမယ်"

"ရည်စူးပြောတာဟုတ်တယ်. . ဒါဆိုရင်လေးနဲ့ငါမြို့ထဲကို



www.burmeseclassic.com

www.burmeseclassic.com



သွားပြီး ကားကိုလိုအပ်တာတွေလုပ်လိုက်ဦးမယ်. . ဒီကပဲ စောင့်နေကြ. . ."

အာရုံဖုံနှင့်ရဲလေး အပြင်သို့ သွားမည်အပြု. . .

"ဖုံ"

"ဆူး"

"မန္တလေးမှာဒယ်ဒီ့အဆွယ်အပွားတွေရှိတယ်. . သတိထားပြီး သွားနော်. . ."

"စိတ်ချ ဆူး. . ကဲ. . ရဲလေး သွားကြရအောင်"

"ဟုတ်ကဲ့"

ရဲလေးနှင့်အတူ မန္တလေးမြို့ပေါ်ရှိ ကားဝပ်ရှော့ဆိုင်ကို မောင်းလာကြသည်။

"အစ်ကိုလေး"

"ဘာလဲ"

"ကျွန်တော်တို့နောက်မှာ ဆိုင်ကယ်(၂)စီးလိုက်လာတယ်"

"ဟင်"

အာရုံဖုံကားနောက်ကြည့်မှန်ထဲမှ လှမ်းကြည့်လိုက်တော့ ဆိုင်ကယ်နှစ်စီး မယောင်မလည်နှင့်လိုက်လာတာကို တွေ့လိုက်ရသည်။

"ဒီဆိုင်ကယ်နှစ်စီး ဘယ်တည်းက လိုက်လာတာလဲ





ရဲလေး"

"ကျွန်တော်သတိပြုမိတာက မြို့ထဲအဝင်မှာ. . ."

"ဘုန်းကြီးကျောင်းအထွက်မှာမဟုတ်ဘူးလား"

"မဟုတ်ဘူး အစ်ကိုရဲ့. . ဘုန်းကြီးကျောင်းအထွက်မှာ ကျွန်တော်ပတ်ဝန်းကျင်ကို သတိပြုထားခဲ့တယ်. . ဘာမသင်္ကာစရာမှမတွေ့ဘူး"

"ဒါဆိုရင်တော့ တော်သေးတာပေါ့ကွာ. . ဒီကောင်တွေကို မျက်ခြည်ပြတ်ရမှာပဲ. . ."

"အစ်ကိုလေး မန္တလေးလမ်းတွေကို ကျွမ်းလား. . ."

"သိပ်မကျွမ်းကျင်ဘူးကွ"

"ဒါဆိုရင် ကျွန်တော်ပြောတဲ့အတိုင်းမောင်း"

"မင်းက သိတယ်ပေါ့"

"သိတာပေါ့. . ကျွန်တော်က မန္တလေးသားပဲဟာ. . ပြီးတော့ မြင်းလှည်းတောင်မောင်းစားခဲ့ဖူးတာ. . ."

"ဒါဆိုရင်အဆင်ပြေပြီ. . မင်းလမ်းသာညွှန်တော့"

"ဟိုရှေ့က မြင်နေရတဲ့လမ်းရဲ့ဘယ်ဘက်ကိုထွက်ရင် လမ်း(၂)ခွကိုတွေ့ရမယ်. . တစ်လမ်းက မြို့ပြင်ကိုထွက်တဲ့လမ်း၊ တစ်လမ်းက မြို့ထဲကိုပြန်ပြီး ရောက်နိုင်တဲ့လမ်း. . ပြီးတော့ လူရှင်းတယ်"

"လူရှင်းရင်တော့ အဆင်ပြေတယ်"



www.burmeseclassic.com

www.burmeseclassic.com



"အစ်ကိုလေးက ဒီကောင်တွေကို ရင်ဆိုင်မှာလား"

"ရင်ဆိုင်သင့်ရင် ရင်ဆိုင်ရမှာပေါ့ကွာ. . ."

ရဲလေးပြောတဲ့အတိုင်း မော့ကြည့်လာပြီးနောက်. . .

"ဒီကောင်တွေ ဘယ်နှစ်ယောက်လဲ ရဲလေး. . ."

"ဆိုင်ကယ်နှစ်စီး လူသုံးယောက်"

"ဒါဆိုရင်တော့ ယှဉ်လို့ရတယ်. . ဘယ်လိုလဲ ရဲလေး မင်းလက်သံပြောင်ပါ့မလား"

"အစ်ကိုလေးရေ. . ဒါမျိုးဆိုရင် လက်သံကပြောင်ပြီးသားပဲ"

ကားရောလူပါ ရှင်းတဲ့နေရာတွင် ကားကိုထိုးရပ်လိုက်ပြီး နောက်မှဆိုင်ကယ်နှစ်စီးကို စောင့်နေလိုက်သည်။ ဆိုင်ကယ်နှစ်စီးက အာရုံဖုတ်တို့ကားနှင့် မလှမ်းမကမ်းတွင်ရပ်ပြီး ဟိုလိုဒီလို လုပ်နေကြသည်။

"ဒီကောင်တွေ ရှူးချင်ယောင်ဆောင်နေပြီ အစ်ကိုလေး. . ."

"ရှူးချင်ယောင်ဆောင်တော့လည်း ဆေးကိုက်ရတာပေါ့ကွာ. . လာ. . သွားမယ်"

ဆိုင်ကယ်ရပ်ထားသောနေရာကို ခပ်မှန်မှန်လေး လျှောက်ခဲ့ကြပြီး အနားသို့ရောက်တော့. . .

"မင်းတို့ ဘာလိုက်လုပ်တာလဲ. . ."





"ဟာ. . ခင်ဗျားစကားက စွပ်စွပ်စွဲစွဲပါလား. . ကျုပ်တို့ လမ်းကျုပ်တို့သွားနေတာလေ. . ."

"သေချာရဲ့လား"

"သိပ်သေချာတာပေါ့"

"မင်းတို့ပါးစပ်ကသေချာတယ်သာပြောနေတာ မင်းတို့ မျက်နှာတွေကလိမ်နေတာကိုပေါ်နေတယ်. . မင်းတို့ ဦးနှောက်ရဲ့လှုပ်ရှားမှုတွေမဟုတ်လား. . သွေးပျက်ပြီး ငြိမ်းမနေပါနဲ့ ကွာ. . ."

"ဘာကွ"

အာရုံဖုတ်စကားကို ဒေါသဖြစ်သွားဟန်ရှိသည်။

"ငါပြောတာမှားသွားလို့လား"

"ကဲ. . ဟုတ်တယ်ဗျာ. . မျိုးကောင်း မထူးတော့ဘူး. . အပြတ်ရှင်းပြီး ဆရာ့ကိုအကြောင်းကြားဖို့ပဲရှိတော့တယ်"

"သိပ်ကောင်းတာပေါ့ကွာ"

စကားဆုံးသည်နှင့် အာရုံဖုတ်တို့ကို ဝင်ရောက်တိုက်ခိုက် ညှိပြင်တာနဲ့. . ရဲလေးက စတင်ပြီး ဝှက်ယူလာတဲ့ဓါးကြားစာ တုတ်နှင့်လက်ဦးအောင်ဆော်လိုက်သည်။

ငနဲသုံးကောင် အငိုက်မိသွားတာကြောင့် အာရုံဖုတ်ပါ အနီးရှိနှစ်ကောင်ကို ဒူးလက်သီး ခြေထောက်တို့နှင့် မနားတမ်း တိုက်ခိုက်လိုက်တော့သည်။

"ပွဲတော့သိမ်းပြီတော့. . သွားမယ်"



www.burmeseclassic.com

www.burmeseclassic.com



"အစ်ကိုလေး. . နေဦး"

"ဘာလုပ်မလို့လဲ"

"ဒီကောင်တွေဆက်ပြီးမလိုက်နိုင်အောင် ဘီးတွေကို လေလျှော့ခဲ့ဦးမယ်"

"မင်းသဘောပဲဟေ့"

ရဲလေးဆိုင်ကယ်ဘီးများကို စိတ်တိုင်းကျလေလျှော့ပြီး မြေပြင်ပေါ်တွင် အိပ်စက်နေကြသော သုံးကောင်ကို နှုတ်ဆက်ခဲ့လေသည်။

"အစ်ကိုလေး. . ကားဝပ်ရှော့ကိုသွားဦးမလား. . ."

"မသွားလို့တော့မရဘူး. . သွားရမယ်"

"ဟာ. . အစ်ကိုလေး"

"ဗိုး"

"အ"

မြေပြင်တွင်လဲကျနေသောကောင်မှထပြီး ဓါးမြှောင်နှင့် လှမ်းပစ်တာကို အာရုံရှောင်လိုက်ပေမယ့် လက်မောင်းကို ရှထိသွားသည်။

ဓါးမြှောင်နဲ့ကောင်လည်း တစ်ခါတည်း ခြေကုန်သုတ်ပြီး ပြေးလေတော့သည်။

"အစ်ကိုလေး"

"ရတယ် ရဲလေး. . ရှပ်ထိသွားတော့ ကားပေါ်ရောက်ပတ်တီးစည်းထားမယ်. . သွားကြစို့"

"ဟုတ်ကဲ့"

ကားဝပ်ရှော့တွင် ကားအတွက်လိုအပ်တာတွေကို အာရုံစိုက်လုပ်နေစဉ်. . ရဲလေးမှဆေးနှင့်ပတ်တီးတို့ကိုဝယ်ယူလာပြီး. . လက်မောင်းမှဒဏ်ရာကို ဆေးထည့်ပတ်တီးစည်းနေလေသည်။

"ကဲ. . ဆရာတို့ပြီးပါပြီ. . ."

"ကျေးဇူးပဲ"

ကားကိစ္စပြီးပြီမို့ ဘုန်းကြီးကျောင်းတို့ပြန်ရန်ထွက်လာခဲ့တော့သည်။

"ဘယ်လိုနေသေးလဲ အစ်ကိုလေး"

"သက်သာပါတယ်ကွာ"

"မမဆူးကတော့ စိုးရိမ်တော့မှာပဲနော်. . ."

"ချစ်သူစိုးရိမ်မှုက တကယ်ကျေနပ်စရာကောင်းပါတယ်ကွာ"

"ဟုတ်လားဟင်"

"မယုံရင်မင်းရည်းစားထားကြည့်ပေါ့. . ."

"ဟာဗျာ. . အစ်ကိုလေးကလည်း ကျွန်တော်က ငယ်ငယ်လေးပဲရှိသေးတာ. . ."

"အသက်ကြီးတော့ ထားကြည့်ပေါ့ ရဲလေးရယ်. . ."

ကားပေါ်မှဆင်းတော့. . .







www.burmeseclassic.com

www.burmeseclassic.com



"ဟင်. . ဖုံ. . လက်မှား . ဒဏ်ရာ. . ."

"ဟုတ်တယ် ဆူး. . လမ်းမှာဆူးဒက်ဒီတပည့်တွေနဲ့တွေ့လို့ မြေရှင်းရင်း ဒဏ်ရာရခဲ့တာ. . ."

"ဒဏ်ရာကများလား"

"မများပါဘူး. . ရှပ်ထိသွားတာ. . ကဲ. . အားလုံး သွားဖို့ မြင်တော့. . ခုလောက်ဆို ဆူးဒက်ဒီ ငါတို့မန္တလေးရောက်နေတာကို သိပြီးလို့ရှာလောက်ပြီ. . ."

ကားပေါ်သို့မတက်ခင် ဆရာတော်ကို ဝင်ပြီးကန်တော့ကာ ဘုန်းကြီးကျောင်းမှစတင်ပြီး ထွက်လာခဲ့ကြတော့သည်။

"အာရုံ. . ."

"ရည်စူး"

"ကားကို တွယ်တာမောင်းမယ်. . ဒဏ်ရာနဲ့ခဏနားလိုက်ဦး"

"ဟုတ်တယ် မောင်အာရုံဖုံ. . ခရီးကဝေးတယ်. . နားပြီးမောင်းမှဖြစ်မယ်. . ."

ရည်စူးတွယ်တာနဲ့အာရုံဖုံနေရာချင်းလဲလိုက်ပြီး. . မေဝတီဆူးနဲ့အတူတူကပ်လျက်ထိုင်နေစဉ်. . မါးဒဏ်ရာမှအရှိန်ကြောင့် ဖျားချင်သလိုဖြစ်လာနေစဉ်. . .

"ဖုံ. . ကိုယ်တွေပူနေတယ်"

"ဟင်"





"ရပါတယ် ဆူးရာ. . မါးဒဏ်ရာကြောင့် အနာရှိန်တက်နေတာပါ. . ဆေးလည်းသောက်ထားပါတယ်"

"ဖုံ. . ဆူးကိုမှီပြီးအိပ်လိုက်ပါလား. . ."

"အင်း"

မျက်လုံးတွေက လေးလံနေတာကြောင့် မေဝတီဆူး ပခုံးလေးကိုမှီပြီး မှေးနေလိုက်တော့သည်။

မန္တလေးမြို့အထွက်သို့ ရောက်ခါနီးတွင်. . .

"မမတွယ်တာ. . နောက်မှာ ကားတစ်စီးလိုက်လာနေပြီ"

"ဟင်. . ."

"ဟင်"

ရဲလေးစကားကြောင့် မေဝတီဆူးနောက်ကို လှည့်ကြည့်လိုက်တော့. . .

"ဒါ ဒက်ဒီကားပဲ. . ."

ရည်စူးတွယ်တာ ကားစက်ရှိန်ကိုမြှင့်ပြီး မောင်းသလို နောက်မှ ကားမှာလည်း စက်ရှိန်မြှင့်ပြီးမောင်းလိုက်လာလေသည်။

"မန္တလေးဂိတ်မှာ လုံခြုံရေးရှိတယ်မဟုတ်လား"

"ရှိတယ်"

"ဒါဆိုရင်တော့ ဒီအထိလိုက်ရဲမှာမဟုတ်ဘူး ရဲလေး. . မန္တလေးအထွက်ကလိုသေးလား"



www.burmeseclassic.com

www.burmeseclassic.com



"သိပ်ပြီးမလိုဘူး. . နောက်ထပ်(၁၅)မိနစ်လောက်
မောင်းရင်ရောက်ပြီ"

"ဒါဆိုရင်ဘာမှမပူနဲ့. . သူတို့လိုက်လို့မမီစေရဘူး"

ရည်စူးတွယ်တာကားကို ဂရုတစိုက်မောင်းလာစဉ်. . .

"မမတွယ်တာရှေ့မှာ သံလမ်းတံခါးပိတ်တော့မယ်"

"ဟယ်. . ."

ရည်စူးတွယ်တာတို့ကား သံလမ်းတံခါးတွင်ပိတ်မိရပ်
ဦးနန္ဒစည်လက်ကလွတ်မှာ မဟုတ်တော့တာကြောင့် ကားလီဗာ
ကို အဆုံးနင်းပြီး သံလမ်းတံခါးဆီကို မောင်းခဲ့တော့သည်။

"တူ. . ဘော်. . ."

ရထားကလည်း ဥဩဆွဲပြီး လာနေပြီဖြစ်သည်။

"ဟာ"

"ဟင်"

"ဘုရား. . ဘုရား. . ."

ကားပေါ်ပါသူအားလုံး မျက်လုံးများစုံမှိတ်ပြီး ဘုရားတ
လိုက်ကြသည်။

"ဝုန်း"

ပိတ်လက်စရထားတံခါးကို ကားနှင့်ဝင်တိုက်ပြီး သံလမ်း
ကိုဖြတ်ကျော်ခဲ့လေတော့သည်။

"ဟူး. . တော်ပါသေးရဲ့"





နောက်မှလိုက်လာသော ကားကတော့ ရထားလာနေ
သဖြင့် ရပ်ပြီး ကျန်ရစ်ခဲ့လေတော့သည်။

"မမတွယ်တာရယ်. . ဘုရားတ လိုက်ရတာ. . "

"ငါလည်း မောင်းသာမောင်းလိုက်ရတယ်. . သေပြီလို့
တောင်ထင်နေတာ. . ."

"ဇုံ. . ပြန်ပြီးအိပ်လို့ရပြီ"

"အိပ်ချင်စိတ်တောင်ပျောက်သွားတယ်"

"ကဲပါ ဇုံရယ်. . အန္တရာယ်စက်ကွင်းက လွတ်ပါပြီ. .
အိပ်လိုက်ပါ. . "

"ဟုတ်သားပဲ. . ကိုကိုကလည်း မမဆူးက စိုးရိမ်လို့အိပ်
ခိုင်းနေတာကို မူနေသေးတယ်. . အိပ်လိုက်. . "

"ဒီကောင်မလေးကတော့. . . "

ရင်မောခြင်း၊ စိုးရိမ်ခြင်းမှလွတ်မြောက်ခဲ့ကြသော
အားလုံးပြုံးရွှင်စွာဖြင့် ရယ်မောနိုင်လေသည်။

"အန္တရာယ်တွေက ရှေ့ဆက်ပြီး ကြုံရဦးမယ်ဆိုတော့
သတိရှိကြနော်. . . "

ဦးလေးမြတ်မိုးမှ အားလုံးကိုသတိပေးလိုက်လေသည်။

"ဦးလေး တစ်ခုအကြံပြုချင်တယ်"

"ပြုပါ. . ဦးလေး"

"ဦးလေးတို့ သက်ဆိုင်ရာကိုတော့ အသိပေးထားရင်



www.burmeseclassic.com

www.burmeseclassic.com



ကောင်းလိမ့်မယ်. . .”

“ဟုတ်တယ် ဖုံ. . ဆူးလည်း သဘောတူတယ်. . ဘာကြောင့်လဲဆိုတော့ ဒဏ်ဒီဟာ လောဘစိတ်တွေနဲ့အသိမဲ့ပြီး ထင်ရာတွေကိုလုပ်တော့မှာ. . ဆူးတို့မှာက ဘာလက်နက်မှပါတာမဟုတ်ဘူး. . ဒဏ်ဒီတို့ဆီမှာက လက်နက်တွေနဲ့. . .”

“ဒါဆိုလည်း နေမင်းစံအိမ်ရှိတဲ့မြို့ရောက်ရင် သတင်းဝင်ပြီး ပို့ကြတာပေါ့. . မကောင်းဘူးလား”

“ကောင်းတယ် ဖုံ”

အာရုံဖုံတို့ မောင်းလာသော ကားကလေးမှာ ခုချိန်ထိတော့ သာယာဖြောင့်ဖြူးသော လမ်းကလေးပေါ်တွင် မောင်းနှင်နေဆဲ. . .

အာရုံဖုံလည်း ဒဏ်ရာအရှိန်ကြောင့် တစ်ကိုယ်လုံး ကိုက်ခဲလာပြီး မေဝတီဆူးမခုံထက်တွင် စိတ်ချစွာဖြင့် အိပ်စက်လိုက်လေသည်။

နေမင်းစံအိမ်တွင် လောဘ၏သားကောင်ဖြစ်နေသော ဦးနန္ဒစည်နှင့်ရင်ဆိုင်ရမယ့်အန္တရာယ်တွေကို မေဝတီဆူးတစ်ယောက် တွေးရင်း ရင်ထဲမှာမွန်းကျပ်လာနေပြီ. . .

ဖခင်ဖြစ်သူရဲ့နောက်ဆုံးအချိန်တစ်ခုလို့ ထင်မှတ်လိုက်မိသည်။



မောင်းနှင်လာသော ကားကလေးမှာ အမှောင်ထုထဲသို့ ဝင်ရောက်နေပြီဖြစ်သည်။

“တွံယ်တာ. . .”

“ဆူး ဘာပြောချင်လဲ”

“ဆက်ပြီး မမောင်းဘဲ ကားကိုနားရင်ကောင်းမယ်”

“ဟုတ်တယ် သမီး. . ဒီလမ်းက ညဘက်မှမောင်းလို့မကောင်းဘူး. . .”

“ဒါဖြင့် နားလို့ရမယ့်နေရာကောင်းရောက်ရင် နားမယ်လေ”

ရည်စူးတွယ်တာတို့ရောက်နေသောနေရာက အိမ်ခြေများ ကင်းဝေးပြီး တောင်ခြေရင်းဖြစ်နေတာကြောင့် နားခိုစရာနေရာ မတွေ့သေးပေ။

“ဖုံ. . ဘယ်လိုနေသေးလဲ. . .”

“အဖျားတော့ကျသွားပြီ”

“ဟိုရှေ့မှာ ဘာဖြစ်တာလဲမသိဘူး. . မီးတွေထွန်းထား



www.burmeseclassic.com

www.burmeseclassic.com



တယ်"

ကားမီးရောင်ဖြင့် လှမ်းပြီး တွေ့လိုက်ရသော မြင်ကွင်းကြောင့် ကားကို အနီးဆုံးနေရာတွင် ရပ်လိုက်ပြီး. . .

"ရဲလေး. . ဆင်းပြီးမေးကြည့်ကွာ"

"ဟုတ်"

ရဲလေးကားပေါ်မှဆင်းပြီး မီးများထွန်းထားသော နေရာသို့ သွားလေသည်။ ခဏအကြာ. . ပြန်လာပြီး. . .

"ဘာဖြစ်တာလဲ ရဲလေး"

"မမတွယ်တာ. . တံတားကျိုးနေလို့ ကားတွေသွားလို့ မရဘူး. . ချက်ချင်းတော့ပြင်နေကြတယ်. . နှစ်ရက်လောက်တော့ ကြာမယ်ပြောတာပဲ"

"ဟင်. . ဘယ်လိုလုပ်ကြမလဲ. . ."

"တံတားက ချောင်းကိုဖြတ်ပြီး ဆောက်ထားတဲ့တံတား ဆိုတော့ ကားနဲ့ဘယ်လိုမှကူးလို့ရမှာမဟုတ်ဘူး. . ."

ကားနှင့်သွားရမယ့်ခရီးကို ကားနှင့်ဆက်ပြီးမသွားရတော့ ဘူးဖြစ်တာကြောင့် အားလုံးအကြံအိုက်ကုန်ကြတော့သည်။

"နှစ်ရက်တောင်စောင့်လို့တော့ဖြစ်မှာ မဟုတ်ဘူး"

"ဟုတ်တယ် ဖုံ. . ဘယ်လိုလုပ်မယ် စိတ်ကူးထားလဲ"

"ကားကိုတစ်နေရာမှာအပ်ပြီး တစ်ဖက်ကမ်းရောက်မှပဲ သွားရမယ့်ခရီးကို စီစဉ်ကြမယ်"





"မောင်အာရှံဖုံပြောတာ ဟုတ်တယ်. . ."

"ဒါဆို ဒီညတော့ ဒီမှာအိပ်လို့ဖြစ်ပါ့မလား. . ဦးနန္ဒစည် တို့က နောက်ကလိုက်လာရင်မလွယ်ဘူး"

"သူတို့ ဒီလမ်းအတိုင်းတော့လာမှာမဟုတ်ဘူး. . ဘာလို့လဲဆိုတော့ ဦးနန္ဒစည်က တရားခံပြေးဖြစ်နေတော့ တခြားလမ်းက ဖောက်ထွက်ရင် ချက်ချင်းတော့မရောက်နိုင်ဘူး"

"စိတ်ချရအောင် တစ်ဖက်ကိုကူးပြီး ဟိုဘက်ကမ်းရောက်မှ နားကြတာပေါ့. . ."

"အေး. . ကောင်းတယ်"

"လောလောဆယ်ကားကို အပ်ရမယ့်နေရာရှာကြမယ်"

အာရှံဖုံတို့အားလုံး ကားပေါ်မှဆင်းခဲ့ကြပြီး တားတို ချောင်းတံတားပြုပြင်နေကြတဲ့ တာဝန်ရှိသူတွေထံတွင်အပ်ခဲ့ပြီး တစ်ဖက်ကမ်းကို လှေဖြင့်ကူးခဲ့ကြလေတော့သည်။ တစ်ဖက် ကမ်းသို့ရောက်သည်နှင့် နားခိုဖို့ရာနေရာကမရှိသဖြင့် တဲအိမ် ကလေးတစ်လုံးဆီဝင်ခဲ့ပြီး အကူအညီတောင်းတော့. . .

"ဧည့်သည်တွေ အေးအေးဆေးဆေးနားချင်ရင် တို့မှာ မြင်နေရတဲ့ ခရစ်ယာန်ဘုရားကျောင်းမှာသွားပြီး တည်းလို့ရပါ တယ်. . ."

တဲပိုင်ရှင်ညွှန်ပြနေသော ဘုရားကျောင်းမှာသိပ်ပြီး မဝေး တာကြောင့် အားလုံးသဘောတူစွာ ဘုရားကျောင်းသို့ လာခဲ့



www.burmeseclassic.com

www.burmeseclassic.com



ကြလေသည်။

ကောင်းကင်ထက်တွင် လကလေးသာနေတာကြောင့် အလင်းရောင်မှာ မြေပြင်ပေါ်သို့ဖြာကျနေလေသည်။

အာရုံငုံ လက်မောင်းလေးကို မေဝတီဆူးဆုပ်ကိုင်ပြီး ကန်သင်းရိုးလေးအတိုင်းလျှောက်လာခဲ့သည်။

"သာယာလိုက်တာနော် ငုံ. . ."

"အင်း"

"ဆူးနဲ့ ငုံတို့ဘဝကလေးဘယ်တော့လောက်မှ ငြိမ်းချမ်းမှာလဲမသိဘူးနော်. . ."

"ဒီခရီးစဉ်ပြီးရင်တော့ ဆူးနဲ့ငါတို့ဘဝကလေးကို အလှပဆုံးတည်ဆောက်တော့မယ်လို့ ဆုံးဖြတ်ထားတယ်. . ဆူးသဘောကရော. . ."

"ငုံနဲ့ထပ်တူပါပဲ"

"ဟော့. . ဘာတွေနှစ်ယောက်တီးတိုး ကြိတ်ပြီးပြောနေတာလဲ. . ."

ရည်စူးတွယ်တာ သူတို့နှစ်ယောက်နားကို ရောက်လာပြီး ပြောလိုက်တာကြောင့်. . .

"ဘာရယ်မဟုတ်ပါဘူး တွယ်တာရယ်. . ငုံနဲ့ရွှေဆက်ရမယ့် ခရီးကိုပြောနေကြတာပါ. . ."

"စိတ်မကောင်းစရာ၊ ကြေကွဲစရာ၊ ဝမ်းနည်းစရာတွေပြီး





ဆုံးသွားရင်အရမ်းပျော်ဖို့ကောင်းတဲ့ ပန်းဥယျာဉ်ကြီးတစ်ခုကို ဘုရားသခင်က ဖန်ဆင်းပေးပါလိမ့်မယ်. . ."

"ရည်စူးပြောသလိုပဲ ဖြစ်ပါစေ"

"ဆူးအတွက်တော့ ဝမ်းနည်းဖို့ ကောင်းတာတွေကို တွေ့ရဦးမယ်ထင်ပါတယ်"

ရည်စူးတွယ်တာစကားက ဦးနန္ဒမည်ကို ဦးတည်ပြီး ပြောနေခြင်းဖြစ်လေသည်။

"တွယ်တာရယ်. . ကိုယ်တို့စိတ်မကောင်းရုံလွဲပြီး ဘာမှတတ်နိုင်မှာမဟုတ်ပါဘူး"

တဖြည်းဖြည်း လျှောက်လာကြရာ ဘုရားကျောင်းဝန်းထဲကိုရောက်လာကြစဉ်. . လူတစ်ယောက် အောက်လင်းဓါတ်မီးကြီးကို ကိုင်ပြီး ထွက်လာတာကိုတွေ့လိုက်ရသည်။

"ဘာကိစ္စများရှိကြလို့လဲကွဲ့"

"ကျွန်တော်တို့က ခရီးသွားတွေပါ"

"ဪ"

"ခရီးသွားရင်း တံတားပျက်နေတာနဲ့တိုးပြီး မိုးချုပ်နေလို့ ဒီမှာတစ်ညလောက်နားခွင့်တောင်းမလို့ပါ. . ."

"ဪ. . ရပါတယ်. . ဖာသာကိုသွားပြီး ပြောလိုက်ဦးမယ်"

"ဟုတ်ကဲ့"



www.burmeseclassic.com

www.burmeseclassic.com



မီးအိမ်ကိုင်ဆွဲထားတဲ့လူကြီး ဘုရားကျောင်းထဲသို့ ပြန်ဝင်သွားပြီး ခဏကြာတော့ ပြန်ပြီး ထွက်လာသေသည်။

"ကဲ. . ဦးလေးနဲ့လိုက်ခဲ့ကြ"

လူကြီးခေါ်ဆောင်ရာနောက်ကို လိုက်ခဲ့ကြရင်း ဘုရားကျောင်းနောက်ဘက်မှ အိမ်ငယ်တစ်လုံးဆီသို့ ရောက်ခဲ့ ကြလေသည်။

"အေးအေးဆေးဆေးနားကြကွယ်"

"ကျေးဇူးတင်ပါတယ်"

"ရပါတယ်. . ဘုရားသခင်ရဲ့မေတ္တာရိပ်အောက်မှာ ရှိကြတဲ့လူသားတွေဟာ တစ်ယောက်ပေါ် တစ်ယောက် မေတ္တာထားနိုင်ကြရမှာပေါ့. . . "

အောက်လင်းဓါတ်မီးကြီးနှင့်ထိုလူကြီးကို သေချာစွာကြည့်လိုက်တော့ လက်တစ်ဖက်မှာအတုကြီးကို တပ်ထားခြင်းဖြစ်သည်။

အပြင်ကိုထိုလူကြီးပြန်ထွက်သွားပြီး ငှက်ပျောသီးတစ်ဖီးနှင့် ဓါတ်ဗူးကိုယူလာပေးလေသည်။

"ခွက်ကတော့ ဒီမှာရှိတယ်. . ကဲ. . ဗိုက်ဆာလာကြမယ်စားကြ. . ကော်ဖီကြိုက်ရင် ကြောင်အိမ်ထဲမှာ ကော်ဖီမှုန့်ရောနို့ဆီသကြားတွေရှိတယ်. . ဖျော်သာသောက်. . . "

"ဟုတ်ကဲ့"





သီရိသော်တာနှင့်ရဲလေးက ကော်ဖီကြိုက်သူများဖြစ်တာကြောင့် ကြောင်အိမ်သို့ သွားကာဖျော်နေကြပြီး၊ လက်အတုလူကြီးနှင့် အာရှံဖုံတို့ ဝိုင်းဖွဲ့ထိုင်နေရင်း ရည်စူးတွယ်တာမှ. .

"စပ်စုတယ်မထင်နဲ့နော်. . ဦးလေးလက်က ဘာဖြစ်တာလဲ"

"ကျိန်စာသင့်တာ. . . "

"ရှင်"

"ဟင်"

လူကြီးစကားကြောင့် အားလုံးအံ့အားသင့်သွားလေတော့သည်။

"ဘယ်လိုကျိန်စာလဲ ဦးလေး. . . "

"ဒီအကြောင်းတွေကိုပြောရင်တော့ ခပ်ရှတ်ရှတ်ပဲတွဲ."

"ပြောပြပါလား ဦးလေး"

ရည်စူးတွယ်တာက သတင်းထောက်ပီပီမေးနေလေသည်။

"ဦးလေးနာမည်ကစောအယ်(လ်)ထူး တရင်လူမျိုး တစ်ယောက်ပေါ့၊ လွန်ခဲ့တဲ့အနှစ်(၂၀)လောက်တုန်းက နေမင်းစံအိမ်ကြီးမှာ အလုပ်လုပ်ခဲ့တဲ့သူ"

"ဗျာ"

"အယ်"

www.burmeseclassic.com



"ဟင်"

နေမင်းစံအိမ်ဆိုတဲ့ အမည်ပါထပ်ပြီးပါလာတာကြောင့် ပိုပြီးအံ့ဩနေပြန်တော့သည်။

"နေမင်းစံအိမ်ကြီးမှာ ဦးလေးက ဘာလုပ်ရတာလဲ"

"အင်း. . ပြောရရင် နေမင်းစံအိမ်ရဲ့သုသာန်စောင့်ဖြစ်သလို နေမင်းစံအိမ်က လူတွေကိုဂူသွင်းပေးရတဲ့လူတစ်ယောက်ပါ"

"ဩော်. . ."

"ဒီလက်ဖြစ်ခဲ့ရတာလည်း ဦးလေးရဲ့အစားငမ်းတဲ့အပေါ်မှာ ဘုရားသခင်က ဒဏ်ခတ်ခဲ့တဲ့သဘောဖြစ်သလို နေမင်းစံအိမ်ကြီးရဲ့ကျိန်စာမိခဲ့တာဖြစ်မယ်လေ. . ."

ဦးစောအယ်(လ်)ထူးစကားကို ခဏရပ်ပြီး ရေနွေးခွက်ကို မော့သောက်ကာ. . .

"ဦးလေးက မြွေသားဆိုရင်အရမ်းကြိုက်တဲ့လူ. . နေမင်းစံအိမ်မှာရှိကြတဲ့လူတွေက မြွေကြောက်သလောက် ဦးလေးကတော့ မြွေတွေ့ရင်နေလို့မရဘူး. . ဘယ်လိုစားရမလဲဆိုတာကိုပဲစဉ်းစားနေတဲ့လူ. . ဒီလိုနဲ့တစ်နေ့မြွေမစားရတာတစ်လကျော်လောက်ရှိတော့ မြွေသားကို အရမ်းစားချင်နေတာ. . ဖြစ်ချင်တော့ လက်ကောက်ဝတ်လောက်ရှိတဲ့မြွေတစ်ကောင်က သင်္ချိုင်းကဂူတွေကြားထဲမှာ ဖြတ်ပြီးပြေးတာကို တွေ့ပြီးနောက်ကနေ





မရမကလိုက်တော့တာပေါ့. . မြွေက ဂူတစ်ဂူရဲ့ဘေးပေါက်ကနေဝင်သွားတော့ ဘာဆက်လုပ်ရမှန်းမသိဘဲဖြစ်နေတာ. . မြွေကိုမြင်ပြီး မစားရတာကိုဘယ်လိုမှကျေနပ်လို့မရနိုင်အောင်ဖြစ်ပြီး ဂူကြီးကိုဖောက်မယ်လို့ဆုံးဖြတ်ပြီးဖောက်ခဲ့တယ်. . ဂူရဲ့နောက်ဘတ်ကို တူရွင်းနဲ့ပေါက်လိုက်တာနဲ့. . ဂူတွေဟာ မွဲမသွားဘဲနဲ့ အံ့ဖွယ်တံခါးကြီးကိုတွေ့လိုက်ရတယ်"

"ဟင်"

"ပထမတော့ ဝင်သင့်မဝင်သင့် စဉ်းစားနေသေးတယ်. . နောက်တော့စိတ်က ဘာဖြစ်သွားလဲမသိပါဘူး. . ဂူထဲက အံ့ဖွယ်တံခါးအတိုင်းဝင်ခဲ့တယ်. . ဂူသဏ္ဍာန်သာလုပ်ထားပြီးမြေအောက်လှေကားတွေကိုတွေ့ခဲ့ရတယ်. . ဦးလေးလည်း အမှောင်ထဲမှာ ဆက်ပြီးလျှောက်ခဲ့ပေမယ့် အရမ်းမှောင်လာသလို အသက်ရှူလည်းကျပ်လာတာနဲ့ ဆက်မသွားဘဲ အပေါ်ပြန်ပြီးအတက်မှာ လက်ကို မြွေကိုက်ခြင်းကိုခံခဲ့ရတယ်. . နေမင်းစံအိမ်ကြီးရဲ့ သုသာန်ထဲကနေ အပြင်ကိုရောက်ရော သတိလစ်တော့တာပဲ၊ သတိပြန်ရတော့ ဦးလေးလက်တစ်ဖက်မရှိတော့ဘူးကွယ်. . မြွေဆိပ်တွေဆက်ပြီးမတက်နိုင်အောင် လက်ကိုဖြတ်ပစ်လိုက်တယ်လို့ပြောတယ် ဒီနောက်တော့ ဦးလေးလည်း ဒီဘုရားကျောင်းမှာ အပြစ်တွေကိုဆေးကြောပြီး နေထိုင်ခဲ့တာပါပဲကွယ်. . ."



www.burmeseclassic.com

www.burmeseclassic.com



ဦးမြတ်မိုးမှ အာရုံ၌ မျက်နှာကို လှမ်းကြည့်ပြီး ဦးစောအယ်(လ်)ထူးကို. . .

"ခင်ဗျားဒီဂူကိုမှတ်မိလား"

"အင်း . . မှတ်မိတယ် . . ဂူက တခြားဂူတွေနဲ့မတူဘူး . . ထူးခြားတာရှိတယ်. . ."

"ဘာတွေထူးခြားလဲ"

"ပထမထူးခြားတာက ဂူပေါ်မှာထိုးထားတဲ့ကမ္ပည်းပဲ"

"နာမည်ရေးထားတာလား"

"မဟုတ်ဘူး . . နေမင်းစံအိမ်မှာ သေဆုံးတဲ့လူတွေရဲ့ နာမည်ကိုဘယ်တော့မှကမ္ပည်းမထိုးဘူး. . နေမင်းပုံစံလေးပဲလုပ်ထားတယ်. . အဲဒီဂူရဲ့နေမင်းတံဆိပ်ဟာ ဂူရဲ့ညာဘက်ထောင့်မှာမသိမသာလေးရောက်နေတာရယ်. . ဒုတိယထူးခြားတာက ဂူရဲ့ခြေရင်းမှာ အမှတ်တမဲ့ကြည့်ရင်မမြင်နိုင်တဲ့ နေမင်းပုံစံတူလေးရှိနေတယ်. . ."

"ဪ"

"တစ်ခုထပ်ပြောရဦးမယ်. . ."

"ဘာများလဲ ဦးလေး"

"ဒီလိုဂူမျိုးတစ်လုံးရှိသေးတယ်. . ."

"ဟင်"

"ဒါပေမယ့် ကွဲခြားတာက ဂူခြေရင်းမှာရှိတဲ့နေမင်းတံဆိပ်





ပုံလေးက ညာဘက်နဲ့ဘယ်ဘက်"

"ဦးလေးတွေ့ခဲ့တဲ့ဂူက. . ."

"ညာဘက်မှာနေမင်းတံဆိပ်ရှိတဲ့ဂူပဲ"

အာရုံဖို့တို့ဘုရားကျောင်းကို အမှတ်မထင်ရောက်ခဲ့ခြင်းသည် များစွာအကျိုးရှိနေခဲ့လေပြီဖြစ်သည်။

အားလုံးမျက်နှာတွင်မျှော်လင့်ချက်ကင်းဝေးနေရာမှ ပြန်လည်ရှင်သန်ခဲ့ကြသော မျက်နှာအသွင်အပြင်များဖြစ်ကြလေတော့သည်။

www.burmeseclassic.com

www.burmeseclassic.com

နေမင်းစံအိမ်ရှိသော မြို့လေးသို့ရောက်သောအခါ. . သက်ဆိုင်ရာတာဝန်ရှိသူများကို သတင်းပို့ပြီး သိရှိသော်တာ နှင့်ရဲလေးကို ထားရစ်ခဲ့ကြသည်။

အာရုံဖုံတို့(၄)ယောက်ကတော့ နေမင်းစံအိမ်ကြီးဆီကို အမြန်ဆုံးထွက်လာခဲ့ကြလေသည်။ တောင်အောက်မှ နေမင်းစံအိမ်ရဲတိုက်ကြီးကိုလှမ်းပြီး တွေ့နေကြရလေသည်။

"ဆူး တက်နိုင်ရဲ့လား. . ."

"ရပါတယ်"

"သတိထားပြီးတော့ တက်ကြဟေ့. . လှေကားထစ်တွေ ဆွေးနေပြီ. . ."

ဦးမြတ်မိုးမှ သတိပေးစကားပြောပြီး တောင်ထိပ်ရှိ နေမင်းစံအိမ်ဆီကို တက်ခဲ့ရင်း. . .

"ဦးလေး မြတ်မိုး"

"ဘာလဲ တွယ်တာ"

"ဟိုမှာမြင်နေတဲ့ကြာကန်ကြီးက သဥ္ဇာဒေဝီနဲ့ဒေါနတို့





တွေ့ဆုံခဲ့ရတဲ့ကန်ကြီးထင်တယ်. . ."

"ဟုတ်တယ်တဲ့"

"ခုထိ ရေကန်ကြီးကကြည်လင်နေတုန်းပဲနော်. . ."

"ဒီနားမှာရှိကြတဲ့ရွာသားတွေက ကြာကန်ကြီးကိုမလာကြဘူးလေ"

"ဘာဖြစ်လို့လဲဟင်. . ."

"ဒီကြာကန်ကြီးက ကျိန်စာတွေရှိတယ်ဆိုပြီး အယူလွဲကြတာ. . အမှန်တော့ တိုက်ဆိုင်မှုတွေပါကွယ်"

"တိုက်ဆိုင်မှုဆိုတာ ဘာတွေလဲ. . ."

"ကဲ. . ခဏနားပြီးပြောပြတာပေါ့"

(၄)ယောက်သား တောင်ကုန်းအလယ်တွင် ထိုင်ပြီးနားလိုက်ရင်း. . .

"ဒီလိုကွဲ့ ပထမဦးဆုံးဖြစ်ခဲ့တာက ဒီကြာကန်ကြီးမှာ ချစ်သူနှစ်ယောက်လာပြီး ချိန်းတွေ့ကြရင်း ကောင်မလေးက ကြာပန်းယူချင်တယ်ပြောတာနဲ့ကောင်လေးကကြာပန်းဆင်းခူးရင်း ခြေထောက်ကို ကြာရိုးတွေက ပတ်သလိုဖြစ်သွားရင်း ရေနစ်ခဲ့တယ်. . ဒါကို ကောင်မလေးက သူ့ချစ်သူကို ဆင်းပြီးဆွဲရင်း နှစ်ယောက်လုံးသေခဲ့တာပဲ. . ."

"ဪ"

"နောက်တစ်ခုကတော့ ဒီကန်ကြီးမှာ ချစ်သူနှစ်ယောက် အိမ်ကသဘောမတူလို့ မိုက်မိုက်ရူးရူး ရေထဲခုန်ချပြီးသေခဲ့ကြ



www.burmeseclassic.com

www.burmeseclassic.com



တယ်. . ဒီလိုတွေဖြစ်ပြီးသိပ်မကြာဘူး. . ကောင်မလေးတစ်ယောက်က ကြာတွေဆင်းခူးရင်း ရေနစ်သေပြန်တယ်ကွာ. . ဒီကတည်းက ဒီကန်ကြီးဟာ ကျိန်စာတိုက်ခဲ့တဲ့ကန်ကြီးဆိုပြီး ဘယ်သူမှမလာကြတော့ဘူး. . ."

"လူတွေရဲ့အယူလွဲမှားမှုပေါ့နော်. . ."

"သေချာတာပေါ့ တူမရယ်. . ဒို့မြန်မာလူမျိုးတွေဟာ အဲဒီသရဲတစ္ဆေဆိုတဲ့အရာတွေ ကျိန်စာတွေကို အရမ်းယုံကြည်မှုလွန်ကဲပြီး တကယ့်ဖြစ်ရပ်ရဲ့အမှန်တရားကို မရှာဖွေကြတော့ဘူး. . အထူးသဖြင့် ခုလိုမြို့နဲ့အလှမ်းဝေးကြတဲ့ ကျေးရွာတွေမှာဆို ရိုးရာအစွဲတွေ၊ နတ်၊ တစ္ဆေတွေကို သိပ်ပြီးယုံကြည်ကြတယ်. . ဒါကြောင့်လည်း လူလိမ်ဆရာတွေရဲ့ လိမ်ညာခြင်းကို ခံနေကြရတာပေါ့. . ."

စကားလည်း ဆုံးခဲ့သလို အမောလည်း ပြေသွားပြီဖြစ်တာကြောင့်. . .

"ကဲ. . ဆက်ပြီးတက်ကြရအောင်"

"ဟင်. . ဦးလေးမြတ်"

"ဘာလဲ အာရုံဇံ"

"ဒီမှာခြေရာတွေ. . ."

အာရုံဇံ ပြလိုက်သော နေရာကိုကြည့်လိုက်တော့ ရှူးဖိနပ်ရာတွေကို တွေ့နေရလေသည်။

"နန္ဒစည်တို့ အရင်ရောက်နေပြီထင်တယ်"





"ဖြစ်နိုင်တယ်"

"ဒါဆိုရင်တော့ ခပ်သွက်သွက်လေးတက်မှဖြစ်မယ်ဟေ့. . ."

အာရုံဇံတို့(၄)ယောက် တောင်ပေါ်ရဲတိုက်ဆီသို့ရောက်သည့်အချိန်တွင် ခြံဝန်းကြီးထဲတွင် ဘာအရိပ်အယောင်မှ မတွေ့ရပေ. . .

"ဇံ"

"ဆူး"

"ဆူးတို့ရောက်တာ နောက်ကျသွားပြီလား. . ."

"မကျနိုင်ဘူး"

"ဘာကြောင့်လဲ"

"ခြေရာတွေက အတက်ခြေရာတွေ၊ အောက်ကိုဆင်းတဲ့ခြေရာတွေမဟုတ်ဘူး"

"နေမင်းစံအိမ်ကြီးထဲ ရောက်နေကြပြီနဲ့တူတယ်"

"ဖြစ်နိုင်တယ် တွယ်တာ"

"သချိုင်းက ဘယ်နေရာမှာလဲ. . ."

"အိမ်ကြီးရဲ့နောက်ဘက်ခြမ်းမှာ. . သွားကြမယ်"

နေမင်းစံအိမ်ကြီး နောက်ဘက်သို့သွားမည်အပြု. . .

"ရပ်ကြစမ်း"

"ဟင်"



www.burmeseclassic.com

www.burmeseclassic.com



"ဟာ. . ."

အိမ်ကြီးထဲမှ သေနတ်ကိုင်ထားသော လူနှစ်ယောက်ကို တွေ့လိုက်ရသည်။

"မင်းတို့လာမယ်ဆိုတာ ကြိုပြီးသိလို့ ဆရာကြီးကစောင့်ခိုင်းထားတာ. . ကောင်းကောင်းမွန်မွန်အိမ်ထဲကို လိုက်ခဲ့"

သေနတ်သမားနားသို့ အညွှဲခဲ့သည့်အသွင်ဖြင့် လက်မြှောက်ကာ ကပ်လိုက်ပြီး. . .

"ကဲ"

အာရုံဖုံ လူဆိုးလက်ထဲမှသေနတ်ကိုလုယူသလို ဦးမြတ်မိုးမှလည်း ဘေးမှလူဆိုးကို ကိုယ်ဖြင့်ဝင်တိုက်လိုက်လေသည်။ မြေပြင်ပေါ် သို့လဲကျသည်နှင့် ရည်စူးတွယ်တာက လျှင်လျှင်မြန်မြန်ပင် တွေ့တဲ့တုတ်ဖြင့်ရိုက်ချလိုက်လေသည်။

"ဒိုင်း"

"ဟာ"

အိမ်ကြီးထဲမှသေနတ်သံထွက်ပေါ် လာတာကြောင့် (၄) ယောက်စလုံးအိမ်ကြီးနောက်ဘက်သို့ ပြေးကြရသည်။

"ဟေ့ကောင်. . ဆက်ပြီးမလိုက်နဲ့. . ဒီကောင်တွေ အိမ်ထဲမဝင်နိုင်အောင်သာစောင့်နေကြ. . ကြားလား. . ."

"ဟုတ်ကဲ့"

အာရုံဖုံတို့နောက်ကိုဆက်ပြီးမလိုက်တာကြောင့် အသက်





ရှူချောင်သွားကြသည်။

နေမင်းစံအိမ် သင်္ချိုင်းဂူတွေဆီကိုရောက်တော့. . .

"လူစုခွဲပြီးရှာကြမယ်. . ဦးစောအယ်(လ်)ထူး ပြောခဲ့တာကို မှတ်မိတယ်မဟုတ်လား. . ."

"အင်း"

ဂူတွေက တန်းစီပြီးလုပ်ထားခြင်းမဟုတ်ဘဲ တစ်နေရာစီလုပ်ထားတာကြောင့် ဘယ်နေရာဆိုတာကို တိတိကျကျပြောဖို့ ခက်လှသည်။ ဂူတွေက အများကြီးမို့ ဆူးနှင့်ဖုံက တစ်တွဲ၊ ဦးမြတ်မိုးနှင့်ရည်စူးတွယ်တာတို့ကတစ်ဖွဲ့ခွဲပြီး နဒီရိုဝက်လောက်ရှာတော့. . .

"ဖုံ. . ဒီမှာ"

"ဟင်"

ဦးစောအယ်(လ်)ထူး ပြောသောအချက်(၃)ချက်နှင့် ကိုက်ညီတာကြောင့်. . .

"ရည်စူး. . တွေ့ပြီဟေ့. . ."

ဦးမြတ်မိုးနှင့်ရည်စူးတွယ်တာပါ ရောက်လာကာ. . .

"ဘယ်လိုဖွင့်မလဲ. . ."

သူတို့ဆီတွင် ဘာပစ္စည်းမှပါမလာတာကြောင့် ချိုးဖျက်ပြီးဖွင့်ဖို့မဖြစ်နိုင်တာကြောင့်. . အားလုံးအကြံအိုက်နေလေသည်။

ဖုံက ဂူနောက်ဘက်ကို တွန်းကြည့်ပေမယ့် ဘယ်လိုမှရွေ့



www.burmeseclassic.com

www.burmeseclassic.com



လျှားခြင်းမရှိပေ. . ရည်စူးတွယ်တာစိတ်ပျက်စွာဖြင့် ဂူကြီးရဲ့ နေမင်းတံဆိပ်ကို လက်ဖြင့်ထောက်ကာ ငေးကြည့်နေစဉ်. . .

"ကျွီ. . ."

"ဟယ်. ."

"ဟင်"

ဂူနောက်ဘက်မှ အံ့ဝှက်တံခါးကြီးပွင့်သွားလေသည်။ အထဲကို လှမ်းကြည့်တော့ မှောင်မဲနေပြီး ဘာမှမမြင်ရပေ. . အသင့်ယူလာသော ဓါတ်မီးတွေကို အသုံးပြုပြီး အထဲကိုဝင်ရန် ပြင်ကြတော့သည်။

ရှေ့ဆုံးမှ အာရုံ့နောက်တွင် မေဝတီဆူး ရည်စူးတွယ်တာနှင့် ဦးမြတ်မိုးမှနောက်ဆုံးကနေလိုက်ခဲ့လေသည်။ မြေအောက် လိုဏ်ဂူကြီးမှာ တဖြည်းဖြည်းအေးစိမ့်လာပြီး အသက်ရှူလို့မဝ အောင်ဖြစ်လာသည်။

"ဆူး. . ရရဲ့လား"

"ရတယ် ဖုံ"

လှေကားထစ်များ ဆုံးသွားသည်နှင့်. . စီးဆင်းနေသော ရေတွေကိုတွေ့လိုက်ရသည်။

"ထူးဆန်းတယ်နော်"

"ဒီရေစီးကြောင်းက မြေကြီးထဲမှာရှိတဲ့ရေကြောတစ်ခု ကနေ လာတာပဲဖြစ်မယ်. . ."





"ရေတွေက စိမ့်ပြီးအေးနေတာပဲ"

"ဖုံ သတိထားပြီးသွား. . ."

"ဟုတ်ကဲ့"

ရေစီးကြောင်းအတိုင်းလျှောက်လာရင်း လမ်းကဆုံးသွား လေသည်။

"ဟာ"

ဘေးနံရံတွေကို ဓါတ်မီးဖြင့်ထိုးပြီး လမ်းစကိုရှာပေမယ့် ဘာမှထူးခြားတာကိုမတွေ့ရပေ. . .

"အာရုံ. . ."

"ရည်စူး ဘာလဲ"

"ရေစီးတာတော့ မတန့်ဘူးနော်. . ."

"ဟုတ်တယ်. . ကျောက်နံရံအောက်ထဲသို့စီးဆင်းနေ တယ်"

"ဖုံ. . ဟိုမှာကြည့်စမ်း. . ."

မေဝတီဆူးလှမ်းပြလိုက်သော နံရံကိုကြည့်လိုက်တော့ ပင့်ကူအိမ်ကြီးတစ်ခု ကျောက်နံရံတွင် တပ်လျက်ကို တွေ့လိုက် ရသည်။

"ပင့်ကူအိမ်ကြီးလေ ဆူး. . ."

"ဒီပင့်ကူအိမ်ကြီးက ထူးခြားတယ် ဖုံ"

"ဘာတွေထူးခြားနေတာ ဆူးကတွေ့လို့လဲ"



www.burmeseclassic.com

www.burmeseclassic.com



"ပင့်ကူကြီးက ဒီလောက်အသံတွေ၊ မီးရောင်တွေကြားမှာ လှုပ်မှမလှုပ်တာ. . ."

မေဝတီဆူးစကားကြောင့် အာရုံဖုံ ပင့်ကူအိမ်ကြီးကို အနီးကပ်ကြည့်လိုက်သည်။ ပင့်ကူအိမ်ကြီးက အာရုံဖုံခေါင်းနားလောက်တွင် ရှိနေလေသည်။

"ဦးလေးမြတ်မိုး. . ကျောက်နဲ့ထွင်းထားတဲ့ ပင့်ကူရုပ်ကြီး ပင့်ကူမျှင်တွေက အပျော့စားကြိုးတွေနဲ့လုပ်ထားတာ. . ."

"လက်ရာကတော့ အရမ်းမြောက်တယ်"

အာရုံဖုံ ပင့်ကူကြီးကို ကိုင်ပြီးဖြုတ်ပေမယ့် မရတာကြောင့် လှည့်လိုက်တော့မှ. . .

"အယ်"

ကျောက်နံရံတွင် လူတစ်ကိုယ်စာအပေါက်တံခါးကြီး ပွင့်သွားသဖြင့်. . အာရုံဖုံ ဓါတ်မီးနဲ့ထိုးကြည့်လိုက်သည်။

"အပေါ်ကိုတက်တဲ့ သံလှေကားတွေကို ကျောက်နံရံမှာ စိုက်ထားတာပဲ. . ."

အာရုံဖုံ အပေါက်ဝပေါ် သို့အရင်တက်ကာ မေဝတီဆူးနှင့် ရည်စူးတွယ်တာတို့ကို ဆွဲတင်လိုက်လေသည်။ (၄)ယောက်လုံးအပေါ် ကိုရောက်သည်နှင့် ကျောက်နံရံတွင်ချိတ်ထားသော သံလှေကားအတိုင်း တက်ခဲ့ကြလေသည်။

သံလှေကားဆုံးသွားသည်နှင့်. . .





"ဟာ"

မျက်လုံးများကျိန်းစပ်မတတ်အလင်းတန်းတစ်ခုက မျက်လုံးထဲသို့ ဝင်ရောက်လာသည်။

"အမှောင်ထဲကလာခဲ့တော့ အလင်းကိုချက်ချင်းတွေ့ရင် မျက်လုံးတွေပြာစေတတ်တယ်. . ဖုံ ချက်ချင်းမသွားနဲ့ မျက်လုံးကိုအနားပေးပြီးမှ သွား. . ဒီအလင်းတန်းကတိုက်ရိုက်လာတဲ့ အလင်းရောင်မဟုတ်ဘူးကွ. . နေကနေတစ်ဆင့် အလင်းပြန်အောင်လုပ်ထားတာ. . ."

အာရုံဖုံတို့ ခဏနေပြီးမှ အလင်းတန်းကို ဖြတ်ကျော်ခဲ့လေသည်။ တော်တော်ကြာအောင်လျှောက်လာတော့မှ တံခါးပေါက်ဝတွင် ဒေါင်းရုပ်နှစ်ရုပ်ကိုတွေ့လိုက်ရတော့သည်။

"ဒါ. . အိမ်ကြီးထဲကိုဝင်တဲ့တံခါးပေါက်ဖြစ်မယ်"

ဒေါင်းရုပ်ကြီးနားကိုသေချာစွာကြည့်ပြီး တံခါးကို နည်းမျိုးစုံနဲ့ဖွင့်သော်လည်း ပွင့်မလာ. . .

"သော့နဲ့များလုပ်ထားတာလားမသိဘူး ဖုံ"

"မဖြစ်နိုင်ဘူး ဆူး. . ရှေးလူကြီးတွေက သော့ကိုအသုံးပြုကြတာနည်းတယ်. . လျှို့ဝှက်ခလုတ်တွေနဲ့ လုပ်ထားကြတာများတယ်. . ဒီဒေါင်းရုပ်နှစ်ကောင်မှာ တံခါးရဲ့လျှို့ဝှက်ချက်တော့ရှိရမယ်. . ."

ရည်စူးတွယ်တာကတော့ နှံ့နှံ့စပ်စပ်ရှာဖွေပြီး ဗမ်းသပ်



www.burmeseclassic.com

www.burmeseclassic.com



နောက်ဆုံးမေးမယ်. . လာမလား မလာဘူးလား. . .”

“သမီးကိုဒက်ဒီ သတ်ချင်သတ်. . သမီးမလာနိုင်ဘူး”

“အေး. . မင်းတို့အားလုံးကို သတ်ပြီး နေ့မင်းစံအိမ်ကြီးထဲမှာထားခဲ့မယ်ဟေ့. . ကဲကွာ. . .”

“ဒိုင်း”

“ဖုံ. . အ. . .”

“ဆူး”

လောဘရမ္မက်ကြီးနေသော ဦးနန္ဒစည်တစ်ယောက် ကိုယ်မွေးထားတဲ့သားသမီးအရင်းကိုတောင် စာနာခြင်းမရှိတော့ပေ. . .

“ကဲ. . သေကြစမ်း”

“ဒိုင်း. . ဒိုင်း. . .”

လက်ထဲမှာရှိနေသော သေနတ်နှင့်အဆက်မပြတ်ပစ်နေတာကြောင့် အာရုံဖုံ ဆူးကိုဖက်ထားပြီး ကျောက်နံရံတွင် ပုန်းကွယ်နေရလေတော့သည်။

“ဆူး. . .”

“ရတယ်. . ဖုံ. . အား. . . ကျွတ်. . ကျွတ်. . .”

မေဝတီဆူးရင်ဘတ်တွင်သွေးများက စီးယိုကျနေလေပြီ။

“အာရုံဖုံ. . .”

“ဦးလေးမြတ်မိုး. . .”





“အမြန်ဆုံးထွက်တော့. . ဟိုမှာတွေ့လား. . .”

“ဟင်”

အုတ်နံရံများသည် သေနတ် ပွဲတင်သံကြောင့် အက်ကွဲလာနေလေပြီဖြစ်သည်။

“အိမ်ကြီးပြိုတော့မယ့် အခြေအနေကွ. . .”

“ဟုတ်မယ်”

“ချောက်. . ချောက်. . .”

“ဟိုကောင်. . သေနတ်ပေးစမ်း”

တပည့်လုပ်တဲ့သူဆီက သေနတ်ကိုယူပြီး ဆက်ပစ်မည်အပြု. . .

“ဝုန်း”

အခန်းအပေါ် နံရံကြီးမှာ ပြိုကျလာနေတော့သည်။ ထိုအခြေအနေကို အခွင့်ကောင်းယူကာ အာရုံဖုံ ဆူးကိုပွေ့ပြီး တိုက်ကြီးထဲမှအမြန်ဆုံးပြန်ပြီး ထွက်ခဲ့ကြလေတော့သည်။

“ဝုန်း”

အာရုံဖုံတို့နောက်ဘက်မှ ပြိုကျသံများတို့ နားတွဲမတတ်ကြားနေရလေသည်။ အာရုံဖုံတို့ လာခဲ့သော လမ်းတွေမှာလည်း ကျောက်တုံးများဖြင့် ပိတ်ကုန်လေပြီ. . .

“ဖုံ. . ဆူးကို ထားရစ်ခဲ့ပါ. . .”

“ဆူး. . ငါမထားခဲ့နိုင်ဘူး။ သေလည်း အတူတူသေမယ်”

www.burmeseclassic.com

www.burmeseclassic.com



"ဆူး..ဘာမှစိတ်အားမငယ်နဲ့ ဒီတစ်တွေသေတူရှင်တူပဲ"

"ဝေါ..."

"ဟာ"

ခပ်လှမ်းလှမ်းမှရေစီးသံကြီးကို ကြားလိုက်ရပြီး အာရှံ့တို့(၄)ယောက်လုံးကို ရေစီးကြောင်းကြီးက တိုက်ယူသွားခဲ့လေတော့သည်။

"ရှံ့"

"ဆူး..."

"ရည်စူး..."

တစ်ယောက်ကိုတစ်ယောက် အသံပြုသော်လည်း အရှိန်ပြင်းလှသော ရေစီးကြီးကြောင့် လူစုကွဲသွားလေသည်။ အာရှံ့ကတော့ မေဝတီဆူးကို တင်းကျပ်စွာဖက်ထားပြီး ရေစီးအတိုင်းစီးဆင်းပါခဲ့လေသည်။

"ဝုန်း"

ရေစီးသောဂူပေါက်တစ်ခုမှ အောက်ဘွင်ရှိသော စမ်းချောင်းငယ်ထဲသို့ ပြုတ်ကျသွားလေတော့သည်။

"ဆူးဂု..ဆူး..ဆူး..."

ဆူးကို အာရှံ့ ပွေ့မပြီး ခေါ်ပေမယ့် မေဝတီဆူးထံမှ အသံမပြုတော့ချေ။ ဒါပေမယ့် အသက်တော့ရှူနေသေးသည်။

"ရည်စူး..ဦးလေးမြတ်မိုး..."





"မောင်အာရှံ့"

"ဟင်"

ဦးလေးမြတ်မိုး ကျောက်တုံးတစ်ခုဆီမှ ထလာသည်။

"ရည်စူးတွယ်တာရော..."

"မသိဘူး"

"ရည်စူး..ရည်စူး..."

အာရှံ့ အသံကုန်ဟစ်ပြီး ခေါ်ပေမယ့် ရည်စူးတွယ်တာထံမှ တုံ့ပြန်သံကိုမကြားရဘဲ..

"ဟား..ဟား..ဟား..ဒီမှာကွ..."

"ဟင်..ဦးနန္ဒစည်"

ရည်စူးတွယ်တာကို ချုပ်ပြီး သေနတ်နှင့်ချိန်ထားသော ဦးနန္ဒစည်ကို တွေ့လိုက်ရလေသည်။

"မင်းတို့ဟာ ငါ့ရဲ့ဂြိုဟ်ဆိုးတွေ..."

"ခင်ဗျားရဲ့မိုက်မဲယုတ်မာမှုဒဏ်ကို ခင်ဗျားခံစေရမယ်"

"အာရှံ့..မလာနဲ့"

အာရှံ့ အံကိုကြိတ်ပြီး ဦးနန္ဒစည်ထံကိုပြေးဝင်ခဲ့လေသည်။

"ဒိုင်း"

"အား"

ဦးနန္ဒစည်ရဲ့သေနတ်ကျည်ဆံမှာ အာရှံ့ ပေါင်ကို



www.burmeseclassic.com

www.burmeseclassic.com



ထိမှန်သွားပြီး လဲကျသွားသည်။

"သေစမ်းကွာ. . ."

"ဒိုင်း"

"အား"

"ဦးနန္ဒစည်ခင်ဗျားမလှုပ်နဲ့နော်. . ."

"ဟင်"

စမ်းချောင်းတစ်ဖက်မှ ရဲတပ်ဖွဲ့ဝင်များရောက်လာပြီး လက်မောင်းကို သေနတ်ထိမှန်သွားသော ဦးနန္ဒစည်ကိုဖမ်းဆီးထားလိုက်လေသည်။

"အာရုံ"

"ရည်စူး. . ဆူး ကို. . ဆေးရုံပို့ဖို့လုပ်ပါ. . ."

ဆူးရှိရာသို့ အာရုံဇုံ အားထင်လျှောက်ရင်း လဲကျသွားလေသည်။

"အာရုံ. . ."

ရည်စူးတွယ်တာ ခေါ်သံကို ကြားပေမယ့် ချစ်သူရှိသောနေရာကိုသာ စိတ်ရောက်နေပြီး အားစာင်းလာပေမယ့် မျက်လုံးမှာ ပြာဝေပြီး လောကကြီးအမှောင်ကျသွားလေတော့သည်။



"ဇုံရေ. . ဟေး. . ဇုံ. . ."

"ဟင်"

အာရုံဇုံ နားထဲသို့ တိုးဝင်လာသော ခေါ်သံလေးကြောင့် မျက်လုံးစုံကို ဖွင့်ကြည့်ပေမယ့် ဘာကိုမှမတွေ့ရပေ. . ဒါပေမယ့် ဇုံနှလုံးသားထဲတွင် မေ့ပျောက်လို့မရနိုင်တဲ့ အသံလေးတစ်ခုဖြစ်နေတာမို့ ဇုံ မှတ်မိနေသည်။

"ဆူး. . ဆူး. . မင်း. . မင်း. . ဘယ်မှာလဲ. . ဘယ်မှာလဲ"

"ဇုံရယ်. . ဆူးကိုမမြင်တော့ဘူးလား. . ဇုံရဲ့ပြတင်းပေါက်ဘေးမှာ ဆူးရောက်နေတယ်လေ. . ."

"ငါ ဘာမှမတွေ့ရဘူး. . ဆူးရယ်. . ."

"ဇုံ. . ဆူးကို မြင်ခွင့်မရှိတော့ပါဘူး. . ."

"ဇုံနဲ့ဆူးတို့က ဘဝချင်းခြားသွားကြပြီ မဟုတ်လား"

"ဆူး. . မဟုတ်ဘူး. . မင်း ဘယ်တော့မှမသေရဘူး. . ငါ့ဘဝထဲမှာ မင်းဟာ အမြဲတမ်းရှင်သန်နေတဲ့သူ. . ."

အာရုံဇုံ အော်ဟစ်ပြီး ပြောနေမိလေသည်။

"ဇုံ. . ဆူးရှိတဲ့နေရာကို လိုက်ခဲ့မယ်မဟုတ်လား. . ."

"ဆူး. . ဘယ်မှာလဲ. . ဇုံ လိုက်ခဲ့မယ်. . ."

"ဇုံလိုက်ခဲ့မယ်ဆိုရင်. . ဟို ကုန်းမို့မို့လေးမှာပေါက်နေတဲ့



www.burmeseclassic.com

www.burmeseclassic.com



စကားဝါပင်လေးဆီကို လာခဲ့ပါ. . ဆူး စောင့်နေမယ်"

"ဆူး. . ဆူး. . ."

ဆူးထံမှ ဘာစကားသံကိုမှ မကြားရတော့ပေ. . ပြတင်းပေါက်အပြင်ဘက်ကို ထွက်ပြီးကြည့်ပေမယ့် ဘာအရိပ်အယောင်မှ မတွေ့ရဘဲ ငှက်ကလေးတစ်ကောင် ပျံသန်းနေတာကို တွေ့မြင်လိုက်ရသည်။

"ဆူး. . ငါလာခဲ့မယ်. . ငါ့ကို စောင့်ပါဦး. . ."

အာရုံဇုံ အိမ်အပြင်သို့ ပြေးထွက်ပြီး တောင်ကုန်းမို့မို့လေးဆီသို့ ပြေးတက်ခဲ့လေသည်။

စကားဝါပင်လေးသို့ ရောက်ခဲ့ပေမယ့် ဆူးကိုမတွေ့သဖြင့်. . .

"ဆူးရေ. . ဆူး. . ငါရောက်လာပြီ. . ငါ့ကိုထွက်ပြီး တွေ့ပါဦး. . ဆူးရယ်. . ဟင်. . ."

စကားဝါပင်လေး နောက်ကွယ်ကလှမ်းပြီးတွေ့လိုက်ရသော အုတ်ဂူဖြူဖြူလေးကြောင့် ဇုံ သွားပြီးကြည့်တော့. . သူ့မျက်လုံးကို မယုံနိုင်အောင်ပင် ဖြစ်သွားလေသည်။

မေဝတီဆူး

အသက်(၂၅)နှစ်

"ဆူး. . ဆူး. . ဆူး. . ."

ဇုံရဲ့ရင်ထဲမှ ထွက်ပေါ်လာသော အသံလှိုင်းတို့သည်





ကမ္ဘာကြီးပြိုကွဲမတတ်ပင်ရှိနေလေသည်။

"အာရုံ"

"ဟင်. . မင်း. ."

အာရုံဇုံ သူ့ဘေးဘက်သို့ကြည့်လိုက်တော့ အုတ်ဂူဖြူလေးရော စကားဝါပင်ကြီးရော မတွေ့ရဘဲ. . ညီမလေး၊ ရည်စူးတွယ်တာ၊ ရဲလေး၊ ဦးလေးမြတ်မိုးတို့ကိုသာ တွေ့လိုက်ရသည်။

"ဆူး. . ဆူးရော. . ."

ရည်စူးတွယ်တာ ဘာမှမပြောဘဲ မျက်နှာလွှဲနေလေသည်။

"သိရှိသိမလေးရယ်. . ပြောပါကွာ၊ ဦးလေးမြတ်ရဲလေး"

"ဟို. . ဟို. . ."

"ကဲပါကွာ. . ဒီကောင်ကြီးကို စိတ်မကောင်းအောင်လုပ်မနေပါနဲ့၊ တော်ကြာရူးသွားမှဖြင့် အပြစ်မကင်းဖြစ်နေဦးမယ်"

"တကယ်ထဲ ဖြစ်နေလိုက်တာ. . ပြောကိုမပြောချင်ဘူး မမဆူးရေ. . ထွက်ခဲ့တော့. . ကြာရင် စိတ်ကျန်းမာရေးဆေးရုံကို ပို့ရတော့မယ်. . ."

"ကိုကို. ."

"ဆူး. . မသေဘူးနော်. . ."

"မသေပါဘူး ကိုကိုရယ်. . သေနတ်ကျည်ဆံက ရင်ဘတ်



www.burmeseclassic.com

www.burmeseclassic.com



ကိုရှုပ်ပြီးမှန်သွားတာပါ. . . "

"မဆိုင်သူတွေ အပြင်ကိုထွက်ကြဟေ့. . . "

ဦးလေးမြတ်စကားကြောင့် ပြုံးစစနှင့် ထွက်ခဲ့ကြသည်။

"ဆူးရယ်. . ကိုကိုဖြင့်မြန်မြန် မဆုံရတော့ဘူးကို ထင်နေတာ. . . "

"စစ်မှန်တဲ့ချစ်ခြင်းကြောင့် ကောင်းသောနတ်မင်းကြီးတွေက ဆူးနဲ့ကိုကို့ကို ခွဲမသွားကြပါဘူး. . ပြီးတော့. . ဆူးနှလုံးသားထဲမှာ ကိုကို့အတွက် ဥပေက္ခာလူတစ်ယောက်မဖြစ်စေရဘူး. . သိလား. . . "

"ကိုကိုလည်း ဆူးလိုပါပဲ. . . "

"သွားပါ. . အပိုတွေ. . အို. . ကိုကိုနော်. . အပြင် မှာ"

"ဘာဖြစ်လဲ. . ကိုယ့်ချစ်သူကိုယ်ဖက်တာ ဘယ်သူကိုမှ ဂရုမစိုက်နိုင်ပေါင်. . . "

ဆူးရဲ့ကိုယ်လေး ဖွံ့ရင်ခွင်ထဲသို့ တိုးဝှေ့ရောက်ရှိသွားခဲ့လေပြီ. . . ။

**ရွှေဘဝင်**

ပရိသတ်အားပေးမှုကို အစဉ်လေးစားလျက်

BURMESE CLASSIC

www.burmeseclassic.com